www.burmeseclassic.com

မိတ်ဆွေသစ်စာပေ

# မောင်ညိုမှိုင်း (သန့်လျှင်)

## ထူးဆန်းသော ရေမှန်ဗေဒင်ဆရာကြီး

အပါအဝင်

## ဂမ္ဘီရဝတ္ထုတိုများ



မောင်ညိုမှိုင်း (သန့်လျှင်)
မိုးကျူငရွာကိုယ်
လေးဟောင်
သီဟထိပ်တင်ဝေ
နတ်ရှုဦး

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


NEW IDEA

စိတ်ကူးသစ်စာပေ



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၇၄၃၁၂၀၉
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၂၄၀၂၁၀

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ ၂၀၁၀၊ ဇူလိုင်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ
နော်ဆဲနေမူး (ရှာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း။
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း။
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၂၀၀ကျပ်

၈၀၈ . ၈၃
ညိုမှိုင်း၊ မောင်(သန်လျင်)
ထူးဆန်းသောရေမှန်ပေဒင်ဆရာကြီး အပါအဝင်ကဗ္ဗိရဝတ္ထုတိုများ /
မောင်ညိုမှိုင်း(သန်လျင်)။ - ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၀။
၁၉၅-စာ ၊ ၁၂စင်တီ x ၁၈စင်တီ။
(၁) ထူးဆန်းသောရေမှန်ပေဒင်ဆရာကြီးအပါအဝင်ကဗ္ဗိရဝတ္ထုတိုများ

## မာတိကာ

| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ထူးဆန်းသော ရေမှန်ပေဒင်ဆရာကြီး<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | လူမိုက်ဂုံကောင်းနှင့် မနသဿတောဝါ<br>*မိုးကျွေးရွှေကိုယ်* | ၃၅ |
| ၃။ | တောတို့၏ အန္တရာယ်<br>*လေးမောင်* | ၇၄ |
| ၄။ | ဘုရားမကွယ်စေချင်ပါ<br>*သီတာထိပ်တင်စော* | ၁၂၉ |
| ၅။ | လူခြောက်ယောက်နှင့် ခွေးခြောက်ကောင်<br>*နတ်လူဦး* | ၁၆၇ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## (၁)

❑

ကျွန်ုပ်သည် ဗေဒင်ဆရာ လက္ခဏာဆရာ မနောအပြော အဟောပညာရှင် နတ်ဝင်သည်ဆိုသူများကို စိတ်ဝင်စားလှေ့မရှိပါ။

မှန်ရာပြောရလျှင် ...

ယုံကြည်ကိုးစား အလေးထားမှု သိပ်မရှိပါ။

ဘာသိဘာသာ နေလေ့ရှိ၏။ ကျွန်ုပ်၏ စီးပွားဖက် အသိမိတ်ဆွေ လုပ်ငန်းရှင်ကြီးများကမူ ၎င်းဆရာ ပညာရှင်များကို အလေးအနက်ထားလေ့ရှိကြ၏။

ဘာပစ္စည်းရောင်းချရမည်ကို ၎င်းပညာရှင်ဆိုသူ ဆရာများနှင့်တိုင်ပင်၍ လမ်းညွှန်မှုကိုခံယူပြီး လုပ်ကိုင်လေ့ရှိကြ၏။





ယုတ်စွအဆုံး ...

ကုမ္ပဏီ၏အမည်၊ ဆိုင်းဘုတ်တင်ရမည့် နေ့ရက်အချိန်၊ ဆောင်ရမည့်လုပ်ငန်း၊ သံရိုက်ရမည့်သူ ကြိုးဆွဲရမည့်သူကအစ၊ ဘယ်နေ့သွား၊ ဘယ်ထောင့်မှာ ရပ်ရကိုင်ရမည်ကအစ ၎င်းဆရာများ လမ်းညွှန်သည့်အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်လေ့ရှိရ၏။

ကုန်ပစ္စည်း၊ ဈေးကွက်သို့ ဖြန့်ချိမည့်နေ့၊ နိုင်ငံရပ်ခြားသို့ ပို့မည့်နေ့နှင့် အချိန်ကိုပင် ရက်ရာဇာလား၊ ပြဿဒါးလား ဝါရမိတ္တုလား မေး၍ဖြန့်ချိ၏။

နဂါးလှည့်ကို မေးကြသေး၏။

သူရဿ၊ ဘောမ၊ ဗုဒ္ဓ၊ သောရီ သောကြစသည့် 'အခါ'များကို မေး၍ စီရင်ဆောင်ရွက်ကြ၏။

ကျွန်ုပ်သည်လည်း အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်၏။

ကျွန်ုပ် မြန်မာလူမျိုးစစ်စစ်တစ်ဦး ဖြစ်၏။

ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်၏။

ဘုရား ... တရား ... သံဃာ ရတနာသုံးပါးကို အကြွင်းမဲ့ယုံကြည်၏။

မိဘဆရာသမားများကို လေးစားကိုးစား၏။

ကံသုံးပါးဖြစ်သော ကာယကံအမှု၊ ဝစီကံအမှု၊ မနောကံအမှုကို ကျူးလွန်ပြစ်မှားခဲ၏။

ဗုဒ္ဓဘာသာဝင်ပီပီ ... ပဉ္စသီလ ခေါ် ငါးပါးသီလကို ယုံကြည်စွာ စောင့်ထိန်း၏။

သို့ဖြစ်၍ ကျွန်ုပ်၏ တိုက်အိမ်ပေါ်မှာ ဘုရားစင်တစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



[illegible]ခင်မရှိ ဘိုးတော်များမရှိ။

မှီးရာနတ်များကို ဝါဝင်ဝါထွက်မပြောက်။

ရေနံ့ပိုင်ဦးရှင်ကြီးလည်း လုံးဝမထင်။ ဗုဒ္ဓဘုရား ဟောကြားတော်မူသော ကံ ... ကံ၏ အကျိုးအပြစ်ကိုမှ ယုံကြည်၏။ သံသရာသည်[illegible]ည်း အခြေခံမူလအကြောင်းရင်းကို လက်ခံပါ၏။

အစွဲအလမ်းကြောင့် သေပြီးနောက်တစ်ဖန် (၃၁)ဘုံမှာ ကျင်လည်ရခြင်းကို လက်ခံပါ၏။

သို့သော် ...

တစ္ဆေသရဲ ဖုတ်ပြိတ္တာများကို ကြောက်လည်းမကြောက်၊ မြင်လည်းမမြင်ဘူး။ အဲဒီဘဝမျိုးသေပြီးနောက် ကိုယ်ကိုယ်တိုင် အပါယ်လေးဘုံသား၊ ငရဲတိရစ္ဆာန်ပြိတ္တာ အသူရကာယ်ဘဝသို့ မရောက်ရအောင် ဗုဒ္ဓ၏ကြား[illegible]ချက်နှင့်အညီ ...

အစဉ်အရာရာ သတိ၊ အသိနှင့် လုပ်ကိုင်၏။

ဘုရား တရား သံဃာကို ယုံကြည်ကိုးကွယ်သော ကျွန်ုပ်လည်း အကျိုးစီးပွားဖြစ်၍ လှူနိုင်တန်းနိုင်ပြီး ဇနီးမယား၊ သားသမီး တပည့်လက်သား အခြွေအရံများနှင့် တင့်တောင့်တင့်တယ် ဂုဏ်သရေရှိစွာ နေနိုင်၏။

ကျွန်ုပ်၏ အသိမိတ်ဆွေ၊ စီးပွားရေးသမားများလည်း သူတို့ယုံကြည်မှု၊ သူတို့လှုပ်ရှားမှုများနှင့် [illegible]နည်းသူ့ဟန် အလုပ်ဖြစ်ကြသည်ကိုလည်း မြင်နေရပါ၏။

သူတို့က ကျွန်ုပ်ကို သူတို့ယုံကြည်ကိုးကွယ်အားထားမှု လမ်းကြောင်းပေါ်သို့ ဆွဲခေါ်၏။

ကျွန်ုပ်ကား ကိုယ့်လမ်းကြောင်းနှင့်ကိုယ်နေပြီး သူတို့လမ်း





ကြောင်းပေါ်မှာခြေချ၍ အပြိုင်မကခဲ့။

သို့သော် ...

မိတ်ဆွေများက လေ့လာရန်လိုက်ခဲ့ပါဟုခေါ်၍ သူတို့ဆည်းကပ်ကိုးကွယ်အလေးထားရာ ...

ပေဒင်ဆရာကြီးများ ...

မနောပညာရှင်များ ...

နတ်ဝင်သည်လို မိန်းမကြီးများ ...

ဝိဇ္ဇာလိုလို၊ ဘိုးတော်လိုလို၊ ဆာဒူးလိုလို၊ ဖကီးရိုလို ပုဂ္ဂိုလ်များဆီသို့ ကျွန်ုပ်ရောက်ရှိခဲ့ပြီး သူတို့ပြောဟော စီရင်သည်များကို အနီးကပ်လေ့လာ သိရှိခဲ့ရသည်တော့ ရှိ၏။

ဒါပေသည့် ...

ယုံကြည်မှု မရှိခဲ့၊ စွဲလမ်းမှု မရှိခဲ့။

အကြောင်းကံများ ဆိုင်ချင်တော့ ...

တစ်နေ့သောအခါ ကျွန်ုပ်သည် အဖိုးတန်ပစ္စည်း ရုတ်တရက်ပျောက်ဆုံးမှုနှင့် စပ်လျဉ်း၍ စိတ်ဝင်စားဖွယ် ဖြစ်ရပ်ဆန်းတစ်ခုကို ကိုယ်တိုင်မျက်မြင် ကြုံခဲ့ရလေသည်။

စိတ်ဝင်စားဖွယ် ...

အံ့ဖွယ်ဟုပင် ပြောချင်ပါသည်။

စာဖတ်သူမိတ်ဆွေများကိုယ်တိုင် စွဲစွဲလမ်းလမ်း ယုံကြည်အားကိုးကြပါဟု ကျွန်ုပ်လုံးဝ မတိုက်တွန်းလိုပါ။

www.burmeseclassic.com

www.burmeseclassic.com

## (၂)



ဖြစ်ပုံက ဒီလိုပါခင်ဗျာ ...

ကျွန်ုပ်သည် ( .....)လမ်းမှာ သုံးထပ်တိုက်နှင့်နေ၏။ အလုပ်စခန်းကို စီးပွားရေးဖုန်မှာတည်ထားပြီး ဝန်ထမ်းလုပ်သား တစ်ရာခန့်နှင့် လုပ်ငန်းစီးပွားကို လုပ်ကိုင်နေ၏။

အိမ်မှာ ဇနီးမထားပွင့်၊ သမီးချယ်ရီအောင်၊ သားရွှေကိုဝင်း၊ သမီးနွယ်ရီအောင်တို့ အနီးကပ်ရှိကြ၏။

ပြီး ...

အိမ်၏ဘဏ္ဍာစိုး ဦးကျော်မြ ရှိ၏။





အိမ်ဖော်မလေး အဝင်းက အိမ်သန့်ရှင်းရေးကိစ္စများကို ဆောင်ရွက်ရပြီး ဒေါ်မြနှင့်မခွေးမတို့က မီးဖိုဆောင်ချက်ပြုတ်ရေးကိစ္စများကို လုပ်ကိုင်ရ၏။

ပြီး ...ဒရိုင်ဘာ မောင်သောင်းဖေက ကျွန်ုပ်၏ လင့်ခ်ရှုဇာကားကိုမောင်းရပြီး ဒရိုင်ဘာကိုအောင်မြိုင်က ဇနီးနှင့်သား သမီးများ ဈေးသွားကျောင်းသွားအတွက် ပါဂျဲရိုးကားကို မောင်းရ၏။

သားရွှေကိုဝင်းက ဟွန်ဒါဆိုင်ကယ်နှင့် အသွားအလာများ၏။

ကျွန်ုပ်သည် အိမ်၏အောက်ထပ်ဧည့်ခန်းကို ရုံးခန်းသဘောမျိုးလုပ်ထားပြီး လိုအပ်လျှင် ဤအိမ်ရုံးခန်းမှ တယ်လီဖုန်းနှင့်စက်မှုဇုန်ရှိ မန်နေဂျာများကို ဆက်သွယ်တာဝန်များပေးရ၏။

ကျွန်ုပ်၏ အိမ်ရုံးခန်းအတွင်းမှာ ငွေစက္ကူများ၊ အမှာစာများ၊ ပစ္စည်းနမူနာများ၊ စာရွက်စာတမ်းဖိုင်များနှင့်အတူ အလုပ်ရှုပ်နေရကား..

အမျိုးသမီး အတွင်းရေးမှူးမလေး မချိုချိုစီကို ကိုယ်ရေးအတွင်းရေးမှူးခန့်ထားရ၏။

ကျွန်ုပ်၏ ရုံးခန်းအတွင်းသို့ ဇနီးလည်း ဝင်လာလေ့ရှိသလို၊ သမီးများနှင့်သားလည်း မကြာခဏ ဝင်လာလေ့ရှိ၏။

ငွေလို၍ ပြောသည်လည်းရှိ၏။

ပစ္စည်းမှုဆာလို၍ ပြောသည်လည်းရှိ၏။

ဧည့်သည်ရောက်၍ ပြောသည်လည်းရှိ၏။

ဘာယ်လိုနေသလဲ သိချင်၍ ဝင်လာသည်လည်းရှိ၏။

ဒီနေ့ ဘာဟင်းနှင့်စားချင်လည်းဟု မေးလို၍လည်း ဇနီး၊ သားသမီးများနှင့် အိမ်ဖော်များ မန်နေဂျာများပါ မကြာခဏ ဝင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိ၏။

ကျွန်ုပ်၏ အတွင်းရေးမှူးမလေးကား ကွန်ပျူတာများနှင့် စာရင်းအသားများကို စိတ်ဝင်စားစွာ လုပ်နေလေ့ရှိပြီး ကျွန်ုပ်အလုပ်ရှင် သူဌေးကို ရောခြင်းနှောခြင်းမရှိ။

သားလုပ်သူ ရွှေကိုဝင်းကသာ အတွင်းရေးမှူးမလေး ချော မောလှပလွန်း၍ ရမယ်အမျိုးမျိုးရှာပြီး ဝင်လာလေ့ရှိ၏။

ပြောရလျှင် ကျွန်ုပ်၏သား ရွှေကိုဝင်းသည် အသုံးအဖြုန်း ကြီး၏။ အစားအသောက်ကြမ်း၏။ အသောက်အစားရှိ၏။ ဟိုတယ် မိုတယ်နှင့် တေးဂီတစတီတ်ရှိုးများကို စိတ်ဝင်စားပြီး ပျော်ပါးလေ့ရှိ ၏။

ရည်းစားများပြီး အသုံးအဖြုန်းလက်ဖွာ၍ ကျွန်ုပ်၏အတွင်း ရေးမှူးမလေး ချိုချိုစိက သားလုပ်သူကို လုံးဝစိတ်မဝင်စား။

ခုတလော ...

ကျွန်ုပ်၏ရုံးခန်းမှငွေများ မကြာခဏ လျော့နေလေ့ရှိ၏။ သောင်း ဂဏန်းမှ သိန်းဂဏန်းအထိ လျော့လျော့နေ၏။

ကျွန်ုပ်ကား ဖနီးသားသမီးများကိုချစ်ပြီး အလိုလိုက်အကြိုက် ဆောင်လေ့ရှိသဖြင့် ...

'အဖေ သားမုန့်ဖိုးယူသွားတယ်' ဟုပြောပြီး စားပွဲပေါ်မှ ငွေစက္ကူများကို ယူသွားသည့်တိုင် မည်မျှယူသွားသည်ကို မေးရကောင်း မှန်းမသိ။

သမီးနှစ်ဦးလည်း ထို့နည်းအတိုင်းဖြစ်၏။

သို့သော် ကျွန်ုပ်စားပွဲအံ့ဆွဲထဲမှ ငွေများကား သူတို့သုံးတိုင်း လျော့သွားသည်မရှိ။





ညနေရောက်လျှင် မန်နေဂျာများက ငွေစက္ကူထုပ်ကြီးများကို လက်ဆွဲအိတ်ကြီးများနှင့် လာပို့နေကြ၏။

အချို့ကို ဗီရိုမှာထည့်၍ သော့ခတ်သိမ်းထားပြီး၊ အရေးပေါ် လိုငွေများအတွက် (၅)သိန်းမှ (၁၀)သိန်းအထိကို စားပွဲပေါ် အံ့ဆွဲထဲ မှာ ထည့်ထားလေ့ရှိ၏။

ကျွန်ုပ်အပြင်သွားနေတုန်း ငွေလိုအပ်၍လာပြောလျှင် အတွင်း ရေးမှူးမလေး မချိုချိုစိကို လက်မှတ်ထိုးမှတ်တမ်းတင်၍ ပေးလိုက်ရန် သာမှာထားရ၏။

ခြွင်းချက်အနေဖြင့်ကား ...

သားသမီးသုံးဦး အရေးပေါ်ဝင်လာပြီး ကျွန်မပိုက်ဆံအသုံး လိုလို့ ဘယ်မျှယူသွားတယ်ဆိုသည့်စကားကိုမူ

လက်မှတ်ထိုးစရာမလိုဘဲ ယူချင်သလို ယူခွင့်ပြုထားမိသည် ကား ...

ကျွန်ုပ်၏ သားသမီးအပေါ် အချိန်[illegible]။

အပြစ်လားဆိုသည်ကိုမူ ဆန်းစစ်ဖို့ အချိန်မရခဲ့။

တစ်နေ့ ...

ကျွန်ုပ် နိုင်ငံခြားမှ ကုန်ပစ္စည်းအမှာလွှာများကိုဖတ်ရှုပြီး စက်ရုံမှာ မည်မျှအရေအတွက်ရှိနေသည်ကိုမေးမြန်းကာ ပို့ရမည့်နိုင်ငံ များရဲ့ လိုအပ်သော အမှာကုန်များကို တွက်ချက်နေစဉ် ...

ကျွန်ုပ်၏ စိန်လက်စွပ်ဝတ်ထားသော ဘယ်လက်သူကြွယ်သည် လွန်စွာယားယံ၍ လာခဲ့လေ၏။ ပထမ ကျွန်ုပ်က လက်စွပ်ကိုလှည့်ပြီး ပေး၏။ ပြီး ... စာရင်းများကို ကွန်ပျူတာနှင့်စာရင်းတိုက်နေခြင်း၏။

သို့သော် လက်သူကြွယ်က လွန်စွာယားယံ၍လာနေရကား



www.burmeseclassic.com

www.burmeseclassic.com



ဈေးဟုဝိုင်းဖြတ်ပြီး စိန်လက်စွပ်ကို ကပျာကယာချွတ်၍ စာရေးစားပွဲပေါ်ရှိ စီးကရက်(ဆေးလိပ်)ချွေသော ဖန်ပန်းကန်ပြားထဲသို့ ထည့်ထားလိုက်၏။

သည့်နောက် ကွန်ပျူတာပေါ်ရှိ စာရင်းကိုကြည့်လိုက် အမှာစာနှင့်တိုက်လိုက် အလုပ်ရှုပ်နေစဉ် ...

တယ်လီဖုန်းအသံမြည်လာ၍ ကောက်ကိုင်လိုက်သည်။

“ဟဲလို အမိန့်ရှိပါ။ ဦးရွှေဘဏ်ပါခင်ဗျာ”

“သူဌေး ... ကျွန်တော်ပါ၊ မန်နေဂျာ စိုးမြင့်ပါ”

“ဪ .. ကိုစိုးမြင့် ပြော ...”

“သူဌေး ... နယ်က ပဲတီစိမ်း ကားကြီးဆယ်စီးတိုက်ဝင်လာပါတယ်ခင်ဗျ။ အရည်အသွေးပေါ်မူတည်ပြီး ကျွန်တော်တို့ ရာဖြတ်ဈေးကို ရောင်းသူဘက်က လက်မခံလို့ အဲဒါ သူဌေးနဲ့မျက်နှာချင်းဆိုင်ဈေးဖြတ်ညှိနှိုင်းချင်ပါသတဲ့။ သူဌေးဆန္ဒ ဘယ်လိုရှိပါသလဲ ခင်ဗျ”

“ကားဘယ်နှစ်စီးလဲ ကိုစိုးမြင့်”

“ဆယ်စီးသူဌေး”

“ကျုပ် အခုပဲလာခဲ့မယ်၊ စောင့်နေကြပါလို့ပြောပါ”

“ဟုတ်ကဲ့ ခင်ဗျ”

ပဲတီစိမ်းကားဆယ်စီးတိုက်ဆိုလျှင် တန်ချိန်မနည်း။ မှာနေသည့်နိုင်ငံများကလည်း အရည်အသွေးမြင့် ပဲတီစိမ်းတန်ချိန် နှစ်သောင်းကို ရနိုင်လျှင်လိုချင်သည်ဟု ဆိုနေပြီ။

လုံးဝလက်လွှတ်လို့ မဖြစ်။

ဒီပေါ်မှာ မိမိရရှိမည့် အမြတ်အစွန်းသည်မနည်း။ သို့နှင့် ကျွန်ုပ်သည် အတွင်းရေးမှူးမလေးကို လိုအပ်သည်များမှာကြားပြီး ကျွန်ုပ်





ဓါတ်ကားနှင့် လုပ်ငန်းကုန်လှောင်ရုံများရှိရာ စက်မှုဇုန်သို့ အမြန်ထွက်လာခဲ့လိုက်တော့သည်။

တစ်နာရီခန့်မောင်းလာပြီး ကုန်လှောင်ရုံပွဲရုံသို့ ရောက်ရှိခဲ့၏။ သည့်နောက် နယ်အရောင်းသမား ပဲကုန်သည်များနှင့် ပဲတီစိမ်းအရည်အသွေးများကိုစစ်ဆေးပြီး ဈေးနှုန်းကိုညှိနှိုင်း၍ အဆင်ပြေသွားခဲ့သည်။

“ကိုစိုးမြင့်”

“ခင်ဗျာ သူဌေး”

“အမှန်အမှား ခဲသလဲ သန့်စင်ပါ။ အစိုဓာတ်သွေ့အောင် ဆောင်ရွက်ပါ။ ပြီးရင် တန်ချိန်နှစ်သောင်းထုပ်ပိုးပြီး ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယနိုင်ငံကိုပို့ပေးဖို့ ကွန်တိန်နာတွေနဲ့ အသင့်အမြန် စီစဉ်လိုက်ပါ”

“ဟုတ်ကဲ့ သူဌေး”

သည့်နောက် ကျွန်ုပ် အိမ်သို့ပြန်လာလိုက်သည်။ အမှာနိုင်ငံများသို့ လူကြီးမင်းများ မှာကြားထားသည့် ကုန်ပစ္စည်းအရေအတွက်အတိုင်း ဘယ်နေ့အရောက်ပို့မည့်အကြောင်း အင်တာနက်မှ အချိန်မီအကြောင်းကြားရန် အိမ်ရုံးခန်းမှာ စီစဉ်ရသေးသည်။

ဒီမှာ လက်စွပ်ကို ပြန်သတိရလိုက်သောအခါ ...

www.burmeseclassic.com

www.burmeseclassic.com

## (၃)

❑

သိန်း (၃၀)ကျော်တန်သော စိန်လက်စွပ် ... မနက်တုန်းက အလျှင်စလိုထည့်ခဲ့သော ဆေးလိပ်ပန်းကန်ပြားထဲမှာ မရှိတော့။

ကျွန်ုပ် စားပွဲပေါ်မှာ အနှံ့လိုက်ရှာသည်။

မရှိ။

စာရေးစားပွဲ အံဆွဲများကိုဖွင့်၍ရှာသည် မတွေ့။

"မချို"

"ရှင် ... အန်ကယ်လ်"

"မနက်တုန်းက ဒီအခန်းထဲကို ဘယ်သူဝင်လာသေးလဲ"





"မနက် (၁၀)နာရီက အန်ကယ့်(လ်)သား ကိုရွှေကိုဝင်း ဝင်လာပြီး ပိုက်ဆံရှာတယ်။ (၁၀)နာရီခွဲမှာ မမကြီးဝင်လာပြီး ရှာဖွေတယ်။ (၁၁)နာရီမှာ မမလေးဝင်လာတယ်။ (၁၁)နာရီခွဲမှာ အန်တီဝင်လာပြီး အံဆွဲတွေဖွင့်ကြည့်တယ်။ (၁၂)နာရီမှာ စာရေးကြီး ဦးသိန်းမင်း နဲ့ စားရေးလေး ကိုခင်ထွန်းတို့ ပြီးခဲ့တဲ့ပို့ကုန်လချုပ် စာရင်းစာရွက် ခဏတောင်းတာနဲ့ ကျွန်မဗိုင်ထဲက ထုတ်ပေးလိုက်ပါတယ် အန်ကယ်(လ်)။ နောက်ဆုံးဝင်လာတာက အိမ်သန့်ရှင်းရေးလုပ်တဲ့ အဝင်း။ အဝင်း (၁၅)မိနစ် သန့်ရှင်းရေးလုပ်ပြီး ပြန်ထွက်သွားပါတယ်ရှင့်"

အတွင်းရေးမှူးမလေးက မှတ်စုစာအုပ်ကိုဖွင့်၍ ကျွန်ုပ်ရုံးခန်းသို့ ဝင်ရောက်လာသူများရဲ့ အချိန်နာရီများကို အတိအကျ ပြန်ပြောပြလေ၏။

"မချို"

"ရှင် ... အန်ကယ်လ်"

"ဒီစားပွဲဆေးလိပ်ခွက်ထဲက ပစ္စည်းတစ်ခုများ မတွေ့မိဘူးလား မချို"

"ဘာပစ္စည်းများလဲ အန်ကယ်(လ်)"

"မနက်တုန်းက အန်ကယ်(လ်) ဒီဆေးလိပ်ခွက်ထဲကို စိန်လက်စွပ်ချွတ်ပြီး ထည့်ထားမိတယ်"

"ရှင်"

"အလုပ်အရေးကြီးလို့ မေ့ပြီးထွက်သွားမိတယ်။ အခု ပြန်လာတော့ စိန်လက်စွပ်မတွေ့ရဘူး"

"အန်ကယ်(လ်) ဝင်လာသူအားလုံးကို ခေါ်မေးကြည့်ပါဦးလားရှင့်။ အန်ကယ့်(လ်)မိသားစုထဲက တစ်ယောက်ယောက်တွေ့လို့ သိမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားရော့သလား"

"အေး ... ဒါလည်း ဟုတ်တယ်"

သို့နှင့် အိမ်အပေါ်ထပ်သို့ တက်လာလိုက်ပြီး ဗီဒီယိုကြည့်နေသည့် ဖနီးသည်ကို အလျင်မေးလိုက်ရတော့သည်။

"ထား"

"ဘာလဲမောင်"

"မနက်ကထား မောင့်ရုံးခန်းထဲဝင်လာသေးဆို"

"ဟုတ်တယ်မောင် ... မောင်ဘာဟင်းနဲ့စားချင်လဲ မေးမလို့လေ။ မောင်အလုပ်ရုံကို သွားတယ်ဆို"

"ဟုတ်တယ် ... ဒါနဲ့ထား မောင့်ဆေးလိပ်ခွက်ထဲက ပစ္စည်းတစ်ခုများ ထားသိမ်းထားလိုက်သေးလားဟင်"

"ဘာပစ္စည်းလဲ မောင်"

"မောင့်စိန်လက်စွပ်"

"ဟင် ... စိန်လက်စွပ်၊ ထားမတွေ့မိပါဘူးမောင်ရယ်။ မောင်ကလည်း ဘာလို့အဖိုးတန်စိန်လက်စွပ်ကို အဲဒီလို ပစ်စလက်ခတ်ထားခဲ့ရတာတုံး"

"လက်ယားလွန်းလို့ ခဏချွတ်ထားရင်း မေ့သွားတာ။ မင်းမတွေ့ရင် မင်းသမီးနှစ်ယောက်နဲ့ မင်းသားများတွေ့လို့ သိမ်းသွားရော့သလား မသိဘူး။ သူတို့ဘယ်သွားကြလဲ"

"ထုံးစံအတိုင်းပဲလေ။ မောင့်အံဆွဲထဲက မိုက်ဆံတွေယူပြီး ဗိုလ်ချုပ်ဈေးပစ္စည်းဝယ်သူကဝယ်၊ ဇာတိတ်ရှိုးသွားသူကသွားပေါ့။ ဖုန်းဆက်မေးလိုက်ပါလား"

သို့နှင့် ဟမ်းဖုန်းနှင့် သုံးဦးစလုံးကို ချိတ်ဆက်ခေါ်၍ မေးမြန်း





လိုက်သောအခါ ...

သမီးနှစ်ဦးကလည်း စိန်လက်စွပ်ကို မတွေ့ပါ။ အသုံးလို၍ ငွေတစ်သိန်းသာ ယူသွားပါသည်ဟု ဆိုလေ၏။

သားလုပ်သူ ရွှေကိုဝင်းကလည်း ...

"သား ဘာမှမတွေ့ဘူး ဖေဖေ။ မိုက်ဆံငါးသောင်းပဲ ယူသွားတာ"

ဟုဆိုလေ၏။

"ဘယ်သူလာသေးသတုံးမောင်"

"ရုံးအုပ်ကြီးနဲ့ စာရေးကလေးရယ်၊ သန့်ရှင်းရေးလုပ်တဲ့ အဝင်းရယ် ဝင်လာတယ်တဲ့"

"နေဦး ... မိဝင်းကို အလျင်မေး။ ဒီကောင်မကလည်း ခြေဆော့လက်ဆော့ရှိတယ်။ သမီးတွေအခန်းထဲက ပစ္စည်းတွေလည်း ယူကိုင်လိုက်ကိုင်နဲ့ ခဏလေး ..."

မကြာခင် ...

ဖနီးသည်ထားနှင့်အတူ အိမ်ဖော်သန့်ရှင်းရေးလုပ်သူ အဝင်းတို့ ရောက်လာ၏။

"မိဝင်း"

"ရှင် မေမေကြီး"

"ငါမေးတာကို ညည်းမှန်တဲ့အတိုင်းဖြေ ... ကြားလား"

"ရှင်"

"ညည်းလည်း ငါ့အကြောင်းသိပါတယ် မိဝင်းရယ်။ ငါက သူတစ်ပါးအပေါ်ကောင်းရင် အန်ကျွေးတဲ့အိမ်ရှင်မပါ။ ငါ့အပေါ်မဟုတ်တာလုပ်လာရင်လည်း ဘယ်သူ့မျက်နှာမှမပေးဘူး သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် . . . ဘာ . . . ဘာဖြစ်လို့ပါလဲ မေမေကြီး"

အိမ်ဖော်မိဝင်းသည် ဇနီးသည်တော်ရဲ့မျက်နှာထိ မျက်နှာထား မာမာလေးသံကြောင့် လန့်ပြီးကြောင်နေရှာ၏။

"ညည်း . . . ညည်း အပေကြီးစားပွဲပေါ်က စိန်လက်စွပ်ကို တွေ့မိလား"

"ဟင့်အင်း . . . မတွေ့ဘူးမေမေကြီး။ သတိလည်း မထားမိဘူး။ အမှိုက်လှည်း၊ သန့်ရှင်းရေးလုပ်ပြီး ပြန်ထွက်ခဲ့ပါတယ် မေမေကြီး"

"ဟုတ်ရဲ့လား မိဝင်း"

"ဘုရားစူး၊ မိုးကြိုးပစ်ရစေရဲ့ မေမေကြီးရယ်။ ကျွန်မလုံးဝ သတိမထားမိပါဘူးရှင်"

"ငါ ရဲလက်ကိုအပ်ပြီး စစ်မေးလိုက်ရင် ညည်းထောင်ကျသွားမှာကို မကြောက်ဘူးလား"

"ကျွန်မမှုမယူတာ မသိတာ မေမေကြီးရဲ့ . . . အင့် ဟီး"

အိမ်ဖော်မလေး မိဝင်း ကြောက်လန့်၍ အသားဆတ်ဆတ်တုန်ကာ ချုံးပွဲချငိုတော့သည်။

ချော့မေးလည်း . . . ဟင့်အင်း . . .

ခြောက်မေးလည်း . . . . မယူဘူးချည်း မျက်ရည်လည်ရွဲနှင့် ပြောနေရကား နောက်ဆုံးလက်လျှော့လိုက်ပြီး စာရေးကြီးဦးသိန်းမင်းနှင့် စာရေးလေးကိုခင်ထွန်းတို့ကို ခေါ်ယူမေးမြန်းရတော့သည်။

သူတို့နှစ်ဦးကလည်း အတွင်းရေးမှူးလေး မချိုချိုစီယူသွားသည့် စာရင်းစာရွက်များကိုယူပြီး သူမရှေ့မှာပဲ ချက်ချင်းပြန်ခဲ့ပါသည် ဟု ဆိုကြလေ၏။

စိတ်ကူးသစ်စာပေ



ဤစာရေးနှစ်ဦးသည် ကျွန်ုပ်နှင့် လက်တွဲလုပ်ကိုင်လာခဲ့ကြသည်မှာ (၁၅)နှစ်ခန့်ရှိပြီဖြစ်၏။ တစ်ကြိမ်တစ်ခါမျှ ငွေကြေးကိစ္စ အလွဲသုံးစားမရှိ။ အရှုပ်အရှင်းမရှိ။ မချေးမငှား ဖလော်ဖလယ်လည်း မရှိ။ သူတို့ဝင်ငွေနှင့်သူတို့ ရပ်တည်နိုင်၏။

သူတို့ကလည်း 'အတွင်းရေးမှူးမလေး အသိပါသွားရော့'ဟု ဆိုကြပြန်သောအခါ . . .

နောက်ဆုံး ရုံးခန်းမှာ တစ်ယောက်တည်းရှိနေပြီး (၈)နာရီ အလုပ်လုပ်နေခွင့်ရသည့် အတွင်းရေးမှူးမလေး ချိုချိုစီပဲ ကျန်တော့၏။

မိန်းကလေးကား မိကောင်းဖခင်သားသမီးဖြစ်ပြီး စာရင်းကိုင်ဘွဲ့ရ ပညာတတ်တစ်ဦးလည်းဖြစ်၏။ ရည်းစားသနာလည်းမရှိ။ စိတ်အနေရိုးသားပြီး ရိုးရိုးယဉ်ယဉ် ဝတ်စားသွားလာနေထိုင်သူတစ်ဦး ဖြစ်၏။ သူမပြောတာလည်း ရှင်းပါသည်။ သည်ရုံးခန်းသို့ ဤလူဤလူများ ဝင်ထွက်လာခဲ့ကြသည်။ စိန်လက်စွပ် စားပွဲပေါ်မှာ ကျွန်ုပ်ရစ်ခဲ့သည်ကို သူမလည်းမသိ။ အကယ်၍ အန်ကယ်(လ်)ကသာ ဖုန်းဆက်ပြောခဲ့လျှင် စစ်ဆေးကြည့်ပြီး၊ ရှိလျှင် သိမ်းဆည်းထားမိမည်မှာ မုချပါဟုဆိုလာလေ၏။

စိတ်ညစ်ရပြီ . . .

ဟူး . . . ဘယ်လိုလုပ်ရမည်နည်း။

ရွှေနှင့်ကွပ်ထားသည့် စိန်လက်စွပ်က အကောင်းစား ဘရာဇီးစိန်။ တန်ဖိုးငွေ သိန်းသုံးဆယ်ပေးရ၏။

သို့နှင့် ဇနီးမောင်နှံနှစ်ဦး မည်သို့ဆောင်ရွက်ရမည်ကို တိုင်ပင်စဉ်းစားကြသောအခါ . . .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူတို့အားလုံးကို စောင့်ကြည့်ကြတာပေါ့ မောင်ရယ်။ မသေချာဘဲစွပ်စွဲလည်း မကောင်းဘူးလေ။ မသင်္ကာဖွယ်ရာ အခြေပျက်အနေပျက်တာတွေ့ရင် ရဲစခန်းအကြောင်းကြားပြီး ရဲစစ်စစ်လိုက်ရင် ပေါ်လာမှာပါ"

"အိမ်း ... ဒီလိုပဲလုပ်ရတော့မှာပေါ့ ထားရာ ... ဟူး"

## (၄)

❑

ဒီလိုနှင့် ဝန်ထမ်း၊ အလုပ်သမားလေးဦးရဲ့ အခြေအနေကို စောင့်ကြည့်ကြပါသော်လည်း ...

စာရေးကြီး၊ စာရေးလေး၊ အိမ်ဖော်မိဝင်းနှင့် အတွင်းရေးမှူး မိန်းကလေးတို့မှာ မည်သို့မျှ မှုဟန်မပျက်ကြ။ သူတို့အလုပ်ကိုသူတို့ လုပ်မြဲလုပ်စဉ်အတိုင်း ဆောင်ရွက်နေကြ၏။

သို့သော် ...

သူတို့အားလုံး မျက်နှာများပေါ်မှာ မရှိုးမနိုးအထင်ခံရ၍ စိတ်မကောင်းသည့်ဟန်နှင့် ဝမ်းနည်းရိပ် အနည်းငယ်စီတော့ သန်းနေကြ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီစိန်လက်စွပ်ကို ကြွက်ချီစရာအကြောင်းမရှိ။

ဒီအခန်းမှာ ဖြုတ်လိုအကောင်ပင် ကပ်လို့မရ။ နောက်ဆုံး ပစ္စည်းအပျောက်အရှနှင့် စပ်လျဉ်းပြီး အတွေ့အကြုံကြွယ်ဝသည့် မိတ်ဆွေဦးချစ်မွှယ်နှင့် ဦးဒီပါတို့ကို ဖွင့်ပြောတိုင်ပင်လိုက်သောအခါ ……

"ဒါများ ကိုရွှေဘဏ်ရာ ဖြစ်ဖြစ်ချင်းနေ့က ကျုပ်တို့ကိုပြောရင် ပြီးရောဥစ္စများ …"

"အေးလေဗျာ … အချိန်တွေ နှမြောစရာကိုရွှေဘဏ်ရယ်"

"လုပ်စမ်းပါဦးဗျာ၊ ဘယ်လိုလုပ်ရင် ရနိုင်မလဲဟင်"

"ဒီမှာ ခင်ဗျားက လူ့ခွစာဆိုတော့ ပြောရင်ယုံပါ့မလား မသိဘူး။ လက်ခံနိုင်ရင်တော့ ကောန်မုချ အကျိုးထူးမှာပဲဗျ"

"အကျိုးထူးရင်တော့ လက်ခံသင့် လက်ခံရမှာပေါ့ဗျာ။ ဘယ်လိုလုပ်ရမယ်ဆိုတာသာ အကြံပြုကြပါဗျာ"

"ဒီမှာကိုရွှေဘဏ် ကျုပ်တို့မှာ ကျုပ်တို့ယုံကြည်အားထားရတဲ့ ပညာရှင်ဆရာကြီး လူထူးဆန်းတစ်ယောက်ရှိတယ်ဗျ"

"နာမည်က ဘယ်လိုခေါ်သတုံးဗျာ"

"ဆရာကြီးနာမည်က 'ရေမှန်ဦးလက်ျာစိန်' တဲ့ဗျာ။ သာခေတ (….)ရပ်ကွက်မှာနေတာ"

"သူကဘယ်လိုများ သူ့ခိုးကို ဖော်ထုတ်ပေးနိုင်လို့တုံး ဦးချစ်မွှယ်"

"သူက ထူးဆန်းတယ်။ သူ့ခိုးကို ဖော်ထုတ်ပုံက အလွန်ဆန်းကြယ်တဲ့ ဂမ္ဘီရပညာဆန်းနဲ့ဗျ။ သူစီရင်ထားသည့် ကြေးဖလားခွက်ထဲက ရေမျက်နှာပြင်မှာ သူ့ခိုးရဲ့မျက်နှာကို အထင်အရှားပေါ်နေအောင် လုပ်ပြတာ"

---

စိတ်ကူးသစ်စာပေ



"ဟုတ်နိုင်ပါ့မလားဗျာ"

"ကျုပ်တို့ သုံးလေးကြိမ်လုပ်ပြီးပြီ။ ကျုပ်တို့ စက်ရုံပစ္စည်းခိုးတဲ့သူခိုး၊ သူစီရင်ပြတဲ့အတိုင်း တန်းမိဝန်ခံရတာပဲ။ ကုန်အောင်ပြောရရင် သူကသူ့ပညာပိုင်းနဲ့ ရဲစခန်းကိုတောင် သဲလွန်စရအောင် ဖော်ထုတ်ကူညီပေးလို့ အားလုံးရဲ့လေးစားရှိသေမှုကို ခံယူရရှိတဲ့ ရေမှန်ဆရာပညာရှင်ကြီးပဲ ကိုရွှေဘဏ်။ အရေးကြီးတာ ခင်ဗျားစိန်လက်စွပ်သူ့ခိုးကို ဖော်ထုတ်ဖို့ အဓိကမဟုတ်လား"

"လွဲနေရင် ဘယ်လိုလုပ်မလဲဗျာ။ ပြဿနာတက်ကုန်မှာပေါ့"

"လွဲခဲပါတယ် ကိုရွှေဘဏ်ရာ။ ခင်ဗျားလက်ခံယုံကြည် လုပ်ကြည့်ဖို့ပဲ အရေးကြီးတယ်"

"ဒါဆို လိုက်ပို့ဗျာ"

"စိတ်ချ၊ ခင်ဗျားလို လူ့ခွစာလူကန့်လန့်ကို ပညာရပ်ဆန်းအကြောင်း လက်ခံယုံကြည်အောင်စွမ်းဆောင်ပြီး ခင်ဗျားရဲ့ပစ္စည်းကို အလွယ်တကူပြန်ရအောင် လုပ်ပေးနိုင်သူဟာ ဆရာကြီး ဦးလက်ျာစိန်ပဲရှိတယ် ကိုရွှေဘဏ်ရာ။ ခင်ဗျား ပြောမယုံ ကြုံရင်သိပါလိမ့်မယ်။ လာဗျာ … ခုချက်ချင်း သွားကြစို့"

www.burmeseclassic.com

www.burmeseclassic.com

## (၃)

❑

ကျွန်တို့သုံးဦးနှင့်အတူ ဖေးသည့်ထားပါ ရေမှန်ဆရာကြီး ဦးလက်ျာစိန်အိမ်ရှိရာသို့ ရောက်ခဲ့ကြ၏။

ဆရာကြီးသည် အသက် (၇၀)ခန့်ရှိ၏။ အကျီအဖြူ၊ ပုဆိုးအဖြူကို ဝတ်ဆင်ထား၏။ သျှောင်တစောင်းနှင့်ဖြစ်ပြီး မျက်နှာမှာ ခန့်ခန့်သန့်သန့် လေးစားဖွယ်ရုပ်ရည်ဥပဓိရှိလေ၏။

ကျွန်ုပ်တို့ရှေ့မှ လူနှစ်ဦး၏ကိစ္စကို ရှင်းလင်းပြောဆိုဆောင်ရွက်ပြီးနောက် ကျွန်ုပ်တို့ဘက်လှည့်လေ၏။

"ဘယ်လိုအကြောင်းကိစ္စ ပေါ်လာလို့လဲ ဦးချစ်ဖွယ်"





"ဒီကမိတ်ဆွေ ဦးရွှေဘဏ်ကိစ္စပါ ဆရာကြီးခင်ဗျာ။ သူပြီးခဲ့သည့်သုံးရက်က အိမ်ကရုံးခန်းအတွင်း သိန်းသုံးဆယ်တန် စိန်လက်စွပ် ပျောက်သွားပါတယ်ခင်ဗျ။ ကိုရွှေဘဏ် ဆရာကြီးကို အသေးစိတ်ပြန်ပြောပြလိုက်ပါခင်ဗျာ"

ဒီမှာ ကျွန်ုပ်က စိန်လက်စွပ်ပျောက်ပုံနှင့် လက်စွပ်ပျောက်သည့်နေ့က ကျွန်ုပ်ရဲ့ရုံးခန်းသို့ အဝင်အထွက်ရှိသူများကို ပြောပြလိုက်သောအခါ ...

"အခု ဦးရွှေဘဏ်က စိန်လက်စွပ် ခိုးဝှက်ယူထားသူကို သိချင်တယ်ပေါ့"

"ဟုတ်ကဲ့ ခင်ဗျ"

"ဟောဒီကျုပ် ပညာပိုင်းနဲ့စီရင်ထားတဲ့ ကြေးဖလားရေခွက်ထဲကို ကိုရွှေဘဏ်ကိုယ်တိုင် အဓိဋ္ဌာန်ပြုပြီး ဘယ်လက်ကို ခဏစိမ်ထားရမယ်။ ရေအနည်ထိုင်သွားချိန်မှာ စိန်လက်စွပ်ခိုးသူရဲ့မျက်နှာ ရေမှန်မှာ ပေါ်လာလိမ့်မယ်။ ပေါ်လာရင် အဲဒီလူကိုသေပါစေ၊ ကားတိုက်ပါစေ၊ မြွေကိုက်ပါစေ စသည့် မကျိန်ရဘူး၊ မပြောရဘူးနော်"

"ပြောရင် ဘာဖြစ်မှာမို့လို့ပါလဲ ဆရာကြီး"

"ဒီရေမှန်က ပုံပေါ်ကမျက်နှာကိုကြည့်ပြီး ပြောလိုက်ရရင် ကျိန်စေလိုက်ရင် ရေမှန်မှာပုံပေါ်တဲ့လူ ကျိန်စေတဲ့အတိုင်း သွားဖြစ်ရော"

"ဟုတ်ရဲ့လား ဆရာကြီး"

"ကျုပ်ကိုယ်တွေ့မို့ ကြုံသတိပေးရတာပါ"

"ဒါဖြင့် ဘာလုပ်ရမလဲခင်ဗျ"

"ရေမှန်ပြင်ပေါ်မှာပေါ်လာတဲ့ ပြစ်မှုကျူးလွန်သူကို ကျော့မော့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ယူပြီး မေးမြန်းအစ်အောက်လိုက်ရင် သူဝန်ခံပါလိမ့်မယ်"

"အကယ်လို့များ လုံးဝဝန်မခံခဲ့ရင်ရော ဆရာကြီး"

"ကျုပ် လုံးဝဝန်ခံအောင် စီရင်ဆောင်ရွက်ပြီးသားပါ။ ခင်ဗျား ပစ္စည်းပြန်ရရင် သူ့ကိုခွင့်လွှတ်နိုင်ရင် ခွင့်လွှတ်ပါ။ ခွင့်မလွှတ်နိုင်ရင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းထံ အပ်နှံပြီး ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ပါ။ မှာချင်တာက ကိုယ်ထိလက်ရောက် မလုပ်ပါနဲ့။ ကိုယ်ထိလက်ရောက်လုပ်ခဲ့ရင် ကိုယ်လုပ်သည့်အတိုင်း သူ့မှာပြင်းထန်စွာခံစားရလိမ့်မယ်။ ကိုင်း ... ကျုပ်ပြောတာ သဘောပေါက်လက်ခံပါရဲ့လား"

"ဟုတ်ကဲ့ ... လက်ခံပါတယ် ဆရာကြီး"

"ကိုင်း ... ဒါဆို ရှေ့တိုး။ ကျုပ်တို့တရားခံပုံဖော်ကြစို့"

သည့်နောက် ရေမှုန်ဆရာကြီး ဦးလက်ျာစိန်က သူ့စိန်လက်စွပ်ဝတ်သည့်ဘယ်လက်ကို အလျှုံခံကြေးဖလားခန့်ရှိသည့် ရေခွက်ထဲသို့ နှစ်စိမ်စေ၏။ ပြီးပါးစပ်မှ တိုင်ဆိုပေး၏။

"ကျွန်ုပ်၏ စိန်လက်စွပ်ကို ...."

" .................ကို ...."

"ကျွန်ုပ်ကိုယ်တိုင် အလွဲသုံးစား မရိုးမသား မပြုခဲ့ပါ"

"ကျွန်ုပ်ကိုယ်တိုင် ..................."

"အမှန်တကယ် ပျောက်ဆုံးခဲ့ပါသည်"

"အမှန် ....................."

"ဤသစ္စာမှန်ကန်ပါက ကျွန်ုပ် စိန်လက်စွပ်ခိုးသူ၏ မျက်နှာရုပ်သည် ဤမှန်ရေပြင်၌ အထင်အရှား ပေါ်ပေါက်ပါစေသတည်း"

"ဤသစ္စာမှန်ကန်ပါက ..........."





အဓိဋ္ဌာန်ဆုံးသည်နှင့် ကျွန်ုပ်သည် ဘယ်လက်ကို ကြေးဖလား ရေခွက်ကြီးထဲသို့ နှစ်စိမ်ထားလိုက်၏။

ပထမရေသည် ရေခဲရေလို အေးစက်နေ၏။

မကြာခင်ရေသည် နွေးတေးတေးရှိလာ၏။

ထူးဆန်းပေစွ ...

နောက်ငါးမိနစ်ခန့်ကြာသောအခါ ရေသည် ပူလာသလိုခံစားရ၏။

"အေးလား ... ပူလား ... ဦးရွှေဘဏ်"

"ပူလာပါတယ် ဆရာကြီး"

"ပူလာရင် လက်ကိုပြန်ရုပ်လိုက်ပါ"

ကျွန်ုပ်လက်ကို ပြန်ရုပ်လိုက်ပြီး လက်ကိုင်ပဝါနှင့် သုတ်ပစ်နေစဉ် ဆရာကြီးဦးလက်ျာစိန်သည် ကြေးဖလားထဲက ရေမျက်နှာပြင်ကို သူ၏စူးရှသော မျက်လုံးအစုံ အတန်ကြာစူးစိုက်ကြည့်ပြီး ညို့နေသလို အာရုံပြုနေ၏။

(၁၀)မိနစ်ခန့်ကြာသော် ...

"ဦးရွှေဘဏ်"

"ခင်ဗျာ ... ဆရာကြီး"

"ခင်ဗျားကိုယ်တိုင် စိန်လက်စွပ်ခိုးသူရဲ့မျက်နှာကို လာကြည့်လှည့်"

ကျွန်ုပ်သည် ဆရာကြီး ဦးလက်ျာစိန်ရဲ့ စကားဆုံးသည်နှင့် ကြေးဖလားဇရေမျက်နှာပြင်သားကို ငုံ့ကြည့်စိုက်ကြည့်လိုက်သောအခါ ကျွန်ုပ်၏တစ်ကိုယ်လုံးသည် တုန်ခါ၍ သွားရလုအောင် အံ့ဩတုန်လှုပ် သွားခဲ့ရပြီး ရေမျက်နှာပြင်မှန်သားပေါ်မှ မျက်နှာရုပ်သွင်ကို အံ့ဩတုန်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ကြီးရာ စိုက်ကြည့်နေမိ၏။

"ဦးရွှေဘဏ်"

"ဦးရွှေဘဏ်"

"ဦးရွှေဘဏ်"

"ခင် ... ဗျာ ..."

"တရားခံရဲ့မျက်နှာရုပ်သွင်ကို မြင်ရပါပြီလား"

"မြင် ... မြင် ... နေရပါပြီ ခင်ဗျာ"

"သူ့ကို ဦးရွှေဘဏ်သိသလား"

"သိ ... သိ ... ပါ ... တယ်"

"သူ့ကိုရော ယုံကြည်လက်ခံနိုင်ရဲ့လား"

ကျွန်ုပ် နှုတ်ဆိတ်၍ နေလိုက်၏။ သူက ထပ်မေးနေ၏။ ကျွန်ုပ် ရေပြင်ပေါ်မှ ရုပ်သွင်ကိုကြည့်ပြီး ရင်တုန်သလိုရှိနေ၏။

"ယုံကြည်လက်ခံရဲ့လား"

"ဟင့်အင်း"

"ဗျာ ... လက်မခံဘူး ... ဟုတ်လား"

"ဟုတ်တယ် ... ကျွန်တော် လုံးဝလက်မခံဘူး။ ယုံလည်း မယုံကြည်ဘူး"

"အဲဒါ ခင်ဗျားလက်စွပ်သူခိုးအစစ်ပဲ"

"မဟုတ်ဘူး ... မဟုတ်ဘူး လုံးဝမဖြစ်နိုင်ဘူး"

ကျွန်ုပ်သည် ဒေါသထွက်ထွက်၊ ရှည်လည်းရှက်နှင့် အကျောက် အကန်ငြင်းဆန်ပြီး လူအများရှေ့မှာ ကျူးအော်ဟစ်လိုက်သည်။

ဆရာကြီးအပါအဝင် ကျွန်ုပ်၏မိတ်ဆွေများ၊ ညှိသည်များ သည် ကျွန်ုပ်ရဲ့ ဒေါသတကြီး ငြင်းဆန်အော်သံကြောင့် အံ့သြအားနာ





ဖြစ်ကုန်ကြ၏။

"အဲဒီလူကို ခင်ဗျားသိတယ် မဟုတ်လား"

"သိတယ်"

"သိရင် အဲဒီလူကို ခေါ်မေးကြည့်ပါ။ ခင်ဗျားပစ္စည်း မုချ ကောန် ပြန်ရလိမ့်မယ် ... ဒါပါပဲ"

"အို ... လုံးဝမမေးဘူး၊ မဖြစ်နိုင်ဘူး။ သူဒီလိုလူစားမဟုတ် ဘူး။ ခင်ဗျား ပေါက်ကရလုပ်ပြနေတာ။ သွားဟာ ... သွားဟာ ... ကိုင်းဟာ"

"ဖြန်း"

"ဂလွမ်း"

"ဗွမ်း"

"ဟာ ... ဟာ"

"ဟေ့လူ ... ကိုရွှေဘဏ် ... မ ... မ ... လုပ်နဲ့"

"ကိုရွှေဘဏ် မလုပ်ပါနဲ့"

"ဖယ်ဗျာ ... သွားဟာ"

ကျွန်ုပ်သည် ပါးစပ်မှ ကြုံးဝါးအော်ဟစ်ငြင်းဆန်ပြီး ဒေါသ ထွက်ထွက်နှင့် မျက်စိရှေ့မှောက်မှ ရုပ်ပုံပေါ်နေသော ကြေးရေဖလား ကို ညာလက်ဝါးနှင့် အားကုန်လွှဲရိုက်ပစ်လိုက်ရာ ...

ရေဖလားသည် ရေတခြား၊ ခွက်ဖလား တခြားဖြစ်ပြီး ဖိတ် မှောက်လွင့်စဉ်သွားခဲ့လေသည်။

အားလုံး အံ့သြနေစဉ်မှာပင် ကျွန်ုပ်သည် မည်သူ့ကိုမျှ နှုတ် ဆက်စကားမဆိုဘဲ ဝုန်းဒိုင်းခေါင်း၍ အိမ်ပေါ်မှ ပြေးဆင်းလာခဲ့လိုက် ပြီး ကားတံခါးကိုဖွင့်ကာ ရန်ကုန်မြို့တွင်းရှိရာသို့ တရကြမ်းမောင်းချ



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့လိုက်၏။

ဒါ သက်သက်မဲ့ ကျွန်ုပ်ကို အရွက်ခွဲတာဟု ထင်မြင်၏။

သူ ဒါမျိုး ဘယ်တုန်းကမျှ မလုပ် ...

ရွှေမရှား ငွေမရှားဥစ္စာ၊ ဒါမျိုးလုပ်မတဲ့လား။ ဆရာကြီးဆိုသူ လူမှားနေပြီဟု ကျွန်ုပ်ယုံကြည်၏။ ကြည့်စမ်းပါဗျာ ... ဆရာကြီးရဲ့ ဂမ္ဘီရအစီအရင် ရေဖလားမျက်နှာပြင်မှန်သားပေါ်မှာ ပေါ်လာသည့် ပုံရိပ်က မည်သူ့ပုံရိပ်မှတ်လို့လည်း ...

ကျွန်ုပ် လွန်စွာချစ်ရသည့် ကျွန်တော့်သားကြီး ရွှေကိုဝင်းရဲ့ မျက်နှာပုံရိပ်ဖြစ်နေသောကြောင့် ...။

■ ■ ■

(၆)

❑

ကျွန်ုပ် အိမ်သို့ပြန်ရောက်သောအခါ ကျွန်ုပ်၏ နေအိမ်တိုက်ခန်းအတွင်းမှာ လူငယ်များအချို့နှင့်အိမ်သားများ အလုပ်ရှုပ်လျက်ရှိသည်ကို တွေ့လိုက်ရ၏။

"ဟေ ... ဘာတွေဖြစ်နေလို့ ပျားပန်းခပ်ဖြစ်နေတာလဲ"

"အဖေ ဖေ"

"ဖေဖေ"

"ဘာတုံး ... သမီး ဘာဖြစ်လို့လဲ၊ နှင့်အမေသွေးတိုးလို့လား ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကားတံခါးဖွင့်၍ ဆင်းလိုက်သည်နှင့် သမီးနှစ်ယောက်သည် အပြေးအလွှား အနီးသို့ရောက်လာပြီး မျက်စိမျက်နှာပျက်ပျက်နှင့် ခေါ်ကြပြောကြလေ၏။

"မေမေမဟုတ်ဘူး ဖေဖေ"

"ဒါဖြင့် ဘယ်သူဘာဖြစ်လို့တုံး"

"ဟို ... ဟို ... မောင်လေး ... မောင်လေး ..."

"ဘာ ... ရွှေကိုဝင်း ... ဟုတ်လား ... ဟုတ်လား။ သူဘာဖြစ်လို့လဲ ပြောစမ်း ... မြန်မြန်ပြောစမ်း"

"ကိုကိုဘာဖြစ်မှန်းလဲ မသိဘူး။ ပါးတစ်ဖက်ရောင်ကိုင်းပြီး ပါးစပ်က စကားကောင်းကောင်း မပြောနိုင်ဘူး"

"ဟော"

ကျွန်ုပ်သည် အိမ်ပေါ်သို့ အမြန်ပြေးတက်လိုက်ပြီး သားလုပ်သူအခန်းသို့ ဇောနှင့် ပြေးဝင်သွားလိုက်၏။ အမေလုပ်သူနှင့် သူငယ်ချင်းများက သူ့ကို ဝိုင်းလှုပ်ခေါ်မေးနေကြ၏။

"ဖယ်ကြစမ်း ... ဘယ်လိုဖြစ်ရတာလဲ ..."

"အိမ်ရှေ့က ပန်းခြံထဲမှာ ဂစ်တာတီးနေတုန်း 'ဖောင်း'ခနဲ အသံကြားလိုက်ရပြီး မောင်လေးအော်လို့ လဲကျသွားတာ။ အဲဒါ မာလီကိုပေါက်စီမြင်လို့ ပြေးသွားရော ... မောင်လေးညာဘက်ပါးကိုအုပ်ပြီး လူးလွန့်နေတာကိုမြင်လို့ နောက်ဆုံးအမေကို ကျွန်မတို့ခေါ်ပြီး အခုလိုပြုစုနေရတာ"

"သား ... သားကြီး ... ရွှေကိုဝင်း ... သား"

ကျွန်ုပ်သည် စိုးရိမ်ကြီးစွာဖြင့် သားလုပ်သူကို လှုပ်ခေါ်ကြည့်လိုက်သောအခါ သူသတိလစ်သလို ဖြစ်နေ၏။ သူ့ညာဘက်ပါးပေါ်မှာ





ကြီးမားသောလက်ဝါးရာကြီး ညိုမည်းကြီးစွဲထင်နေသည်ကို အံ့ဖွယ်မြင်လိုက်ရပြီး လွန်စွာစိုးရိမ်သွားခဲ့ရ၏။

သို့နှင့်ဆေးခန်းသို့ပွေ့ခေါ်ပြီး ပြရ၏။ ဆေးခန်းမှဆရာဝန်ရဲ့ ကုသမှုကြောင့် သားလုပ်သူသတိရလာ၏။

"ရန်ဖြစ်လာသလား မောင်ရင်"

"ဟင့်အင်း ... မဖြစ်ပါဘူး ... ခင် ... ဗျာ"

"ဒါဆိုဘာကြောင့် ပါးပေါ်မှာလက်ဝါးရာ အညိုအမည်းထင်ကျန်ရစ်ရတာလဲ"

"ကျွန်တော် ဂစ်တာတီးနေတုန်း ကျွန်တော့်ပါးကို တစ်စုံတစ်ဦးက အလစ်ဝင်ရိုက်ပြီး ပြေးထွက်သွားသလို ရိပ်ခနဲမြင်လိုက်ရတယ်ဆရာ။ မျက်လုံးထဲမှာ မီးပွားပွင့်သလိုခံစားရပြီး လဲကျသတိလစ်သလိုခံစားရတာပဲ"

"အဲဒီလူကို မှတ်မိသလား"

"မမှတ်မိဘူးခင်ဗျ။ ရိပ်ခနဲမြင်ရသလိုမျိုးပဲ"

"အခုပေးတဲ့ဆေးကို တစ်နေ့သုံးကြိမ်သောက်ပါ။ မထူးခြားရင် ဓာတ်မှန်ရိုက်ကြည့်ရမှာပဲ"

ကျွန်ုပ်တို့ ဆေးခန်းမှပြန်လာသောအခါ သားလုပ်သူသည် တဟင်းဟင်းအသံပြု၍ လိုက်ပါလာခဲ့၏။

သူ့ကို သူ့အခန်းခုတင်ပေါ်မှာ တင်လိုက်ကြပြီး အားလုံးကို အပြင်သို့ထွက်ခိုင်းလိုက်၏။

ကျွန်ုပ်မျက်စိထဲမှာ ရေမှုန်ဆရာကြီး ဦးလက်ျာစိန်ရဲ့ ကြေးဖလားရေမှုန်သားပြင်ပေါ်မှာ ပေါ်လာသည့် သားလုပ်သူရဲ့ ပုံရိပ်အားကို ပြန်မြင်ယောင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါနှင့်အတူ ဆရာကြီး ကြိုတင်သတိပေးစကားများကို ပြန်လည်ကြားယောင်လာ၏။ မကျိန်ဆဲရ၊ ဓိုယ်ထိလက်ရောက် မပြုရ။ ပြုခဲ့သည်ရှိသော် ချက်ချင်းလက်ငင်း ဆိုးကျိုးကိုပေးစေနိုင်သည်ဟူသော စကားသံများ ...

"သား"

"ဗျာ ... ဖေဖေ"

"ဖေဖေ သားကိုတစ်ခုမေးချင်တယ်။ သားမှန်မှန်ဝန်ခံဖြေကြားနိုင်လား"

"ဘာလဲဖေဖေ ... ဟင် ... အား ... ကျွတ် ... ကျွတ်"

"သား ..."

ကျွန်ုပ်က နာကျင်သော ဝေဒနာခံစားနေရသည့် သား၏ မျက်နှာကိုစိုက်ကြည့်ပြီး ပြောလိုက်သည်။

"သားရဲ့ပါးပြင်ပေါ်က ထူးဆန်းသလိုဖြစ်နေတဲ့ ဝေဒနာ ချက်ချင်း ပျောက်ချင်သလားဟင်"

"ပျောက်ချင်တာပေါ့ ဖေဖေ၊ အား ... ကျွတ် ... ကျွတ်"

"ဒါဆို မေးတာကို အမှန်အတိုင်းဖြေ ... ဖြေရင်ပျောက်ပြီ"

"တကယ် ..."

"တကယ်ပေါ့"

"မေး ... ဖေဖေရာ။ သားအမှန်အတိုင်း ဖြေမယ်"

"သား ... မင်းဖေဖေရဲ့ စိန်လက်စွပ်ကို ယူသွားသလား"

"ဗျာ"

"ဖေဖေ့ရဲ့စိန်လက်စွပ်ကို သားအဖေတို့မသိအောင် ဝှက်ယူ





သုံးစွဲလိုက်တယ်မဟုတ်လား"

သူ့တိတ်တိတ်နေပြီး ကျွန်ုပ်ရဲ့မျက်နှာကို ညှိုးငယ်စွာ မော့ကြည့်ရင်းမှ ...

"ဖေဖေ"

"သား"

"ကျွန်တော် ဖေဖေ့စိန်လက်စွပ်ကို အမှန်တကယ် ခိုးဝှက်ယူပြီး လောင်းကစားဝိုင်းမှာ ပေါင်သုံးလိုက်ပါတယ် ဖေဖေ။ သား ... သား ... မှားပါတယ် ဖေဖေရယ် ... အား ..."

"ဟင်း ... ဖြစ်မှဖြစ်ရပလေ သားရယ်"

ကျွန်ုပ်သည် သားလုပ်သူ ဒီလိုအမှုမျိုး လုံးဝလုပ်လိမ့်မည်ဟု မယုံကြည်ခဲ့။ ဗေဒင်နတ်မေးလည်း မယုံကြည်ခဲ့။ ယနေ့ ရေမှန်ဆရာကြီးထံမှာ မယုံမရဲနှင့်မေးခဲ့သော ပညာပိုင်းအစီအရင် အဓိဋ္ဌာန်သည် ရေမှန်ပြင်သားပေါ်မှ ပေါ်ခဲ့သည့်အတိုင်း ဒက်ထိကွက်တိမှန်ခဲ့လေပြီ။

ဆရာကြီး ကြိုတင်သတိပေးခဲ့သည်ကို အလေးအနက်ပြု ဂရုမစိုက်ဘဲ ရေမှန်ခွက်ဖလားကို ဒေါသတကြီး ရိုက်ပုတ်မှောက်လှန်ခဲ့သော ကျွန်ုပ်၏ ဒေါမနဿစရိုက်ကြမ်းကံတရားက ကျွန်ုပ်ကိုသာမက ပြစ်မှုကျူးလွန်သူကိုပါ ကံအကျိုးပေးလေပြီ။

ဒါနှင့်အတူ ...

မြန်မာဂမ္ဘီရလောကီပညာရှင် ဆရာကြီးဦးလက်ျာစိန်ရှိရာသို့ လက်အုပ်ချီပြီး ကျွန်ုပ်တို့သားအဖနှစ်ဦး အမှားအပြစ်ကို ခွင့်လွှတ်ပါရန် တောင်းပန်လိုက်သည်။

ထိုသို့ ကျွန်ုပ်တောင်းပန်နေဆဲ အချိန်အတွင်းမှာပင် ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့သွားအဖန္နစ်ဦးစလုံး မျက်နှာနှင့်ရင်တွင်းအသိ၌ မကောင်းမှုဒုစရိုက်ပြစ်မှုတို့သည် ဆိတ်ကွယ်ရာလည်းမရှိ။

ကောင်းသောကံ၏အကျိုးကို ကံကျိုးပြုသူခံစားရပြီး . . .

မကောင်းကံ၏အကျိုးကို ၎င်းကံအကျိုးပြုသူသာလျှင် ခံစားရသည်ကို နားလည်ခဲ့ရသကဲ့သို့ . . .

သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့သည်လည်း မကောင်းမှုကံပြုသူကို လက်ပိုက်ကြည့်နေလေ့ မရှိပါကလားဟူသည့်အသိကို ခံစားရပြီးနောက် . . .

ဤလောက၌ ကျွန်ုပ်တို့ လိုက်မမီသေးသည့် ထူးဆန်းသော ပညာအသိများ ရှိနေပါကလားဆိုသည်ကို နားလည်သဘောပေါက်ခဲ့ရလေသည်။

■ ■ ■

**မောင်ညိုမှိုင်း(သန့်လျှင်)**



www.burmeseclassic.com

www.burmeseclassic.com

## (၁)

❑

“အိုင်ဆေး ... မစ္စတာမောင်ရေ။ ခင်ဗျားတို့က ဒီကနေ့ မနက်ပိုင်းမှာ ‘ကျိုးကန်းမ’ ချစ်တီးကြီးတို့လူသိုက်ကို ကောင်းကောင်း ဆုံးမခဲ့တဲ့ ‘လူမိုက်ကဲကောင်း’ ဆိုတဲ့ အရှုးကောင်ကို ၁၉၂၆–၂၇ က ဗန္ဓုလဦးစိန် ‘ဖွ’ ခဲ့တဲ့ ဗန္ဓုလဂျာနယ်ရဲ့ ဟီးရိုးကြီး ‘စံဖဲ’ လိုမျိုး ဖြစ်လာ လိမ့်ဦးမယ်လို့ ထင်နေသလားဗျ”

ပြည်ခရိုင်ရာဇဝတ်ဝန်ကြီး မစ္စတာဇေဗီးယား၏ရုံးမှာ တွဲဖက် ပေးထားသည့် စကော့တလန်ယာဒ်မှ စုံထောက်ဗရင်ဂျီအိုကွန်နောက သူ့ ဖန်ခွက်ထဲမှ ‘Hundred Pippers’ စကော့ဝီစကီကို အသာစုပ်၍သောက်





ရင်းက မေးခွန်းထုတ်လိုက်၏။ ယနေ့နံနက်ပိုင်းက ပြည်ခရိုင်၊ သာယာ ဝတီမြို့ပေါ်၌ ဟိုးလေးတကျော်၊ အကျော်ဇေယျဖြစ်ခဲ့ရသည့် ‘လူမိုက် ကဲ့ကောင်း’ နှင့် မိန်းကလေး(၁၃)ယောက် ပျောက်ဆုံးမှု၊ ‘ကျိုးကန်းမ’ ချစ်တီးကြီးအပါအဝင် သူ့လက်သပ်မွေး ကုလားလူမိုက်တစ်သင်းအား ခပ်စပ်စပ်ကလေး ပညာပေးဆုံးမခဲ့မှု၏ဂယက်ကား ပြင်းထန်လွန်း လှလေရာ အကြောင်းဆုံတိုင်း စကားဦးက သည်ကိစ္စကြီးဆီကိုချည်း ဦးလည်၍သွားခဲ့ကြသဖြင့် ယခုလို စိတ်အေးလက်အေး စားကြသောက် ကြသည့် ညစာစားပိုင်း၌ အကြောင်းဆိုက်လာပြန်ခြင်းနှင့်ပါဆိုလျှင် သုံးလေးကြိမ်ထက်ပင် မကတော့ပေ။

“ညွှန်းတာလည်း ညွှန်းသင့်လို့ညွှန်းတာတော့ဖြင့် ဟုတ်ပေ တာပေါ့လေ။ သို့ပေတဲ့ အင်္ဂလန်မှာ ဆင်းရဲသားတွေဘက်က မားမား မတ်မတ်ရပ်တည်ပြီး အစိုးရနဲ့ဓနရှင်တွေကို တိုက်ခိုက်ခဲ့တဲ့ တောပုန်း ကြီး ရော်ဘင်ဟုနဲ့ အနှိုင်းအထပ်ပြုခဲ့ရတဲ့ ‘စံဖဲကြီး’ လိုမျိုးအထိ ဂုဏ် တင်ချီးပနေကြတာတော့ဖြင့် တစ်ဆိတ်လွန်လွန်းတယ်လို့ပဲ ဆိုချင်သဗျ အိုင်ဆေးရဲ့”

လူကောင်ထွားထွား၊ စားလုံးသောက်လုံးကြီးကြီး ‘ဆင်အိုဖာ အိုလိန်း’ က အသားကြော်များကို ပလုတ်ပလောင်းလွေးနေရာမှ ခေါင်း ထောင်ထလာလျက် ပါးစပ်ထဲမှ အသားစတွေကို ဘီယာတစ်ဖန်ခွက်နှင့် ကျိုက်ချရှင်းပစ်လိုက်ပြီးနောက် ပလုံးပထွေးကြီး မှတ်ချက်ပေးလိုက် ခြင်းဖြစ်သည်။ ခရိုင်ရာဇဝန် ဝန်ထောက်ကလေး ဦးမောင်ကလေးကမူ ဘာစုံတစ်ရာ ဝင်မပြောဘဲ သူ့အတွေးနှင့်သူငြိမ်နေ၏။ အင်စပိတ်တော် သက်စတေရိုဘ်နှင့် တောအုပ်ကလေး ရှယ်ရင်ဗိုဟုမ်းတို့သည်လည်း ညစာ ကိုသာမဲ၍ စားလျက်ရှိကြသည်။ သည်ကနေ့တစ်နေ့လုံး နားနှင့်မဆံ့



www.burmeseclassic.com

www.burmeseclassic.com



အောင် ကြားနေခဲ့ရသည့် 'လှမိုက်ကံကောင်း' ဖူးသည့် ရှုံးကြောင်ကြောင် ကျေးတောသားတစ်ယောက်အပေါ် လွှန်လွှန်ကျူးကျူး ချီးမွမ်းခန်းဖွင့်နေကြသည်ကိုလည်း နားကလောနေကြပုံရ၏။

"ကျုပ်က ညွှန်းနေတာမဟုတ်ဘူးခင်ဗျ။ ဒီကနေ့ဖြစ်ပျက်သွားတဲ့အခြေအနေတွေနဲ့ 'တောပုန်းကြီးစံဖဲ'ရဲ့ အဖြစ်အပျက်ဟာ သဘာဝချင်းမတူပုံကို ထောက်ပြနေတာ။ ဘယ့်နှယ်ခင်ဗျာ လူတွေဟာ ကြာရှိုးကြာစွယ်ကြီးကို မျက်စိနဲ့တစ်အပ်မြင်နေတွေ့နေပါလျက်ကနဲ့ ရေကန်ရဲ့ အတိမ်အနက်ကို မခန့်မှန်း မချင့်ချိန်နိုင်ကြဘူးဆိုတော့ ပြောရမှာ ခပ်ခက်ခက်ပဲခင်ဗျ။ သာမန်လုပ်စားကိုင်စား လူထုတွေက သည်းသည်း လှုပ်ဖြစ်နေတာထားပါဦး။ ကျုပ်တို့ အစိုးရပိုင်းက တရားဥပဒေစိုးမိုးရေးကိုင်တွယ်နေရတဲ့ လူတွေကကော ဒီကိစ္စကြီးကို ဆစ်ဆစ်ပိုင်းပိုင်း သုံးသပ်ပြီး အချိန်မီ ထိန်းချုပ်ကိုင်တွယ်နိုင်ရမယ် မဟုတ်ပါလား။ ဘုရင်ခံကြီးရဲ့ ဒါဘာပွဲကလည်း မကြာခင် ဒီဇင်ဘာလထဲမှာ ကျင်းပတော့မှာဆိုတော့ ဒီလိုတစ်ကိုယ်တော် လူစွမ်းလူစပြမှုတွေကနေ လူထုစည်းရုံးမှုကြီးဆီ တစ်စတစ်စပြန့်သွား ကူးယှဉ်သွားမယ့်ပရေးကိုလည်း ကြိုတွေးထားကြဦးမှဗျ။ လက်ရှိသာယာဝတီရဲ့ ပကတိအခြေအနေတွေကလည်း သိပ်ကြီးငြိမ်ငြိမ်ဝပ်ဝပ်ရှိလှတာ မဟုတ်ဘူးလေ"

အိုကွန်နာ၏ စကားတွေ မှန်သင့်သမျှ မှန်နေသည်။ ဦးမောင်ကလေးသည် အိုကွန်နာ၏ ပြာလဲ့လဲ့ မျက်ဝန်းတောက်တောက်လက်လက်များကိုလည်းကောင်း၊ ဆင်းအိုဖာအိုလိန်း၏ ကုပ်ပိုးအစ်အစ်၊ မျက်နှာလေးထောင့်နှင့် အဆီပြန်နေသည့် မျက်နှာပြဲပြဲကြီးကိုလည်းကောင်း တစ်လှည့်တစ်ပြန်စီ ကြည့်နေမိ၏။

"တောပုန်းကြီး စံဖဲကိစ္စကတော့ ဗြိတိသျှကုလားနယ်နဲ့ မြန်မာ





သတင်းစာတွေက နိုင်ငံရေးကစားစရာအဖြစ် မြှောက်ကောက်ကောင်းတဲ့ အရေးအခင်းဖြစ်အောင် ဖန်တီးခဲ့ကြတာ သက်သက်ပါဗျာ။ လူထုအုံကြွမှုမပါတဲ့ တစ်ကိုယ်တော်ဆန့်ကျင်မှုသက်သက်ပါ။ ကျုပ်က အဲဒီမတိုင်ခင် ငါးနှစ်လောက်ကတည်းက မြန်မာပြည်ရောက်နေခဲ့ပြီး ပြည်ထဲရေးအတွင်းဝန်ရဲ့ရုံးမှာ တွဲဖက်အလုပ်ဝင်ခဲ့ရသေးတာဆိုတော့ မြန်မာသတင်းစာတွေရဲ့အကြောင်းကို နောကြေခဲ့ရသဗျ"

"အဲဒါဆိုလည်း တစ်ဆိတ်လောင်းစမ်းပါဦး အိုင်ဆေးရဲ့။ ကျုပ်တို့လူ စံဖဲကြီးရဲ့အကြောင်းကို"

လက်စထရိတ်နှင့် ဟမ်းတို့အတွဲက တစ်စခန်းထလာ၍ ပြန်သည်။ တွဲဖက်ညီညီ အတိုင်အဖောက်တွေဖြင့် စကားပိုင်းကို ဆွဲဆောင်လာကြ၏။

"တကယ်တမ်းက စံဖဲဆိုတာ မိတ္ထီလာအပိုင်၊ မဲတောရွာသားပါခင်ဗျာ။ သူကြီးနဲ့မတည့်လို့ သူကြီးကပုလိပ်နဲ့ပေါင်းပြီး စံဖဲကိုကျော်စောမှုနဲ့ အမှုဆင်ဖမ်း။ ထောင်ကျအောင်လုပ်ခဲ့ကြရာက ဇာတ်လမ်းစခဲ့သပေါ့။ စံဖဲထောင်ကျနေတုန်း သူ့မယားကို နယ်ပိုင်ဝန်ထောက်ရဲ့ တပည့်က မတရားသိမ်းပိုက်လိုက်ပြန်ရောဗျ။ ထောင်ကလည်းလွတ်ရော သူ့မယားကိုနိုးတဲ့ ကြာကူလီကောင်ကို သတ်ပြီးထွက်ပြေးရာက အဖမ်းခံခဲ့ရ။ ဟော... အချုပ်တန်းလန်းနဲ့ ရာဇဝတ်အုပ်ကိုသတ်ပြီး ထွက်ပြေးပြန်ရောဗျို့။ ဒီတစ်ကြိမ် စံဖဲကိုဖမ်းကြပေမဲ့ မမိနိုင်ဘဲရှိနေတုန်း သတင်းစာ၊ ဂျာနယ်တွေက စံဖဲကို လူစွမ်းကောင်းကြီးဖြစ်အောင် ပုံကြီးချဲ့ရေးသားဖန်တီးခဲ့ကြတာပေါ့ခင်ဗျ"

"ဒါဖြင့်... လူသတ်သမားအနေနဲ့ ဝရမ်းပြေးနေရတဲ့ စံဖဲက ဗြိတိသျှအစိုးရကို တော်လှန်ပုန်ကန်တဲ့ တစ်ကိုယ်တော်သူပုန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ကျော်ကြားသွားခဲ့တာပေါ့၊ ဟုတ်စ"

"မှန်ပခင်ဗျာ။ လူထုတွေကလည်း အစိုးရကို ခုခံတော်လှန်ရဲတဲ့လူစွမ်းကောင်းကို မျှော်နေကြရာမှ စံဖဲရဲ့သတင်းက လူတိုင်းရဲ့ပါးစပ်ဖျားမှာ ရေပန်းစားခဲ့တာပ။ တစ်တိုင်းတစ်ပြည်လုံး အုံးအုံးကြွမ်ကြွမ် ဆိုကြပါစို့ရဲ့၊ အငြိမ့်သီချင်းတွေ၊ ဓာတ်ပြားသီချင်းတွေတောင် နေ့ချင်းညချင်းပေါ်လာပြီး ဖွဲ့ကြနွဲ့ကြ ချီးပကြပေါ့ဗျာ ....ထုံးစံအတိုင်းပ"

"နောက်တော့ ဘယ်လိုဖြစ်သွားလဲ"

"အစိုးရက စံဖဲကို စစ်ဗာရီတပ်တွေနဲ့ တောနင်းရှာခဲ့တာတောင် တစ်နှစ်နီးပါးလောက်ကြာတဲ့အထိ မမိခဲ့ဘူးတဲ့ဗျ။ နောက်ဆုံး စံဖဲခမျာ ငှက်ဖျားမိပြီး မထနိုင်ဘဲရှိနေတုန်း၊ တပည့်တစ်ကောင်က ဆုငွေ ၅၀၀၀ လိုချင်တဲ့အတွက် အသားထဲကလောက်ထွက် သတင်းပေးလှုပ်လိုက်လို့ အဖမ်းခံရပြီး၊ စက်တိုင်တက်ခဲ့ရတာရယ်။ စံဖဲကို မမိခင်အတွင်းတော့ ဟုန်းဟုန်းတောက်မဲခင်ဗျာ"

အင်စပိတ်တော်လက်စထရိတ်က သူ့စကားကို အစသိမ်းလျက် အရက်ဖန်ခွက်ကို ကောက်ကိုင်လိုက်၏။ တောအုပ်ကလေးကား သူနှင့်သူ့အဖွဲ့အလဲတောင်တောဘက်မှ ပစ်ခတ်ဖမ်းဆီးခဲ့သည့် တောကောင်မျိုးစုံ၏ အသားများအလျှံပယ်ဖြင့် ဧည့်ခံနိုင်သည်ကိုပင် ဂုဏ်ယူနေဟန်ရှိလေ၏။

"အဲဒါကိုပဲ ထောက်ပြချင်တာ မစ္စတာမောင်ရဲ့၊ ကျုပ်စိုးရိမ်နေတာက အဲဒါကိုပဲ။ အခုလို သတင်းစာတွေက 'စံဖဲ'ကို အရင်းပြုပြီး နိုင်ငံရေးကစားလိုက်ကြတဲ့အတွက် စံဖဲလို တောပုန်းကလေးတစ်ယောက်ကိုတောင် အလွယ်တကူမဖမ်းနိုင်တဲ့ ဗြိတိသျှအစိုးရကို





လူအင်အားကောင်းကောင်းနဲ့ တော်လှန်တိုက်ခိုက်ရင် အောင်မြင်နိုင်တယ်ဆိုတဲ့တွေးလုံးမျိုး လူထုတွေနှလုံးသားထဲ နိုအောင်သွားရင် ခက်ကရောဗျို့။ လက်ရှိ ဗန္ဓုလတို့၊ သူရိယ၊ မြန်မာ့အလင်းတို့ကလည်း နိုင်ငံရေးနှိုးဆွတဲ့ ကာတွန်း (Editorial Cartoon) တွေနဲ့ လက်သုံးပြောင်းပြောင်း အကွက်ကျကျ ကလော်တတ်၊ ဆော်တတ်ပါဘိသနဲ့။ ဒီတစ်ချီ တစ်ခုခုဖြစ်ရင်တော့ သိပ်မလွယ်လှဘူးဗျ။ နွေခေါင်ခေါင် တောမီးလောင်သလို ချက်ချင်းကူးသွားပြန့်သွားတော့မှာပဲ"

အိုကွန်နာ၏ စကားက ထိရောက်တာသွားလှ၏။ အရက်ခွက်ကိုယ်စီဖြင့် အရာရှိတစ်သိုက်မှာ ခေတ္တမျှ ငြိမ်သက်သွားကြသည်။ ပြီးမှ တောအုပ်ကလေးထံမှ စကားသံထွက်လာ၏။

"အဲဒါတော့ ဟုတ်တယ်ခင်ဗျ ဝန်ထောက်မင်းရဲ့၊ ကျွန်တော်တို့ တောဆင်းတဲ့အခါတိုင်း ဖားရွှေကျော်၊ အင်းကောက်၊ အုန်းပင်စု၊ ဓယစ်ပြောင်၊ သုံးတန်ကူးစတဲ့ ရွာကလေးတွေဘက်မှာ 'ငတ်လို့မသေ၊ တိုက်ရင်းသေမယ်'တို့၊ 'ချစ်တီးကဆူ အခွန်တော်မှ လူစင်စစ်ကျွန်ဖြစ်'တို့စတဲ့ တခေါင်လိုလို၊ ကြွေးကြော်သံလိုလို သီချင်းတစ်ပိုင်းတစ်စတွေကို ကလေးတွေကတောင် အော်ကြီးဟစ်ကျယ် ဆိုနေကြတယ် ခင်ဗျ။ လူထုတွေမှာလည်း ကာလကြီးပဲ ပျက်ဦးတော့မလိုလို၊ မင်းလောင်းပဲပေါ်ဦးတော့မလို သိုးသိုးသန့်သန့်တွေနဲ့မို့ တလှုပ်လှုပ်ပဲ"

ထိုအချိန်ရောက်တော့မှသာ ခရိုင်ရာဇဝတ်ဝန်ထောက်ကလေးက သူ့ရင်ထဲ တျိတ်၍လောင်နေသည့် မီးတစ်စကို ထုတ်၍မေးတော့၏။

"မနက်က 'ကျီးကန်းမ' ချစ်တီးကြီးတို့ကိစ္စနဲ့ 'လူမိုက်



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်း' ရုပ်တရက်ပေါ်လာပြီး ပျောက်သွားတဲ့ကိစ္စအပေါ် မစ္စတာအိုကွန်နာ ဘယ်လိုယူဆပါသလဲ''

''အင်း ... တွေးနေတုန်းပဲ ခင်ဗျ။ ရေရေရာရာအဖြေတော့ မရသေးဘူး။ 'မုန်တိုင်းကြီး ကျမလာခင် လေပြည်လေညင်းကလေးတွေက ရှေ့ပြေးအရင်ကြိုပြီး တိုက်ခတ်လာတတ်တယ်' ... တဲ့။ အဲဒီစကားလည်း အရှိသားမဟုတ်လား။ ကျွန်တော်တော့ 'လူ့မိုက်ကံကောင်း' ဟာ အင်မတန်ကြီးမားပြင်းထန်မယ့် အရေးအခင်းကြီးတစ်ခုရဲ့ ပဏာမအဖွင့်တီးလုံးများ ဖြစ်နေလေမလားလို့ တွေးပြီး ရင်ပူနေမိတယ် ခင်ဗျ''

အိုကွန်နာ၏ စကားအဆုံး၌ လူတိုင်းကိုယ်စီမှာ သက်ပြင်းကြီးတွေတချချဖြင့် အရက်ခွက်များဆီသို့သာ အာရုံနစ်ထ ကြပြန်တော့သည်။

■ ■ ■

# ၂

❑

''ကံကောင်း''

''ဘုရား''

''ပရိတ်ကြီး ၁၁ သုတ်ရဲ့ ပရိတ်မွန်းမှာပါတဲ့ 'ရာဇတောဝါ စောရတောဝါ မနုဿတောဝါ အမနုဿတောဝါ' ဆိုတာကို မှတ်မိသေးသလား''

''တင်ပါ့ ... မှတ်မိပါသေးဘုရား''

''အိမ်း ... ရာဇတောဝါ – မင်းဆိုးတို့မှလည်းကောင်း၊ စောရတောဝါ – ခိုးသူတို့မှလည်းကောင်း၊ မနုဿတောဝါ – လူဆိုး



www.burmeseclassic.com

www.burmeseclassic.com



တို့မှလည်းကောင်း၊ အမနုဿသတောဝါ - ဘီလူးနတ်ဆိုးတို့မှလည် ကောင်း၊ အာရက္ခ - ကာကွယ်စောင့်ရှောက်မှုကို၊ ဂဏှန္တု - ယူပြ ကုန်လော့ ... တဲ့"

"ဘယ,ဥပဒ္ဒဝ, အန္တရာယတို့မှာ သဒ္ဒါပင်ကွဲပြားသော်လည် သဘာဝမကွဲပြားဘူး။ ဘေးရန်အန္တရာယ်တွေချည်းပဲ။ တို့ပြည်တို့အနေ တွေမှာ မိစ္ဆာဒိဋ္ဌိ ဘာသာခြားလူမျိုးခြားတွေရဲ့ စိုးမိုးအုပ်ချုပ်မှု 'ရာ တောဝါ'နဲ့အတူ တိုင်းတစ်ပါးသား ကုလားမည်းတွေရဲ့ 'မနုဿသတော ဘေးကြီးလည်း ကပ်သင့်နေရပကွယ့်"

"တင်ပါ့"


"အဲဒီ 'မနုဿသတောဝါ'ဘေးဆိုးကြီးကို လူကလေးသွားကာ ပေတော့"

ကံကောင်းသည် ဘုန်းကြီးဘုရား၏ အမှာအထားကိုသာလျှ ခေါင်းထဲ၌ စွဲနေတော့၏။ ဘုန်းကြီးဘုရား၏ အစီအမံကြောင့်ဟုသ သိထားကြရပြီး မည်သို့သောကိစ္စတွေ ပြုလုပ်ရဦးမည်ပင် မသိရသေး သူ့အဘိုးလေး ဆရာသန့်နှင့်အတူ ပြည်ရွှေဆံတော်ဘုရား ရင်ပြ ပေါ်သို့ကား ရောက်ခဲ့ကြပြီ။ စေတီတော်မြတ်အား လက်ယာရစ်သုံးပ ဖူးမြော်ပြီး စေတီ၏အရှေ့ယွန်းယွန်း၊ အရှေ့ဘက် စောင်းတန်းထိ တောင်ဘက်ကပ်လျက် သစ္စာဓိဋ္ဌာန်အောင်မြေ (ခြေရာတစ်တော မောင်မဲခေါင်လိုဏ်ဂူ) အတွင်း၌ အဘိုးလေးက အဓိဋ္ဌာန်ပုတီးစိပ် လေရာ ကံကောင်းက အဘိုးလေး၏နောက်နားတွင်ကပ်လျက် ခပ်ပြ ငြိမ်ထိုင်နေမိရင်း ထူးလှသည့်သူ့ဘဝကံကို အံ့ဩနေမိလေသည်။

အရှေ့ဘက်ကောင်းကင်တွင်ကား အရုဏ်နေဝန်းက ထွ သစ်ခဲ့ပြီ။

စိတ်ကူးသစ်စာပေ





သစ္စာဓိဋ္ဌာန်အောင်မြေ
(ခြေရာတစ်တော် မောင်မဲခေါင်လိုဏ်ဂူ)

www.burmeseclassic.com

www.burmeseclassic.com

(၃)

❑

တကယ်ကတော့ အောင်မြေမှန်သမျှဟာ လက်တွေ့အစိဠာန်ဝင်တဲ့သူတွေဆီက ကြားရသိရတာတွေချည်းပါပဲကွယ်။ 'ကိုးနဝင်း' 'ကိုးနဝင်း'နဲ့ပြောနေကြတဲ့ 'ကိုးနဝင်း'ဆိုတာမှာလည်း ဂဏန်းသင်္ချာသဘော (၉)ကနေ (၁၀၈)အထိ ၁၂ မျိုးရှိသကိုး။ အားလုံးကိုးချည်းသာဖြစ်ပြီး ဂမ္ဘီရအရာသာဖြစ်လို့ (၉)ကမှန်တယ်၊ (၁၀၈)မှ မှန်တယ်။ ဟိုဟာမှန်တယ်၊ ဒီဟာမှန်တယ်ဆိုတယ်လို့ ဘယ်သူ့ဘယ်သူမှ ဆုံးဖြတ်နိုင်ခြင်း မရှိမ်းကြပါဘူး လူကလေးရဲ့"

အသက်ကိုးဆယ်နီးပါး အဘိုးအို၏အသံဟုဆိုလျှင် မည်သူမျှယုံမည်မထင်။ ဘိုးတွန်းနေကိုယ်တိုင် မားမားကြီးရပ်၍ ပြောနေသည်





ကို နာခံနေရ၍သာ ကိုယ်တွေ့ကြုံ ယုံကြရတော့၏။

ကံကောင်း။ အဘိုးလေးသန့်နှင့် ဘိုးတွန်းနေတို့သုံးဦးသားမှာ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီမြတ်ကြီး၏ အင်္ဂပဒေသအောင်မြေတော် တစ်ဆယ့်ရှစ်ရပ်အနက် အမြင့်အောင်မြေ အမှတ် (၅)မူလပကတိစခန်းအောင်မြေ(ဓေယျပထဝီသိမ်တော်)အတွင်း ရောက်ရှိနေကြကာ ဘိုးတွန်းနေ၏အမှာစကားကို မှတ်သားခံယူနေကြရခြင်း ဖြစ်လေသည်။



မူလပကတိစခန်းအောင်မြေ
(ဓေယျပထဝီသိမ်တော်)



www.burmeseclassic.com

www.burmeseclassic.com



"အမိဋ္ဌာန်ဝင်ကြတယ်ဆိုတာ သာမန်ရည်ရွယ်ချက်နှင့်အမိဋ္ဌာန်ဝင်ဖို့လာကြတဲ့သူလည်း ရှိကြတယ်။ တချို့ကတော့ မနေ့အာရုံနဲ့ ဘယ်ဌာနပြီးရင် ဘယ်ဌာနလို့ အမိန့်ပေးစေခိုင်းခြင်းမျိုးနဲ့ အမိဋ္ဌာန်ဝင်ကြတာလည်းရှိရဲ့။ တချို့က အိပ်မက်နဲ့ဖြစ်စေ၊ နိမိတ်ပညာနဲ့ဖြစ်စေ၊ ညွှန်ပြခံယူခြင်းနဲ့ အမိဋ္ဌာန်ဝင်လာကြသူမျိုးတွေလည်း ပါတတ်ကြသေးတာပဲ။

တချို့တွေကျပြန်တော့ 'အညံ့မညံ့၊ စိတ်ဝေဖန်၊ ဝိဇ္ဇာမယံ။ ဇော်ဂျီပုံ၊ ရသေ့ရှင်မွန်၊ လောကီဈာန်၊ ခေမာအမတံ၊ ပြည့်စုံနိဗ္ဗာန်၊ ရောက်လိမ့်ကောန်၊ မဂ်အလွန်၊ ဖိုလ်မွန်ရလွယ်ကျိုး၊ တိုး၍သာကြီးကြစေလေကုန်' ဆိုတဲ့ အင်္ဂဝိဇ္ဇာကျမ်းရင်း ညွှန်ကြားချက်အတိုင်း ဓာတ်ကြီး(၄)ပါး၊ မိတ်ချန်၊ ဗိုမ၊ ဝင်ထွက်၊ ဓာတ်သက်၊ လက်ဝဲလက်ယာစတာတွေကို ကိုယ့်ဘာသာဝေဖန်ပြီး ကိုယ်နဲ့ဓာတ်တည့်တဲ့ အစီအစဉ်တွေနဲ့ ကြံယူတွေးဆပြီး အမိဋ္ဌာန်ဝင်လာကြသူတွေလည်း ပါသေးသကွယ့်။ ဟောဒီလူကလေး ကံကောင်းလို့ပကွယ်"

"ဟုတ်ကဲ့ အဘိုး"

ဆံပင်မွေးဖြူဖြူရှည်ရှည်များကို သပ်ရပ်သန့်ရှင်းအောင် ဖြီးသင်၍ ထိပ်လယ်တည့်တည့်တွင် ကွမ်းသီးလုံးခန့် သျှောင်ကလေးငေါက်တက်တက်၊ ဘေးပတ်လည်၌ ခေါင်းပေါင်းဖြူဖော့လုံး နောက်ဘက်နှစ်စထောင်ပေါင်းထားသည်။ လူပုံပန်းမှာ ပိန်ကပ်ကပ်၊ အရပ်မြင့်မားမား။ မျက်နှာပေါက်ပေါ်ပေါ် ပါးချိုင့်ချိုင့်ဖြစ်၏။ အင်္ကျီမှာ ပိတ်ဖြူတိုက်ပုံကျပ်ကျပ်၊ ကြယ်သီးစုံတပ်ထားပြီး ပုဆိုးက အနက်စင်းအဖြူခံဖြစ်သည်။ သို့ဖြစ်၍ အဘိုး ဘိုးတွန်းနေ့ကိုမြင်နေရသည်မှာ အလွန်ရှေးကျလွန်းသဖြင့် ဘုရားစောင်းတန်း ပန်းချီကားများတွင်မှ မြင်ဖူးနိုင်သည့် ဟန်ပန်ရှိသော အဘိုးကြီးတစ်ယောက်ပုံမျိုး ဖြစ်နေလေတော့သည်။





"အမိဋ္ဌာန် 'ဝင်စံ' အောင်မြင်သွားကြတဲ့ 'ဝိဇ္ဇာမယိဒ္ဓိ' တွေရဲ့ ရှမ်းပကားတို့ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ဣဒ္ဓိနိဒ္ဒေသကထာ၊ သီလက္ခန်ပါဠိတော်၊ ကေဝဋ္ဋသုတ္တန်တို့မှာ ကောင်းကင်ပျံနိုင်ကြောင်း၊ မြေမှာမြုပ်တိုင်အောင်ပျံနိုင်ကြောင်း မြတ်စွာဘုရား ဟောကြားထားသကွယ့်။ ကပ္ပါသက်ာရကျမ်းမှာလည်း 'စမအကွရာ၊ ဓာတ်လေးဖြာ၏၊ တေဇာတန်ခိုး၊ သိဒ္ဓိမျိုးကို၊ ရှေးရိုးစဉ်လာ၊ ကျမ်းအမှာနှင့်၊ မှန်စွာမသွေ၊ စီရင်လေက၊ ဘေးလုံစသည်၊ မရှမနာ၊ လေးမြားမီးပေါက်၊ အမြောက်စိန်ပြောင်း၊ လွတ်တုံရှောင်း၍၊ ကိုယ်ပြောင်းကိုယ်ပြန်၊ ထိတ်သံခြေချင်း၊ နှောင်မျိုးဘင်းလျက်၊ အတွင်းကလည်း၊ အပတ်စုံမူ၊ ဖမ်းယူမမိ၊ အန္တိသာယာ၊ ဒါတာသဒ္ဓ၊ မကြားရသည်၊ ကာယတစ်နည်း၊ ငယ်သည်ကြီး၏၊ ကြီးသည်တစ်ဖန်၊ ငယ်ပြန်စေခြင်း၊ ရေကိုနင်း၍၊ သွားခြင်းသိဒ္ဓိ၊ ဘူမိငုပ်လျှိုး၊ ထက်မိုးဝေယံ၊ ငှက်သို့ပျံလျက်၊ ကြေးသံရွှေသံ၊ လိုလေရာရာ၊ ပြည့်စုံစွာ၏၊ ဘဏ္ဍာကျိုကြာ၊ ဖြစ်တုံကလည်း၊ တောင့်တတိုင်းပြီး၊ တစ်သီးထိုမှ၊ မိန်းမယောကျ်ား၊ နတ်အများပင်၊ ချစ်ကျွမ်းဝင်လျက်၊ အဆက်ထောင်မှန်၊ သူ့အကြံကို၊ တစ်ဖန်ကိုယ်က၊ သိနိုင်ရ၏။ ဒေသခမီ၊ ဘေးလေပြီးလည်း၊ အနီးဖြစ်ရ၊ ဌာရသဟု၊ တေဇအပြား၊ ဆယ့်ရှစ်ပါးပင်၊ ပြီးအောင်မြင်၏' လို့ ဖော်ပြထားတဲ့အတွက် 'အဋ္ဌာရသ' အတတ်ပိုင်ရှင်များလို့ မှတ်ကြရမကွယ့်"

"ဟုတ်"

"အလဲတောင်တောရဆရာတော် သခင်မြတ်ကြီးက တာဝန်လွှဲအပ်ပေးလိုက်လို့သာ ဟောဒီမောင်ကံကောင်းကို အောင်မြေတော်ဓာတ်တွေ ကူးယူမွှားယူ၊ အမိဋ္ဌာန်အစီအရင်တွေနဲ့ အောင်တိတ်နိုးရေးရမှာ ကျုပ်က ဟောသည်လောကီကမ္ဘာရဲ့ အလုပ်တွေကို သိပ်အရေးမရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးကွယ့်။ ပြောရရင် စက်ကိုစက်ဆုပ်နေတော့တာကလား"

"ဘာသာ၊ သာသနာအကျိုးနဲ့ မကြာခင်ကျလာမယ့် တိုင်းစိုးပြည်စိုးလိုင်းတံပိုးတွေ အရေးကိုလည်း ငဲ့ပါဦးအဘိုး"

"အေးလေ . . . ဟုတ်ပါတယ်။ ကျုပ်က စကားပမာပြောတာပါ။ လူကလေးရဲ့ကိစ္စက လောကီဂမ္ဘီရကိစ္စဆိုတော့ အတွင်းအောင်မြေငါးဌာနနဲ့ အပြင်အောင်မြေနှစ်ဌာန ပေါင်းသတ္တဌာနဆို ပေါက်မြောက်ရောပေါ့လကွယ်။ သည်တော့ . . . ဟောဒီ 'ပကာတိအောင်မြေတော်' ဖြစ်တဲ့ 'မူလပကာတိစခန်းအောင်မြေ (ဓမ္မယုပထဝီသိမ်တော်ကြီး)မှာ ပရိကံတည်ကြစို့ရဲ့။ ပြီးမှ 'အတွင်းအောင်မြေတော်တွေဖြစ်တဲ့ . . .

(တစ်) သစ္စာဓိဋ္ဌာန်အောင်မြေ
(ခြေရာတစ်ထောင် မောင်မဲခေါင်လိုဏ်ဂူ)

(နှစ်) ပထမ အာဒိဆုတောင်း ပတ္တနာအောင်မြေ
(စက်ဦးစေတီ)

(သုံး) စိန္တာမယအောင်မြေ
(ဒွတ္တပေါင် ခေါင်းလောင်းအနီး)

(လေး) ပညာစခန်းအောင်မြေ
(ပတ္တမြားမျက်ရှင်၊ ဝလက်ယှက်၊ ဝလေးလုံးရှပ်ပွားတော်)

(ငါး) သိဒ္ဓိရောပန စခန်းအောင်မြေ
(အရဟံသိဒ္ဓိ၊ သိဒ္ဓိအရဟံ)

အဲဒီ ပဥ္စဌာနတွေမှာ အဓိဋ္ဌာန်တင်၊ အဓိဋ္ဌာန်အောင်တဲ့အခါ ဝင်စေထွက်စေ ဆုတောင်းပတ္တနာအောင်မြေ (ဝလေးလုံးစေတီ)မှာ သိဒ္ဓိနိုး၊ သိဒ္ဓိဖွင့်ကြရမကွယ့်။ ဟုတ်ပလား"

---

စိတ်ကူးသစ်စာပေ



"ဟုတ်ကဲ့ အဘိုး"

မကြာမတင်မီတွင် နေ့အလင်းသည် တောက်တောက်ခါးခါးကြီး လင်းကျင်း၍လာတော့၏။ မြေဝါမူလဘူတ စွမ်းအားကြောင့်ပင် မနောမယပတ္တမြားကဲ့သို့ ပကာတိစွမ်းအင်ရှိသောနေရာဝယ် အဘိုးဘိုးထွန်းနေ၏ အောင်မြင်ခန့်ညားသည့် ရွှတ်ဖတ်သရဇ္ဈာယ်သံက အစိုးတရ လွှင့်ပျံ့နေလေသည်။



ပထမအာဒိဆုတောင်း ပတ္တနာအောင်မြေ
(စက်ဦးစေတီ)

www.burmeseclassic.com

## (၄)

❑

သူ၏ မှတ်စုများကို ပြန်ကြည့်လိုက်သည့်အခါ သူကိုယ်တိုင် စီမံအုပ်ချုပ်နေသည့် ပြည်မြို့ရှိ ရွှေဆံတော်စေတီရင်ပြင်ပေါ်တွင် အံ့ဖွယ် တန်ခိုးသိဒ္ဓိရှင်တစ်ဦးကြွလာမည်ဟု အုတ်အုတ်ကျက်ကျက် ကောလာဟလ သတင်းစတင်ဖြစ်ပွားခဲ့သည့်နေ့မှာ ၁၉၃၀ ပြည့်နှစ်၊ နိုဝင်ဘာ ၂၉ ရက်၊ နေ့လယ်ချိန်ဖြစ်ကြောင်း တွေ့ရလေ၏။ နယ်မြေအတွင်း လူထု၏အခြေအနေကို စုံစမ်းထောက်လှမ်း၍ သတင်းပို့တင်ပြနေကြသည့် အရပ်ဝတ်စုံထောက်များ၏ လျှို့ဝှက်အစီအရင်ခံစာများကို တရစပ် လက်ခံ မှတ်ရှုနေရသကဲ့သို့ ပုလိပ်အဖွဲ့က တရားဝင်တင်ပြလာသည့် ရီပို့တ်များမှာလည်း ဖတ်မကုန်နိုင်အောင် ထပ်လျက်ရှိနေတော့၏။





ပြည်ခရိုင် အထူးရာဇဝတ်ဝန်ကြီး မစ္စတာဖေဗီးယားအဖို့ ၁၉၃၀ ပြည့်နှစ်လောက် အမှုကိစ္စတွေ ရှုပ်ထွေးဆန်းပြားသည့်နှစ်မျိုး ကြုံစဖူးခဲ့ပေ၊ မေလ (၆)ရက်နေ့က ပြင်းထန်ကြီးမားသော ငလျင်ကြီး ကြောင့် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းအတွင်းရှိ စီရင်စုနယ်မြေများမှာ များစွာအထိနာ ဆုံးရှုံးခဲ့ရသည်။

ခွဲရေးတွဲရေး အရှိန်ကလည်း တစ်စတစ်စနှင့် ရေချိန်မြင့် လာခဲ့ပြီဖြစ်လေရာ မြန်မာလူထုများ၏ အခြေအနေမှာ နွားနို့ကျိုသလို အပေါ်ယံတင်းပြီး အတွင်းကလှိုက်ဘွားစပြုလာပြီဟု မစ္စတာဖေဗီးယား က ထင်မိသည်။

သည့်အထဲ သာယာဝတီ အရေးကလည်း တစ်မှောင့်။

မြန်မာပြည်ခေတ္တဘုရင်ခံ ဆာဂျေအေမောင်ကြီးက ဒီဇင်ဘာ ၁၉ ရက်နေ့၌ 'သာယာဝတီဒါဘာပွဲသဘင်ကြီး' ခြိမ့်ခြိမ့်သဲသဲ ကျင်းပ မည့်သတင်းကို အခြေခံ၍ တောင်သူလယ်သမား လူထုတွေက တလှုပ် လှုပ်တရွရွဖြစ်နေရသည့်အထဲ ပြီးခဲ့သည့် နိုဝင်ဘာ ၂၁ ရက်နေ့က 'လူမိုက်ကံကောင်း'ဟူသော ထူးထူးဆန်းဆန်း ဂမ္ဘီရလူသားတစ်ဦး၏ အရေး က စိတ်မအေးဖွယ်ရာ ပေါ်လာပြန်လေသေးသည်။

'ကြွမှာဆိုသည့် အဖော်အပေါင်းနှင့် လာတတ်စမြဲ'ဟု ဆိုကြ ရာ ခေါင်းညိတ်လက်ခံရမလို ဖြစ်နေတော့၏။ 'လူမိုက်ကံကောင်း' ကြောင့် သာယာဝတီနယ်မှ မျက်နှာဖုံးကြွေးရတတ် ချစ်တီးကုလားသူဌေးကြီး 'ကျီးကန်းမ'၏ လူမဆန်သော မတော်မတရားမှုများမှာ ဘူးပေါ်သလို ပေါ်ခဲ့ရသည်။

ဟော ... အခု လာပြန်ချေပြီ။

ပြည်မြို့၏ အဓိကရ ရွှေဆံတော်စေတီကြီး၏ ရင်ပြင်တော်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



၌ တန်ခိုးသိဒ္ဓိရှင်တစ်ဦး ပေါ်လာဦးမည်တဲ့။ အားအားရှိလျှင်ပဲ မင်းလောင်းမျှော်ချင်နေကြသော လူထုတွေ၏ ဟဒယနှင့် အကြိုက်တွေ့လေသဖြင့် လာလိုက်ကြသည့် ဘုရားဖူးတွေမှာ ကြိတ်ကြိတ်တိုး။ ကြက်မျှမကျ။ ပြည်မြို့၊ မြို့မဂါတ်တဲမှ ပုလိပ်အဖွဲ့အင်အားနှင့်ပင် ထိန်းချုပ်မနိုင်မည်ကို စိုးရိမ်သဖြင့် ခရိုင်မြို့ကြီးဖြစ်သော သာယာဝတီမှ အင်စပိတ်တော် လက်စထရိတ်တို့အဖွဲ့၊ ကော့တလန်ယာဒ်မှ မစ္စတာ အိုကွန်နာနှင့် အိုဖာအိုလိန်းတို့ကိုလည်းကောင်း။ ပုလိပ်မင်းကြီး မစ္စတာရှပ်တဲဝပ်စေလွှတ်လိုက်သည့် အရပ်ဝတ်စုံထောက် မစ္စတာဂျိုန်းဘာကလေ၊ အင်စပိတ်တော် ဟင်နရီဂုဒ်တို့အဖွဲ့၊ မြန်မာလူမျိုးကျောင်းဆင်းစ ပုလိပ်အရာရှိပေါက်စ မစ္စတာတင်မောင်ဌေးတို့ကိုပါ အားဖြည့်ထားလိုက်ရလေ၏။ မင်္ဂလာဒုံတွင် တပ်စွဲထားသည့် ပန်ချာပီတပ်မှ လက်နက်ကိုင်တပ်စိတ်နှစ်စိတ်ကိုလည်း လက်ဖတင်နင်ဂရစ်ဖင်ကို ဦးစီးစေ၍ ဘုရားကုန်းတော်အနီးတစ်ဝိုက်တွင် တပ်စွဲထားစေခဲ့သည်။

"ဗိုး ... လူဆိုတာကလည်း အခေါက်သားကလားဗျား။ အသက်ကြီးလာတဲ့အခါကျတော့ အိမ်ကိုလွမ်းလာတယ်ဗျ။ အင်္ဂလန်မြေက စိမ်းလန်းတဲ့မြက်ခင်းတွေနဲ့ ခြံစည်းရိုးကလေးတွေကို လွမ်းလိုက်တာ မပြောပါနဲ့တော့။ အခြေအနေကလေးငြိမ်ရင် အင်္ဂလန်ကို ခဏပြန်ရဦးမလားအောက်မေ့မိပါတယ်။ ဒီပုံဆိုရင်တော့ အင်္ဂလန်ပြန်ဖို့နေနေသာသာ ကိုယ့်ကုလားထိုင်ကလေးပေါ်ကိုတောင် ကိုယ်အေးအေးငြိမ်းငြိမ်း နေရလိမ့်မယ်လို့ မထင်မိတော့ဘူး မစ္စတာဘာကလေရေ"

"ဒါတော့ မင်းကြီးက မြန်မာလူမျိုးတွေရဲ့ ခေတ်မမီလွန်းတော့တဲ့ ရှေးရိုးစွဲ အယူအဆတွေကို အထင်မှိုနေတာကိုး ခင်ဗျ။ ကျွန်တော်တော့မြင်ဖို့ အဲဒီ လောကီဂန္ဓာရီဆိုတာတွေကို လုံးလုံးယုံကြည်လို့ မရသေး





ဘူး။ လံကြုတ်တွေချည်းပဲ အောက်မေ့မိတယ်"

"နိုး ... နိုး ... အင်စပိတ်တော်ကြီး မစ္စတာဟင်နရီဂုဒ်ရေ။ ဒီနေရာမှာတော့ လူကြီးမင်း အမြင်အတွေးတွေ ချော်သွားပြီထင်တာပဲဗျ။ ကျုပ်တို့ မန္တလေးနန်းမြို့နဲ့ နေပြည်တော်ကိုသိမ်းတုန်းက ပြည်သိမ်းတပ်ဖွဲ့ခေါင်းဆောင် ဂျင်နရယ်ပရင်ဒါဂတ်နဲ့ မြို့ပြအုပ်ချုပ်ရေးတာဝန်ခံဆာရစ်ချက်တင်ပယ်တို့က ပထမဆုံး ဘာလုပ်ခဲ့တယ်ထင်သလဲ။ နန်းမြို့တော်အုတ်ရိုးတွေမှာ ထည့်သွင်းစီရင်မြှုပ်နှံထားတဲ့ 'ဂန္ဓာရအင်း'တွေ၊ ကျောက်သေတ္တာကြီးတွေ၊ ဆီအိုးကြီးတွေကို အရင်ဦးဆုံးတူးခဲ့၊ ဖော်ခဲ့တာဗျ။ သူ့လူမျိုးနဲ့ သူ့လူမှုဓလေ့တွေကို ဘယ်ဂရုမပြုလို့ရနိုင်မှာလဲ။ 'ရောမရောက်ရင် ရောမလိုကျင့်'လို့ဆိုတယ် မဟုတ်လား။ ကျုပ်တို့ရဲ့ ပြည်ထဲရေးအတွင်းဝန် မစ္စတာဘုတ်ဂရေဗလီ၊ ပဲခူးတိုင်းမင်းကြီး မစ္စတာဆွီးသင့်ဘင့်တို့တောင် မြန်မာပညာရှိ 'မှော်ဘီဆရာသိန်းကြီး'ကို ပင့်ပင့်ပြီး မြန်မာစာမြန်မာမှုတွေကို သင်ယူနေကြရဆဲပဲ မဟုတ်လား။ လက်ရှိအခြေအနေမျိုးမှာ မစ္စတာဟင်နရီဂုဒ်ရဲ့ အဲဒီစကားကြီးကို ဒီမှာတင်ပဲ ပျောက်ပါစေဗျာ။ အကျယ်အကျယ် မငြိမ်းမှုတွေမဖြစ်ရလေအောင် ခင်ဗျားရဲ့နှုတ်ကိုတော့ ထိန်းထိန်းသိမ်းသိမ်း ထားဦးဗျို့"

မင်းကြီးကိုယ်တိုင်နှစ်သက်မှု မရှိလေသည့်စကားကို အစပျိုးမိသဖြင့် အင်စပိတ်တော် ဟင်နရီဂုဒ်မှာ ချိုကတည်းက ယဉ်သကိုဆိုသလို နှုတ်ပိတ်သွားတော့သည်။

ဒါနဲ့ မင်းကြီးခင်ဗျာ၊ ဟောဒီ သိဒ္ဓိရှင်လူထူးဆန်း ပေါ်မယ်ဆိုတဲ့သတင်းက ဘယ်ကဘယ်လိုရခဲ့ကြတာလဲ။ ဘယ်လောက်ခိုင်မာသလဲဆိုတာ အတည်ပြုပြီးပြီလား ခင်ဗျ။ ပုလိပ်ဘက်ကရော ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ထင်ကြသတဲ့လဲ''

"အဲဒီဖိုင်တွဲတွေထဲမှာ ပုလိပ်ဘက်က နယ်ထိန်း(Surveillance) အစီရင်ခံစာတွေ (Reports) တွေရော၊ လျှို့ဝှက်စုံထောက်တွေရဲ့ တင်ပြချက်တွေရော အကုန်ပါလေရဲ့ မစ္စတာအိုကွန်နာရေ။ သတင်းကတော့ နိုင်လုံတယ်ဆိုရမှာပဲ။ ကျုပ်လည်း စစ်ကြည့်ပြီးပြီ။ အဲ ... ဒါပေမဲ့ သတင်းရဲ့ရင်းမြစ်ကိုတော့ တိတိကျကျ ဖြစ်လောက်အောင် သိပ်မရှင်းချင်သေးဘူးဗျ။ နေပါဦး ... မစ္စတာက ဘယ်လိုထင်လို့လဲ''

"သာယာဝတီမှာ ကျွန်တော်တို့စောင့်ကြည့်နေခဲ့တဲ့ 'လူမိုက်ကံကောင်း' ဆိုတဲ့ ငပေါ်လည်း သူနေတဲ့ဘုန်းကြီးကျောင်းက သူ့အဘိုးကပ္ပိယကြီးနဲ့အတူ ပျောက်သွားတာ သုံးရက်ရှိပြီတဲ့ခင်ဗျ။ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေလို့ပါ။ ဒီကိစ္စက 'ကံကောင်း' နဲ့များ တစ်နည်းနည်း ဆက်စပ်ပတ်သက်နေမလားလို့''

"ဟော''

ရှိရှိသမျှ နားရွက်အစုံတွေက စွင့်ခနဲထောင်၍ လာကြလေတော့၏။ 'လူမိုက်ကံကောင်း' တဲ့။ သာယာဝတီမှသည် ပြည်ကိုများ သိုက်ပြောင်းလာပြန်လေပြီလ ။ အားလုံးပင် သည်သတင်းအပေါ် အာရုံဝင်စားမိကြလေ၏။

(၃)

ကျနေသည် ဝင်းနေအောင်လင်းထိန်နေဆဲ။

အနောက်ဘက် မိုးကုပ်စက်ဝိုင်း အထက်နားဆီမှ နေဝန်းသည် ရွှေဆံတော်စေတီတော်မြတ်ကြီးအား အလင်းဖွင့်ပေးထားသည့်နှယ် ရွှေရောင်တွေအိနေအောင် တမင်မှုတ်နေဟန်ရှိတော့သည်။

ကံကောင်းနှင့် အဘိုးလေးသန့်တို့သည် ဝင်စေထွက်စေဆုတောင်းပဏ္ဍနာ အောင်မြေဖြစ်သော 'ဝလေးလုံးစေတီ' ရင်ပြင်တွင် သိဒ္ဓိနှီး၊ သိဒ္ဓိဖွင့် အစီအရင်အဓိဋ္ဌာန်ကျင့်စဉ်မြတ်ကြီး ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ဝန်းကျင်သည် ရုတ်တရက်ကြီး ပိတ်ပိတ်သားတိတ်

www.burmeseclassic.com



ဆိတ်သွား၊ အေးငြိမ်းသွားသလိုပင် ခံစားလိုက်ကြရလေ၏။ စေတီတော်၏ အရှေ့တောင်ထောင့်၌တည်ရှိသော ဝလေးလုံးစေတီသည် ရွှေတွေဝင်းအိနေသည့် ကိုးတောင်ပြည့် စေတီကလေးတစ်ဆူဖြစ်သည်။ အုတ်ပလ္လင်မခံဘဲ ကြာမှောက်ကြာလှန်မှနေစ၍ တည်သည့်မြေပေါက်စေတီကလေးဖြစ်၏။

ကံကောင်းရင်ထဲတွင် အေးနေငြိမ်းနေသည်။

မျက်ဝန်းတွေကမူ စိမ်းဖန့်ဝင်းလက်။

ရင်၌ တစ်ခုခုသော ပြဿနာကြီးနှင့် ဒက်ထိကြုံပေဦးတော့မည်ကို ကြိုတင်သိနေသည့်အလား တဒိုင်းဒိုင်းခုန်နေ၏။


"ကဲ... လူကလေးရေ ဆရာတော်ဘုန်းကြီးဘုရား တာဝန်ချထားတဲ့ကိစ္စအဝဝတော့ အလုံးစုံပြည့်စုံပြီကွယ့်။ ဒီကရှေ့တော့ဖြင့် လူကလေးရဲ့တာဝန်ပဲ ကျန်ပေတော့တယ်"

"အမျိုးဘာသာ၊ သာသနာအတွက် တာဝန်ကျေရပါစေမယ် အဘိုး"

ကံကောင်းသည် အဘိုးလေးသန့်ကို ထိုင်၍ ရှိခိုးကန်တော့လိုက်သည်။

"သာဓု၊ သာဓု၊ သာဓု"





ဝင်စေတွက်စေဆုတောင်းပတ္ထနာ အောင်မြေ
(ဝလေးလုံးစေတီ)

www.burmeseclassic.com

www.burmeseclassic.com

## (၆)

❑

"ဟိတ် ... ရပ်လိုက်စမ်း"

အောင်မြင်ခန့်ညားသည့် အသံဝါကြီးက မိုးခြိမ်းသလို ဟိန်း ထွက်လာသည်။ စရှိကြားလိုက်ရလျှင်ပင် ရင်တွေထဲအထိ လှိုက်၍ တုန်တက်သွား၏။ တစ်ခုံတစ်ရာသော စွမ်းအားကြီးတစ်ခုက စုပ်၍ဆွဲ ယူခြင်းခံလိုက်ရသလိုကြီး။ တပ်ကြပ်ကလေးဒါလင်တန်နှင့် သူ့တပည့် ကျော်တီကာရမ်း၊ ရာမက်ခန်း၊ စုလတန်ခန်း အာကျမ်းဆင့်တို့တစ်သိုက် မှာ လုပ်လက်စအလုပ်တွေကိုပင် တန်းလန်းရပ်လျက် မလှုံမလဲနှင့် အသံကြီးလာရာဆီကိုသာ အရေးတကြီး မော့၍ကြည့်လိုက်မိကြ၏။





"What are you doing now!"

'မင်းတို့ဘာလုပ်နေကြတာလဲ'ဟူသည့် အင်္ဂလိပ်စကားသံပီပီ အသံကြီးက 'ဝလေးလုံးစေတီ'စောင်းတန်းအထက်မှ ထွက်ပေါ်လာခြင်း ဖြစ်၏။ ညောင်ပင်ခြေရင်းတွင် ဝိုင်းထိုင်၍ ခိုးကြောင်ခိုးဝှက်လုပ်နေ ကြသော သူတို့လူတစ်စုမှာ သူတို့အား လက်ညှိုးညွှန်လျက် ပမာမခန့် ထိုးပိုင်နှင်းကြီး မေးခွန်းတွေထုတ်နေလေသည့် လူရှယ်ကို မှင်တက် မိကာ ငေးကြည့်နေမိကြသည်။

"မင်းတို့ကို ဘာ လုပ်နေသလဲလို့ မေးနေတယ်လေကွာ"

ကိုယ်အပေါ်ပိုင်းနှင့် အောက်ပိုင်းတို့၌ တစ်ဆက်တည်းနက်ပြာ ရောင် ပိုးရှမ်းတိုက်ပုံနှင့် ပိုးရှမ်းဘောင်းဘီရှည်ကို သေသေသပ်သပ် ဝတ်ဆင်လျက် အသားအရေ ကြည်ကြည်လင်လင်၊ ဥပမိရုပ်ကောင်း သည့် လူရှယ်၏မျက်လုံးများမှာ ထူးခြားလွန်းလှသည်။ မီးလျှံတွေပြာ ထွက်နေသည့်နှယ် တောက်စားနေပြီး ရူးရှလင်းလက်လွန်း၏။

"မင်းတို့မပြောလည်း သိနေပါတယ်ကွာ။ မင်းတို့လို နယ်ချဲ့ လက်သပ်မွေးခွေးအတွေဟာ ဒီလိုမြင့်မြတ်တဲ့ သာသနာ့မြေမှာ ကောင်း ကျိုးလို လာလုပ်ဖို့ကတော့ လုံးလုံးမဖြစ်နိုင်ပေဘူး။ မဟုတ်တရုတ် လုပ်ဖို့နဲ့ ငါတို့ရဲ့ ဘာသာသာသနာကို အကျိုးယုတ်စေမယ့်ကိစ္စလုပ်ဖို့ လျှဲလို့ ဘာရှိဦးမှာလဲ ... ဟုတ်သလား ကိုယ့်လူတို့"

"What the hell ..."

လူရှယ်၏ မထီလေးစား မခိုးမခန့်ဆက်ဆံခြင်းကို ခံလိုက်ရ၍ တပ်ကြပ်ကလေး ဒါလင်တန်မှာ ရှူးခနဲ ဒေါကန်သွားသည်။ နှုတ်မှ စကားလုံးကြမ်းကြမ်းတွေ ထွက်လာ၏။ သူ့ကို အထင်တကြီးရှိခွန်း သည့် သူ့တပည့်ကျော်များရှေ့တွင်ဖြစ်၍လည်း ပိုပြီးမခံမရပ်နိုင်ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့ပန်ချာပီတပ်ခွဲတွင်ရော၊ သူတို့၏နာမည်ကျော်ဘုရင့်မာလိုးတပ်ရင်းတွင်ပါ သူ့ကလက်သံပြောင်သည့် လက်ဖေ့ချန်ပီယံဖြစ်နေလေရာ စိတ်ကြမ်းလူကြမ်းသူ့အဖို့ လက်ရည်သွေးစရာ သဲအိတ်တစ်လုံးအလိုလို ခြေထောက်ပေါက်ပြီး သူနှင့်လက်တစ်ကမ်းသို့ ရောက်လာခြင်းဟု သဘောပိုက်လိုက်သည်။ သူ၏ကြီးမားသော လက်သီးကြီးများကိုပင် ယောင်၍ဆုပ်လိုက်မိသေး၏။

ခြေသံတဖျပ်ဖျပ်ကို ကြားလိုက်ရပြီးနောက် လူရွှယ်သည် သူတို့အနီးသို့ သစ်ရွက်ကြွေကလေး ဝဲပျံရောက်ရှိလာသလို လျှောခနဲရောက်လာလေ၏။

ဟုတ်သည်။ သူ့ကိုယ်က လျှပ်စစ်ဓာတ်လို စွမ်းအင်တစ်မျိုးဖြာထွက်နေသည်မှာ ဧကန်။ သူတို့အနားသို့ ဖျပ်ခနဲ ရောက်လာသည့် လူရွှယ်ကို စကားဟဟပြောဖို့ကိုပင် အလိုလိုရွံ့နေကြလေ၏။

လူရွှယ်သည် ပြာဖြစ်လုနီးမီးကျွမ်းနေသည့် ပေ,ပုရပိုက်များအင်းချပ်များ, စမချပ်များကို နမြေတသစွာ စိတ်နှလုံးမသာမယာ ကိုင်တွယ်ကြည့်ရှုနေ၏။

ဗ ဗ ပ ဗ ဗ ဗ ဗ ဗ ဗ ဗ ဗ ဗ ဗ ဗ ဗ ဗ

အ က မ ၄ ကံ ၄ သ ၄ မ ၄ က ၄ မ မ သ ၄

ခ ခ မ ခ ခ မွ ခ မွ မွ ခ

စတောအဌာရသစတော်ကြီး





"မင်းတို့ ဘာအားကိုးနဲ့ ဒီလောက်မိုက်ရိုင်းရသလဲ"

လူရွှယ်၏ ဦးခေါင်းထက်မှ ဆံပင်တွေ ထောင်,ထလာသည်။ ဦးခေါင်းတစ်ခုလုံးမှ မီးခိုးငွေ့တွေ ထောင်းထောင်းထ ထွက်လာပြီး မျက်လုံးနှစ်လုံးက လျှပ်စစ်မီးသီးလုံးနှယ် ဝင်းထိန်တောက်လက်လာနေတော့၏။

"ကော်ဘာရာ . . . ကော်ဘာရာ . . . ဒီကောင်, ဒီကောင် . . ."

"မင်းအသာနေ"

တပ်ကြပ် ဒါလင်တန်က သူ့တပည့်ကျော် ရာမက်ခန်းကို လက်ဖြင့်အသာတွန်းဖယ်ကာ မီးကျွမ်းပြာပုံကိုကြည့်နေဆဲ လူရွှယ်၏မေးရိုးဆီချိန်ရွယ်၍ မိမိရရကြီး ရုတ်တရက်အလစ်အငိုက် ထိုးချလိုက်၏။ သို့သော် မထိ။ လူရွှယ်က ခေါင်းကိုအသာငဲ့၍တိမ်းပြီး ကိုယ်ကိုနွဲ့ကာ ညာလက်ဖြင့် သူ့လက်သီးကို ဖမ်းထား၊ ဆုပ်ကိုင်ထားခြင်းကို ခံလိုက်ရသည်။

"အား . . . . Bull . . . Shit"

တပ်ကြပ် အာလင်တန်ခမျာ မချိမဆံ့ကြီး အော်နေရ၏။ တစ်ကိုယ်လုံး လျှပ်စစ်ဓာတ်လိုက်သလို လျှပ်စီးတွေစီးဝင်လာပြီး အသွေးတွေ အသားတွေ ခန်းခြောက်၊ အရိုးတွေ ကြေမွကုန်သလို။

"ဟိတ်"

"ယား"

"အလား"

"ဖုန်း"

"ခွပ်"

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အား ... အား ရှိုး ရှိုး"

တပ်ကြပ် အာလင်တန်ကို ဖမ်းချုပ်ထားခိုက်၊ ရာမက်ခန်းနှင့် အာဂျမ်းဆင်တို့က တစ်တောင်သာသာ တာမလန်းသား၊ ယင်းတိုက်သား အနှစ်နံပါတ်တုတ်ကြီးတွေကို ငှ်လျက်ကိုင်၍ အားရပါးရလွှဲကာ ဘယ်တစ်ယောက် ညာတစ်ယောက် အတင်းကြီး ဝင်ရိုက်ကြ၏။ 'ဗိုး'ခနဲ 'ဗိုး'ခနဲ လက်ဆပြင်းပြင်း တုတ်ချက်များက လိုရာကိုမရောက်။ ကြောင်ရိုင်းတစ်ကောင်လို လျင်မြန်လွန်းသည့်လူရွှယ်က ညင်သာပျော့ပျောင်းစွာ လူး၍လွန့်၍ ရှောင်တိမ်းနိုင်လိုက်၏။ လူရွှယ်၏ညာခြေဖျားက ဆတ်ခနဲ မြောက်တက်သွားလျက် ဗလကောင်းကောင်း၊ ဆင်ပေါက်ကြီးလို ရာမက်ခန်း၏မေးဖျားကို မိမိရရကြီး လွှဲကန်လိုက်မိရာ ဖွဲ့အိတ်ကြီး ပစ်ချလိုက်သည့်နှယ် ဝုန်းခနဲ လဲကျသွား၏။ လူရွှယ်က ကိုယ်ကိုလေတွင်ဝဲလျက် ဘယ်တံတောင်၊ ညာဒူးကို အတွဲလိုက်ကြီး အာဂျမ်းဆင်၏ နားထင်နှင့် နံကြားဆီသို့ ပစ်သွင်းလိုက်နိုင်ပြန်သည့်အတွက် ပန်ချာပီ စစ်သားကြီးခမျာ တုံးခနဲ ပစ်လဲကျသွားရပြန်လေသည်။

"Don't move"

'မလှုပ်နဲ့'ဟု အသံနက်ကြီးဖြင့် အော်ရင်း ဗြိတိသျှတပ်သား တီကာရမ်းနှင့် ရှုလတန်တို့က လက်စွဲတော် .၃၀၃ ရိုင်ဖယ်တွေဖြင့် လက်တန်းထိုး ချိန်ရွယ်ကာ အမိန့်ပေးလိုက်ကြ၏။

"ခြော် ... မင်းတို့က ဒီလိုလား။ မင်းတို့အားကိုးစရာက ဒါပဲရှိတာကိုးကွ။ ကိုင်း ... မင်းတို့မယုံ•ကဲ့ မြန်မာ့ဂမ္ဘီရပညာစွမ်းကို ပြလိုက်ရသေးတာပေါ့ကွာ ... ယောက်ျားဘသားပေါ့"

လူရွှယ်က သူ့ကိုယ်ပေါ်မှ ပိုးအင်္ကျီကို အသာချွတ်လိုက်ပြီး အောက်ခံကိုယ်ကျပ်အင်္ကျီကိုပါ ဆွဲချွတ်လိုက်ကာ လက်တွင်ဘယ်ညာ





ပြောင်း၍ကိုင်ရင်း မားမားကြီးရပ်နေ၏။ သူ့ရင်အုပ်တွင် ရဲရဲကြီးထိုးထားသည့် နဂါးကို ဂဠုန်သုတ်နေဟန် ဆေးမင်ကြောင်အရုပ်ကြီးက ဝင်းဝင်းဝါသော သူ့အသားအရေပေါ်၌ရှိနှင့်ပြီး ဆေးမင်ကြောင်များ၊ ကြောင်ရုပ်များ၊ အင်းများ၊ စမများ၊ ဆေးရိုးကြီးများနှင့်အတူ ထင်းထင်းကြီးမြူးနေအောင် အလှပြနေသလို ဖြစ်နေလေသည်။ လက်ယာနံတောင်းမှ မဟာပိန္နဲနတ် သံလျက်နှစ်ဖက် ကိုင်ထမ်းထားသည့်အရုပ်နှင့် လက်ဝဲနံတောင်းမှ မိုးငယ်ကျော်နတ်ဘီလူး စမှုန့စရုပ်တို့မှာလည်း ဟူးဟူးလျှင်လျှင် ဆေးထ,မာန်တက်လာနေသည့်ဟန်။

ဘယ်ကဘယ်လို သိလိုက်ကြလေသည် မသိ။

'ဝလေးလုံး' စေတီကလေးနှင့် အရှေ့ဘက်စောင်းတန်းတစ်လျှောက်၌ လူတွေကြိတ်ကြိတ်ခဲ စည်နေလေပြီ။

"ကိုင်း ... ပစ်လေကွာ၊ မင်းတို့မိစ္ဆာတွေရဲ့ ကျည်ဆန်ကပဲ မာသလား။ ငါတို့ ဗမာ့သတ္တိသွေးကပဲ ပိုမာသလား။ တစ်ပွဲတစ်လမ်း ဝမ်းကြည့်ကြရအောင် ... ယောက်ျား"

လူရွှယ်က မြန်မာလက်ဝှေ့သမားများနှယ် လက်ပ်ိနိုးပေါက်ကို 'တပြောင်းပြောင်း'ခတ်လျက် နှုတ်ကလည်း 'ဗုဒ္ဓမန္တန်'များကို ကျယ်ကျယ်လောင်လောင်ရွတ်ဆိုပြီး ဟန်ရေးတဝင့်ဝင့် ရှိနေသည်။

| | | |
|---|---|---|
| " အရဟံ | = | ဘုရားထက်သာ ဆရာမရှိ။ |
| အရဟံ | = | ဘုရားကိုပြိုင် နိုင်သူမရှိ။ |
| အရဟံ | = | ဘုရားကိုကျော် တော်သူမရှိ။ |



www.burmeseclassic.com

www.burmeseclassic.com



အရပ်                =  ဘုရားဂုဏ်တော်ခြုံ
                        ကိုယ်လုံးလုံခေါ်။
အရပ်                =  ဘုရားနဲ့တူ
                        ဖမ္ဗူမရှိ။
ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု ...”

(၇)

❑

လောက၌ လျှို့ဝှက်အပ်သော အရာဝတ္ထု၊ အလွန်တရာဆန်းကြယ်သော အရာဝတ္ထုကို ပညာရှင်များ၊ သူတော်များက ဖွင့်ထုတ်ပြောကြရိုး ထုံးစံမရှိပေ။ ထိုအရာဝတ္ထုတို့သည် သက်ဆိုင်သူတို့၏ စိတ်နှလုံးအိမ်အတွင်းမှာသာ တည်နေကိန်းနေလျက်ရှိသည်၊ ခိုအောင်းနေလျက်ရှိသည်။

“လူ့ရပ်မပျော်၊ လူစော်လူနံ့၊ ကင်းလန့်ရှပ်ဝါ၊ လူ့ရွာမရှင်၊
လူတွင်မဆိတ်၊ နတ်တံဆိပ်နှင့်၊ ကေသိသ်ဝိဇ္ဇာ၊ ထွက်ရပ်ဖြာ”

လူ့ရပ်လူ့ဌာနမှထွက်၍ တောတောင်အရပ်၌ လျှို့ဝှက်စွာဖြင့် အမျိုးဘာသာ သာသနာတော်အတွက် တာဝန်ထမ်းဆောင်နေကြသော သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တို့ကိုလည်း ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များဟု လူအများက မှတ်ယူလေ့ရှိကြ၏။

ထိုထိုပုဂ္ဂိုလ်ထူးတို့သည် (၁၀၈)နဝင်းဓာတ်ကို ခရီးခက်ခဲခဲ



www.burmeseclassic.com

www.burmeseclassic.com



မိအောင်ဖမ်း၍ အချို့ကာဒေဝသိဒ္ဓိပေါက်ခြင်း၊ အချို့အမြင်ဓာတ်၊ အကြားဓာတ်နှင့်တကွ အသိဓာတ်၊ မနောမယ ပညာအရပ်ရပ် ပေါက်ရောက်ခြင်း၊ မဟာိဒ္ဓိဓာတ် ပေါက်ရောက်အောင်မြင်ခြင်းရှိကြမြဲသာ။

'ထိုပုဂ္ဂိုလ်မြတ်ကြီးများက အမျိုးဘာသာ သာသနာတော်ကြီးနှင့်တကွ ပါရမီရှင်များအတွက် မိမိတို့ကဲ့သို့ ပေါက်ရောက်အောင်မြင်ကြစေရန် မဟိဒ္ဓိဓာတ်တို့ကို ချိုက်ခဲ့ကြသည်။ အချို့က မဟိဒ္ဓိဓာတ်ချိုက်ပြီးမှ စေတီတည်ကြသည်။ အချို့က တန်ခိုးကြီးဘုရား ပရိဝုဏ်တို့၌ သစ္စာပန္နက်မြှုပ်ဆို၍ ချိုက်ခဲ့ကြသည်။ ၎င်းကို အဏုမြူကာလာပ်ဟုလည်းကောင်း၊ မိုးကြိုးဓာတ်ဟုလည်းကောင်း၊ နဝင်းဓာတ်ဟုလည်းကောင်း၊ မဟိဒ္ဓိဓာတ်ဟုလည်းကောင်း၊ အောင်မြေ 'A Vantage Ground' ဟုလည်းကောင်း ဆိုကြသည်။

ယင်းအောင်မြေကို 'ဝိဝိဓေန ကရိယတေတိ ဝိကတိ' အလွန်တရာ အထူးထူးအပြားပြား ဆန်းကြယ်စွာသော စွမ်းအင်ဖြင့် ပေါက်ရောက်အောင်မြင်ပြီးသော ပုဂ္ဂိုလ်ထူးတို့က စီရင်အပ်၊ ချအပ်၊ မြှုပ်ထားအပ်သောကြောင့် 'ဝိကတိအောင်မြေ' ဟု ဆိုကြလေသည်။

'ဝိကတိအောင်မြေ' ဟူသည် မြေအပြင်လည်း ဖြစ်နိုင်သည်။

စေတီ၊ ဘုရား၊ ပုထိုးတော်လည်း ဖြစ်နိုင်သည်။

သိမ်၊ ကျောင်း၊ ဇရပ်၊ ဗိမာန်တော်လည်း ဖြစ်နိုင်သည်။

သိဒ္ဓိဓာတ်၊ မဟိဒ္ဓိဓာတ်တွေကိန်းနေသည့် လူပုဂ္ဂိုလ်လည်း ဖြစ်နိုင်တတ်မေသည်။

သို့ဖြစ်၍သာ ...

(၈)

"ပစ်လေကွာ ... မိစ္ဆာတွေရဲ့၊ ပစ်လိုက်စမ်းပါကွယ်၊ မင်းတို့သခင်တွေအားရအောင် ပစ်လိုက်စမ်းပါ"

လူရှယ်၏ ဝင်းဝင်းတောက်သော မျက်လုံးတွေက ရောင်လျှံထွေပြာထွက်လာခဲ့ပြီ။ သံတွေခဲကဲ့သို့ ကျစ်လျစ်မာကျောသော ကိုယ်ကောင်ကြီးကလည်း ကြည့်ရင်းကြည့်ရင်း ပို၍ပို၍ ကြီးမားလာလေသယောင်။

"ပစ်လေ ...ပစ်ပါတော့လား"

"ဗမာသွေးတဲ့ဟေ့"

စိတ်တူးသစ်တာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၉)

"အို ... အလို၊ ကံကောင်းမပါပဲကလား"

သတင်းကြားကြားချင်း၊ ပြည်ခရိုင်ရာဇဝတ် ဝန်ကြီးရုံးရှိရာ မြို့လယ်မှ တရုမန်းကြမ်း ကဆုန်ပေါက် ပြေးချလာခဲ့ကြသည့်တိုင် အရေးအခင်းကို မထိန်းမအုပ်မိလိုက်တော့။

အကွဲကွဲအပြဲပြဲ သွေးအလိမ်းလိမ်းတွေဖြင့် လူအုပ်ကြီး၏ ရန်လိုရိုက်ပုတ်မှုကိုခံနေရသည့် ပြည်ခရိုင်မြို့စောင့်တပ်မှ တပ်ကြပ်ဒါလင်တန်တို့အဖွဲ့ကို ဆွဲထုတ်နိုင်ဖို့ကြိုးစားနေရင်း သူ့မျက်နှာတည့်တည့်ဆီသို့ 'ဝိုး'ခနဲလွှင့်ပျံလာသည့် အုတ်ခဲနီနီ ထက်ပိုင်းကျိုးကြီးကိုသာ စကော့တလန်ယာဒ်မှ စုံထောက်ကျော် 'ဖရင့်အိုကွန်းနား'ခမျာ မှတ်မိလိုက်တော့သည်။





"Oh, My God!"

သူသတိလစ်မသွားသေးမီ 'ကံကောင်း'၏ ပြုံးလဲ့လဲ့ မထီအရိုမျက်နှာနှင့် မီးတောက်မတတ် ဝင်းလက်နေသည့် သူ့မျက်ဝန်းလျှံတွေကို စဉ်းစားလိုက်မိသေးကြောင်းကား ထူးပြောရန် မလိုတော့ပေ။ ။

■ ■ ■

'ရတနာတြိနမာမိ'
မိုးကျရွှေကိုယ်

www.burmeseclassic.com

www.burmeseclassic.com



# (၁)

❏

"ဥဩ ...ဥဩ ...ဥဩ"

တောင်မရိုးပင်ကြီး၏ ထိပ်ဖျားထက်ဆီမှ နွေဥဩငှက်ငယ်ကလေးတစ်ကောင် လေးတွဲ့သောတွန်သံကလေးက နွေရာသီ၏သရုပ်ကို ပီပြင်အောင် ဖော်ထုတ်နေသယောင် ...

နွေရာက ...

"ကြက်လျှာစွန်းစခန်း"

ယခုတစ်ခေါက် အမဲပစ်ထွက်ခဲ့သောခရီးက အလယ်ရိုးမအတွင်းဆီသို့။ ရွာခံမုဆိုး 'ငပိန်'က သူတို့စခန်းတွင် 'ပြောင်နှင့်စိုင်' အုပ်များရောက်ရှိနေပြီဖြစ်၍ လာရောက်ပစ်ခတ်ရန် လာရောက်ခေါ်သည့်အတွက် ရောက်လာခဲ့ရသော ခရီးစဉ်ပင်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခရီးစဉ်က ရန်ကုန်မှလှည်းကူး၊ ဖောင်ကြီးဗဟိုဝန်ထမ်း တက္ကသိုလ်၊ ထိုမှတစ်ဆင့် တောင်ကျရေတို့စီးဆင်းရာ 'ဝါးချောင်း' အတိုင်း မဆယ်ကုန်း၊ ဝါးချောင်း၊ မွေးနီ၊ အုံတုံပင်၊ ဥနဲပင်အထက်ပင် ကျွန်တော်တို့အဖွဲ့ 'ကြက်လျှာစွန်း' စခန်းအထိုင်ချရာဆီသို့ရောက်တော့ (၃)နာရီပင် ထိုးနေခဲ့ပေပြီ။

တောကနက်သလို ရွက်ကြွေတောများလည်းဖြစ်သဖြင့် လေအဝေ့တွင် ရော်ရွက်ဝါကလေးများတို့က တဖြုတ်ဖြုတ် ကြွေကျနေသည်။ အဖွဲ့သားအားလုံးပင် ယူဆောင်လာကြသည့် သေနတ်များတို့ကို တစ်စချင်းဖြုတ်ကာ တိုက်ချွတ်ဆီကျွေးနေစဉ် ...

"ဥာဏ်ကျယ်လေး ... ချွေးတွေ ဂုံမင်းတောစမှာ ကြောင်ငါးပိတွင်းကိုအနံ့ရလို့ အတင်းတွင်းကိုအနံ့ခံပြီး ယက်နေကြတယ်။ သွားတူးလိုက်ကြမလား"

ရွာခံမုဆိုးငပိန်က လှမ်းပြီးမေးလိုက်သည့်အတွက် ဥာဏ်ကျယ် ပြန်ဖြေလိုက်ပုံက ...

"မင်းကြောင်ငါးပိက မြေကြွက်လောက်ရှိတာ။ ဟင်းစားဘယ်လိုရမှာလဲကွ။ မုဆိုးခရမ်းချဉ်လေး ဘာလေးဆို ဟုတ်တုပ်တုပ်"

ဥာဏ်ကျယ်ပြောလိုက်သည့် စကားတို့ကလည်း ဟုတ်တော့ ဟုတ်သည်။ တောတွင်းရှိ တောကြောင်များဆိုသည်တို့က မျိုးစိတ်တို့ ကအိမ်များသား။ ကြောင်မြင်း၊ ကြောင်ပါး၊ ကြောင်မြီးတံတို၊ ဝါးယောင်ကြောင်ပြောက် (နွယ်တန်းလျှောက်ကြောင်)၊ ကြောင်ဝံပိုက်စသည့် အလေးချိန် သုံးလေးဆယ်ထိ ရှိတတ်ကြသည့် ကြောင်ကြီးမျိုးအပြင် အသေးဆုံး လယ်ကြွက်လောက်ရှိသည့် ကြောင်ငါးပိလို အကောင်လောက်ထိ ရှိကြသည်။





ယခု ရွာခံမုဆိုး 'ငပိန်' ပြောသည့် ကြောင်ငါးပိဆိုသည့် အမျိုးက တောကြောင်မျိုးစိတ်သာ ဆိုသည်၊ သူတို့နေထိုင်ကြသည်က ကြွက်များတို့လို မြေတွင်းအောင်းကာ မြေကြီးထဲတွင်နေသည့် အမျိုးအစား။ စားသောက်ကြသည့် အစားအစာတို့က အသီး၊ အညွန့်နှင့် အရွက်များ၊ သစ်ဥသစ်ဖုတို့။ အကြီးဆုံးသောအကောင်သည် မြေကြွက်လောက်သာရှိပြီး သူ့ ဥယ်မှထွက်သောအနံ့က 'ငါးပိနံ့' အလွန်နံသည်။ မုဆိုးများနှင့် တောသူတောင်သားတို့က ထိုအကောင်မျိုးကို ဖမ်းဆီးရမိခဲ့လျှင် အမွေးကိုရေနွေးဖြောကာ အမွေးနှုတ်လိုက်ပြီး ချက်ပြုတ်စားသောက်သောအခါ ငါးပိနံ့မနံတော့။ ဝက်သားလို အခေါက်၊ အဆီနှင့် အသားတို့နှင့် အလွန်အမင်း စားလို့ကောင်းသော အကောင်ကလေးမျိုးပင် ဖြစ်ပေသည်။

ဥာဏ် ကျယ်က ထိုကဲ့သို့ အကောင်သေးလေးကို ကျွန်တော်တို့အဖွဲ့ စား၍မလောက်သဖြင့် ကြီးကြီးမားမား ဟင်းစားရမည့် မုဆိုးခရမ်းချဉ် 'ချေ'လိုအကောင်မျိုးကို ပစ်ခတ်ရန် ပြောဆိုလိုက်ခြင်းဖြစ်ပေသည်။ သို့အတွက် ငပိန်ကလည်း ...

"မုဆိုးခရမ်းချဉ်က ဘယ်အချိန်သွားပစ်ပစ် ရပါတယ်။ ကြောင်ငါးပိက ရှားတယ်လေ။ ရလည်းရခဲတဲ့အကောင်မျိုး။ ကဲ ... ဟင်းစားလေး သွားရှာလိုက်ရအောင်။ သေနတ်ယူပြီး လိုက်ခဲ့။ ဒူးမဲ့လိုအကောင်မျိုးလောက်ဆို တော်ပြီလား"

"ဟုတ်ကဲ့"

သူ့အပြောကြောင့် ကျွန်တော်ပင် အာမေဋိတ်သံ ထွက်သွားကာ သူ့ကိုကြည့်နေမိလိုက်သလို အဖွဲ့သားအားလုံး အကြည့်တွေလည်း သူ့ဆီရောက်သွားကြသည်ကအမှန်။ သူ့အပြောက "သမားဂုဏ်ပြုလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်’ စကားမျိုးမို့ကြောင့်ပင်။ အဘယ့်ကြောင့်ဆိုသော် သူပြောလိုက်သည့် ‘ဒူးမဲ’ ဆိုသည့် ချေမျိုးကား ရှိတော့ရှိသည်၊ အလွန်ရှားပါးသည့် ချေမျိုး ဖြစ်နေခြင်းကြောင့်ပင်။

အချို့သောတောများတို့တွင် ယခုသူပြောလိုက်သော ချေကို ‘တောကြီးချေ’ ဟူ၍လည်း ခေါ်ကြပြန်သေးသည်။ အလွန်ရှားပါးသော အမျိုးအစားမျိုးဖြစ်ပြီး အကောင်တစ်သောင်းတွင်ပင် တစ်ကောင်လောက်ကို တွေ့ရခဲသည်။

ချေတစ်ဆယ် ဒရယ်အစိတ် ဆိုသည့်စကားအရ တောကောင်များတို့အတွင်း အများဆုံးတွေ့နေရသည့် ချေ(ဂျီ)မှာ အလွန်ကြီးသော အကောင်သည် အချိန်တစ်ဆယ်ရယ်သာပင်။ သို့အတွက် အထက်က တင်ပြခဲ့သလို ‘ချေတစ်ဆယ်’ ဟူသောစကား ပေါ်လာဟန်ပင်။ သို့သော် သူပြောသည့် ‘ဒူးမဲ (သို့) တောကြီးချေ’ ဆိုသည့်အကောင်မျိုးက အလေးချိန် (၁၇ မှ ၂၀) သာသာထိ ကြီးတတ်သည့်အကောင်မျိုး။

ယခုသူပြောလိုက်သည့်စကားက မုဆိုးရေမီးချဉ်ဆိုသော်လည်း အလွန်ရှားပါးသည့်အကောင်ကိုမှ ယူမလားဆိုသည့်စကားက အဓိပ္ပာယ် တာသွားနေသည်က အမှန်။

ညာဏ်ကျယ်က ပွိုင့်တူးတူးသေနတ်ကလေးကို ‘ဟောလိုး’ ကျည်တစ်တောင့် ပြောင်းရင်းသို့သွင်းကာ မောင်းတင်လိုက်ပြီး သူ၏ ဦးဆောင်ရာနောက်ဆီသို့ လိုက်သွားသည်ကို တွေ့လိုက်ရသည်။

ပွိုင့်တူးတူကျည်ဆိုသည်က လေးမျိုးရှိသည်။ ငှက်ပစ်သေနတ်မျိုးဆိုသော်လည်း ကျွန်တော်တို့နိုင်ငံတွင် ကျည်ဆန်ကလိုအပ်သလို ပေါပေါများများ မသုံးနိုင်သဖြင့် ထိုကျည်လေးမျိုးနှင့် လိုက်ဖက်မည့် အကောင်များတို့ကို နှိုင်းချိန်ပစ်ခတ်နေရသည့် အခြေအနေမျိုး။





ထိုကျည်ဆန်တွင် ကျည်ဆန်ထိပ်ဖူးက ခဲဖူးနှင့်လုပ်သလို ကြေးဖူးနှင့်လည်း လုပ်သည်။ တစ်မျိုးက ရိုးရိုးထိပ်ဖူး၊ ဆောလစ်ကျည် (Solid) ကျည်ဆန်ဟုခေါ်သည်။ နောက်တစ်မျိုးက ဟောလိုးကျည် (Hollow) ဟုခေါ်သည်။ ကျည်ဆန်ထိပ်ဖူးတွင် အခေါင်းပေါက်ပါသည်။ ထိုကျည်နှင့် ချေလိုအကောင်နှင့် ဒရယ်လိုအကောင်မျိုးကိုပစ်ခတ်ပါက ကိုယ်တွင်းရှိ အရိုးနှင့်ထိလိုက်ပါက နောက်တစ်ဆင့် ထပ်မံကွဲသဖြင့် ထိချက်ကပိုပြင်းသည်။ ထိရောက်မှုရှိသည်။

နောက်တစ်မျိုးက “စရိတ်ကျည်” ဟုခေါ်သည်။ ထိပ်ဖူးမပါ။ ထိပ်ဖူးကိုဒဲ့ပိတ်ထားသည် (နှစ်လုံးပြူးကျည်ဆန်မျိုး)။ ပစ်ခတ်လိုက်ပါက အတွင်းမှ ကျည်ခဲလုံးသေးသေးကလေးလေးများတို့က နှစ်လုံးပြူး ကျည် ထိမှန်သည့်ပုံစံအတိုင်း သွားရောက်ထိမှန်စေသည်။

မှတ်ချက် . . . ထိုကျည်ဆန်စရိတ်ကျည်မျိုးကိုတော့ ကျွန်တော်တို့လို မုဆိုးများတို့က မြွေဟောက်ကြီးများနှင့် ငန်းမြွေကြီးများတို့၏ ပါးပျဉ်းကို ပစ်ခတ်ကြသည်။ နောက်ဆုံးမျိုးကတော့ (HONESTLONG) လို့ခေါ်တဲ့ ကျည်ဆန်။ ထိုကျည်ဆန်မျိုးက အလွန်လည်းရှားသည်။ ကျည်ဆန်ပုံစံကိုမြင်သာအောင် ပြောပြရမည်ဆိုလျှင် (အမ်-၁၆) ကျည်ဆန်ပုံစံမျိုးပင်။ အချို့ဆိုလျှင် ထိုကျည်ဆန်မျိုးနှင့် ပြောင်နှင့်စိုင်လို အကောင်မျိုးထိ ပစ်ခတ်ကြသည်။

အမှန်အတိုင်းပြောရမည်ဆိုပါလျှင် ပွိုင့်တူးတူးဆိုသည့် သေနတ်မျိုးကလေးများတို့ကို သူတို့နိုင်ငံများဆီက ငှက်ပစ်ရန်သက်သက်ကိုသာ ရည်ရွယ်ထုတ်လုပ်ထားသော်လည်း သူနှင့်ပစ်ခတ်နိုင်သည့် အထက်ကတင်ပြခဲ့သည့် ကျည်ဆန် (၄)မျိုးစလုံးသည်လည်း အလွန်ကြီးပါဆိုသည့် အကောင်မျိုးဆိုပါမှ ‘ခေါင်း၊ မျောက်၊ လင်းယုန်၊ မန်ဒါလီ၊ ဆတ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒိုး၊ ခ ... ငန်းရိုင်းတို့လို အကောင်ကြီးများတို့လောက်သာ ပစ်ခတ်ရန်အတွက် ထုတ်လုပ်ထားခြင်းရယ်သာ။

ယခု ကျွန်တော်တို့က ကျည်ဆန်ရှားပါသည့်အတွက်ကြောင့် ဟောနက်စ်လောင်း (HONESTLONG) လို ကျည်ဆန်မျိုးနှင့် ပြောင်နှင့်စိုင်တို့လိုအကောင်မျိုးကို သေကွင်းကိုထိရောက်စွာနှင့် အပိုင်ပစ်ခတ်နေကြရသည့် အနေအထားမျိုးပင်။

"ဖန်း"

စခန်းနောက်ကျောဆီမှ သေနတ်ပစ်လိုက်သံကလေးတစ်ချက်ကို ကြားလိုက်ရပြီး သိပ်မကြာလိုက်။ သူတို့နှစ်ယောက် ချေတစ်ကောင်ကို ခြေနှင့်လက်များကို နွယ်ကြိုးနှင့်တုပ်ကာ ဝါးတစ်လုံးနှင့် သပ်လျှိုထမ်းကာ ပြန်လာကြသည်ကို တွေ့လိုက်ရသဖြင့် သားကောင်ကိုလှမ်းကြည့်လိုက်တော့ အချိန်(၂၀)နီးပါးရှိသည့် ချေတစ်ကောင်။ သူပြောသည့် 'ဒူးမဲချေ'ပင်ဖြစ်နေသည်ကို အံ့ဩစွာ တွေ့မြင်လိုက်ရပေသည်။

ကျွန်တော်တို့သေနတ်များကို တိုက်ချွတ်ဆေးကြောပြီးကြပြီမို့ အနားယူရင်း အရက်သောက်နေစဉ် သူတို့က ချေကိုအရည်ချ၊ ဗိုက်ကိုခွဲက အူထုတ်၊ ချေးခါးဖမ်းသူကဖမ်း၊ ဝမ်းတွင်းသားကိုချက်သူကချက်၊ အသားများကို ခုတ်ထစ်ပိုင်းဖြတ်ပြီး ကြော်သူကကြော်၊ ကင်သူကကင်ကြနှင့်မို့ ထမင်းစားချိန်ကို စောင့်နေပေသည်။ အချိန်ကရနေသည်မို့ တောတွေအကြောင်းနှင့် သားကောင်အခြေအနေများတို့ကို မေးမြန်းနေလိုက်မိပေသည်။

"ကိုပိန် ... မောင်ရင်ပြောတဲ့ သားကောင်အုပ်ကြီး ဘယ်နေရာမှာလဲ"

"ကြိမ်နီတောဘက်မှာ လှည့်ပတ်နေကြတယ်။ ပိုသေချာ





အောင် မနက်ဖြန်ကျွန်တော်တို့ ခြေရာလိုက်ကောက်လိုက်ရင် ... ကိုလို့ဆလို့ရပါတယ်။ သေချာပေါက်ပစ်ရမှာပါ"

"သားကောင်တွေကော ပေါရဲ့လားကွ"

"ပေါမှပေါ။ ဒါပေမဲ့ သားကောင်ကြီးတွေ နောက်ကိုအမိကထားလိုက်ကြမယ်ဆိုတော့ တွေ့တဲ့အကောင်တိုင်းကို လိုက်မပစ်မိဖို့ကအဓိကကျတယ်လေ"

"ဒါတော့ ငါတို့သဘောပေါက်ပြီးသားပါ။ ဒါကြောင့်ဟင်းစားအတွက် သေနတ်ကလေးတွေ ယူလာခဲ့တယ်လေ။ လေသေနတ်လည်းပါလာတာတဲ့။ စားပင်စောင့်လို့ရတာပေါ့"

"လေသေနတ်ပါရင်တော့ ဟင်းစားမငတ်ပါဘူး။ စားပင်တွေတအားပဲ"

"ဟုတ်လား ... ဘာပင်တွေလဲကွ၊ စားပင်ဆိုတာက .."

"ခုအချိန်က စားပင်တွေ သီးကြမှည့်ကြတဲ့ အချန်ဆိုတော့စုံတာပေါ့လေ။ တပလာက ကျွန်တော်ဝံတစ်ကောင်တောင် ရလိုက်သေးတယ်ဗျ"

"ဟုတ်လား ... ဘာနဲ့ပစ်တာလဲ"

"ဘာနဲ့မှမပစ်ဘူး။ တုတ်နဲ့ရိုက်သတ်ပြီး ရလာတာ"

"ဟာ ... တယ်ဟုတ်ပါလား ကိုပိန်ရ။ ဘယ်လိုရိုက်ခဲ့တယ်ဆိုတာ ပြောပြပါဦး"

"သူမူးလဲနေတုန်း ဝင်ရိုက်ယူလိုက်တာလေ"

"ဘာကွ ... ဝံကမူးလဲနေရအောင် သူတို့က အရက်သောက်လို့လား"

ကျွန်တော်က ဝံတစ်ကောင်မူးလဲနေသည်ကို တုတ်နှင့်ဝင်ရိုက်



www.burmeseclassic.com

www.burmeseclassic.com



သတ်သည်ဆိုသဖြင့် တအံ့တသြမေးလိုက်သလို သူ့စကားကိုနားထောင်နေကြသည့် အဖွဲ့အသားအားလုံးတို့ကလည်း တအံ့တသြနှင့် သူ့ကိုဝိုင်းကြည့်ရင်း အစ်ကိုကြီး ဦးသိန်းလွင်က ...

"ဝံက ဘယ်လိုကြောင့် မူးလဲနေရတာလဲ။ ပြောပြပါဦး ကိုပိန်ရ"

ကျွန်တော်တို့ အမှန်တကယ် မသိသေးသည့်ကိစ္စမို့ တအံ့တသြ ဖြစ်နေကြသည်ကို သူက ကျွန်တော်တို့မျက်နှာများကို လိုက်လံကြည့်နေရင်း ...

"ဟိုအသီးနဲ့ ဟိုအပွင့်ကို စားလို့လေဗျာ"

"ဟ ... ဘယ်အသီးနဲ့ ဘယ်အပွင့်လဲကွ။ ပြောစမ်းပါဦး"

"ဟိုအပင်ရဲ့အသီးနဲ့ အပွင့်လေဗျာ။ နေပါဦး ဘာပင်ပါလိမ့်။ ပြောတော့မယ်ဆိုရင် မေ့တယ်ဗျ။ သတိတွေက သိပ်မကောင်းတော့ဘူး"

သူက ခေါင်းကိုကုတ်၊ မျက်စိကိုမှိတ်ပြီး စဉ်းစားလိုက်သည်။ အတန်ကြာတော့မှ ...

"အဲ ... အဲ ... သတိရပြီဗျ။ မယ်ဇယ်ပင်။ ဟုတ်တယ် မင်ဇယ်ပင်က အသီးနဲ့အပွင့်တွေကိုစားပြီး မူးလဲနေတာ"

"ဘာလဲကွ ... မယ်ဇယ်ပင်ဆိုတာ။ ရှင်းပါဦး။ ဘယ်လိုအပင်မျိုးလဲ"

"ဒီလိုဗျ။ မယ်ဇယ်ပင်ဆိုတာ ခင်များတို့ကြားဖူးကြမှာပေါ့။ အများကြားဖူးနေကြတာက မဥ္ဇူကနတ်ပန်းပင်ဆိုတဲ့အပင်ရဲ့ အသီးနဲ့ အပွင့်ကို စားကြတာလေ"

"ဟုတ်လား ... အံ့သြစရာပဲနော်။ ဘယ်လိုစားကြတာလဲ





ပြောပြပါဦးကွ"

"ဒီလိုလေဗျာ။ ဒီလိုအချိန်အခါမျိုးမှာ သီးပင်စားပင်တွေက သီးကြပွင့်ကြတဲ့ အချိန်မျိုးဆိုတော့ တောနေသတ္တဝါတွေကလည်း ဘယ်နေရာ ဘယ်အပင်ရှိတယ်။ ဘယ်အချိန် ဘယ်အသီး ဘယ်နေရာမှာ သီးတယ်ဆိုတာ သိကြတယ်ဗျ။ ဘယ်အသီးကို စားရင်ကောင်းတယ်။ ဘယ်အသီးအပွင့်ကိုစားရင် ဘယ်လိုဖြစ်တတ်တယ်ဆိုတာကို သူတို့သဘာဝအသိနဲ့ သိနေကြတာကိုးဗျ။ အဲဒီမှာ မယ်ဇယ်ပင်တွေပွင့်တဲ့အပွင့်အကြောင်းကို သူတို့လည်းသိကြမှာပေါ့ဗျာ။ အဲဒီ အသီးနဲ့အပွင့်ကို စားရင် မူးတတ်တယ်။ နောက်ပြီး အသက်အန္တရာယ်မဖြစ်ဘူး။ အံမူးပြေရင် ပုံမှန်ပုံစံမျိုး ပြန်ဖြစ်တယ်ဆိုတာကို သူတို့သိကြမှာပေါ့။ လူတွေအတွက် အရက်သောက်သလိုမျိုး နေကြမှာပေါ့လေ။ အချိန်ရောက်ရင် အဲဒီအပင်ဆီကို အကောင်တွေ ရောက်လာကြတာပဲ"

"ဟုတ်လား ... ဘာကောင်တွေ ရောက်လာတတ်ကြသလဲကွ"

"ကျွန်တော် သိရသလောက်တော့ တောဆင်ရိုင်းတွေလည်းပါတယ်။ တောဝက်တွေလည်း တွေ့တယ်။ ဝံတွေကိုလည်း တွေ့ရတယ်။ အထူးသဖြင့် ဝံတွေက သစ်ပင်တက်တတ်တော့ အပင်ပေါ်တက်ပြီး ခူးစားကြတော့ ပိုပြီးမူးတာတွေ့ရတယ်။ တောဆင်ရိုင်းကလည်း သူ့နှာမောင်းနဲ့လှမ်းဆွဲလို့ မီတဲ့နေရာလောက် အသီးအပွင့်ကို စားကြရတာဆိုတော့ နည်းပါတယ်။ တောဝက်ဆိုတာကတော့ သူတို့မစားနိုင်လို့ မြေပြင်မှာ ကျနေတဲ့အပွင့်လောက် စားကြရတာပါ။ အထူးသဖြင့် ဝံတွေကိုအတွေ့များတယ်လေ"

"ဘယ်လိုစားကြတာလဲကွ။ ပြောပါဦး။ ဗဟုသုတပေါ့"

www.burmeseclassic.com



"မယ်ဇယ် နှင်းတွေ ပွင့်ကြတဲ့အချိန်မှာ ဝံတွေက အပင်ပေါ်ကို တက်ပြီး ပန်းတွေနဲ့အသီးအဆံတွေကို စိတ်ကြိုက်စားပြီး မူးလာကြတော့ အောက်ကိုဆင်းပြီး ပြန်ကြတယ်။ ဒါပေမဲ့ အစားလွန်သွားကြသလားတော့မသိဘူး။ သူတို့အသိုက်ကို မပြန်နိုင်ကြတော့ဘဲ လမ်းတောင်ဆက်မလျှောက်နိုင်ဘဲ ဒီမှာတင်လဲနေကြတုန်း ကျွန်တော်တွေ့ပြီး ရိုက်သတ်လာခဲ့တာလေ"

ရှာခံမှဆိုး 'ကိုပိန်' ပြောဆိုသည့်စကားကြောင့် ကျွန်တော် အတော်ကလေး တအံ့တသြ ဖြစ်သွားမိသည်နှင့်အတူ ပြန်မေးလိုက်မိသည်က ...

"ဒါဆိုရင် ငှက်ကျပင်လိုမျိုး နေမှာပေါ့နော်"

"မတူဘူးဗျ။ ငှက်ကျပင်ကတော့ အဲဒီငှက်က အပင်မှာနားပြီးရင် အောက်ကိုပြုတ်ကျပြီး မြေကြီးနဲ့ဆောင့်မိလို့လားတော့ဖြင့် မသိဘူး။ သေကိုသေ ဟာဗျ"

ကျွန်တော် ကချင်ပြည်နယ်ဘက်ဆီသို့ရောက်တော့ တွေ့ကြုံဖူးခဲ့သော ငှက်ကျပင်မျိုးအထင်နှင့်မို့ မေးကြည့်လိုက်တော့ မတူညီကြောင်း သူပြောပြသဖြင့် သိလိုက်ရပေသည်။ ကျွန်တော်တို့အဖွဲ့ ကချင်ပြည်နယ်ဘက်ရောက်သောအခါ သားတောင်ခြေချာနောက်ဆီသို့ လိုက်ကြရင်း သစ်ပင်တစ်ပင်အောက်တွင် ငှက်ကလေးများတို့ မြေပြင်တွင် အတုံးအရုံးသေနေကြသည်ကို တွေ့လိုက်ရသဖြင့် ရှာခံမုဆိုး ကချင်လူမျိုး 'ခေါင်ထောင်း'ကိုမေးကြည့်ရာ ထိုအပင်သည် ငှက်ကျပင်ဖြစ်ကြောင်းပြောပြသဖြင့် တအံ့တသြနှင့် သိလိုက်ရသည့်အတွက် မေးကြည့်ခြင်းဖြစ်ပေသည်။

ချောဝမ်းတွင်းသားချက်က ကျက်နေပြီး အသားများကိုကင်





ထားသည့်နေရာ ငါး ကြီးဘက်ဆီမှ အသားတုံးများတို့ဆီမှ ထွက်လာသော အဆီရည်များတို့ကြောင့် မီးဖိုကြီးအတွင်း မီးရဲရဲများဆီသို့ ကျဆင်းနေမှုကြောင့် 'ဖောက်ခနဲ' 'ရှဲခနဲ' အသံများတို့နှင့်အတူ၊ သင်းပျံ့သော အနံ့ကလေးများတို့ကြောင့် ဗိုက်ကလည်းဆာလာကြပြီမို့ အသားကင်နှင့် အသားကြော်များကို ဝိုင်းကာစားသောက်လိုက်ကြပေသည်။ ဗိုက်ကား ပြည့်တင်းသွားပြီမို့ မည်သူမျှပင် ထမင်းကိုပင်မစားနိုင်ကြတော့ပေ။ မနက် သားကောင်များနောက် ခြေရာခံလိုက်ကြရာတွင် စားသောက်ကြရန်အတွက် သည်အတိုင်းထားလိုက်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂

❑

"ဗိုးကုန်း ဗိုးကုန်း . . . ရှန်းရှန်း"

လူစကားပြောသံမျိုးနှင့် အော်ပြည်သံပေးနေသော 'ဗိုးကုန်းငှက်' ကလေးနှစ်ကောင်က စခန်း၏ခေါင်းရင်းဘက် 'ဖက်သန်းပင်' ထိပ်ဖျားထက်ဆီမှ တေးဆိုနေကြသည့်အသံက ကြည်နူးစရာပင်။ ထိုငှက်ကလေးတို့ အပြန်အလှန် အော်သံများတို့နှင့်အတူ စခန်းရှေ့သို့ ရွာခံမုဆိုးများ လှည်းနှင့်ဆိုက်ရောက်လာကြသည်။ အိုးခွက်ရိက္ခာပစ္စည်းများ ကျွန်တော်တို့အဖွဲ့ လှည်းပေါ်သို့တင်ဆောင်လိုက်ကြပြီး 'မရမ်း' ဘက်ဆီသို့ စတင်ထွက်ခဲ့ကြပေတော့သည်။ . .



BURMESE CLASSIC .com



လမ်းတစ်ကြောတွင် တောတောင်အထပ်ထပ်၊ ချိုင့်အသွယ်သွယ်၊ မြောင်အကြားတို့ကို ဖြတ်၍ပတ်၍ ကွေ့ကာဝိုက်ကာ လာခဲ့ကြရင်း 'ဦးကျန်ဆုံ' ဆင်စခန်းဆီသို့ ရောက်ရှိလာခဲ့ကြပေသည်။ နောက်ထပ် 'ဖကြို' ဟူသောစခန်းကို ဖြတ်ကျော်ပြီးမှ ကျွန်တော်တို့လိုရာ စခန်းချမည့်နေရာဆီသို့ ရောက်ပေမည်။

လိုရာခရီးဆီသို့ရောက်တော့ ညနေပင် အတော်စောင်းနေခဲ့ပေပြီ။ စခန်းချရန်သတ်မှတ်ထားသော တောကြီးအတွင်းဝင်ရောက်ကာ သစ်နှင့်ဝါးများကို ခုတ်ကြသူများတို့ နားခိုနေအိပ်စက်ကြရန် ထိုးပြီးသားတဲပေါင်းကလေး(၅)လုံးက ရှိနေပြီး သစ်ခုတ်ဝါးခုတ်သူများတို့ကလည်း တဲများရှေ့ကွက်လပ် မြေပြောင်ပြောင်တွင် မီးဖိုကြီးဘေးတွင် ဝိုင်းထိုင်ကာ အရက်သောက်နေကြရင်း စကားပြောဆိုနေကြသည်။

ကျွန်တော်တို့လှည်းများ သူတို့ဆီရောက်တော့ အားလုံးကပင် ဝမ်းသာအားရနှင့် ပစ္စည်းများကို ကူညီချပေးပြီး သူတို့နေထိုင်ကြသည့် တဲများအတွင်းက ဖယ်ပေးကြသည်။ လွတ်နေသော တဲနှစ်လုံးပေါ်တွင် ယူဆောင်လာကြသော ပစ္စည်းများနှင့် သေနတ်များကို တင်ဆောင်လိုက်ကြပြီး လှည်းသမားများတို့က ထမင်းဟင်းချက်ရန် အိုးခွက်များကို ပြင်နေကြသည်။

ကျွန်တော်က တော၏အခြေအနေနှင့် သားကောင်တို့၏ အခြေအနေကို သိရှိစုံစမ်းရန်အတွက် သစ်ခုတ်ဝါးခုတ်သမားများတို့ဆီသို့ လျှောက်လှမ်းသွားလိုက်ရင်း . . .

"ဒီစခန်းမှာ ညဘက်ကို အေးအေးဆေးဆေးကော ရှိကြရဲ့လားဗျ"

ကျွန်တော့်အမေးကြောင့် သူတို့အထဲမှ အသံကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ဦးက ...

"အေးပါတယ်။ တစ်ခါတစ်ခါတော့ အနောက်ဘက်က ဝါး တောကြီးကို တောဆင်ရိုင်းအုပ်ဝင်ကပ်ပြီး အစာစားကြတယ်။ ဒီဘက် ကိုတော့ လာပြီးအနှောင့်အယှက် မပေးဘူး"

"ပြောင်အုပ်နဲ့ ဗိုင်အုပ် ဒီဘက်ကျတယ်ဆို"

"ဟုတ်ပါတယ်၊ ဟိုသုံးရက်လောက်ကတော့ တွေ့မိတယ်။ ကျွန်တော်တို့ လုပ်ငန်းခွင်ထဲတောင်မဝင်ရဲကြဘူး"

"ဒါဆိုရင် ညဘက်ကို ကင်းစောင့်အိပ်စရာ မလိုဘူးပေါ့"

"ကျွန်တော်တို့ဒီမှာ စတည်းချလာကြတာ ကြာပါပြီ။ ဘာမှ မဖြစ်တော့ ကင်းစောင့်အိပ်စရာမလိုပါဘူး။ စိတ်ချလက်ချသာ နားကြ ပါ၊ ကျွန်တော်တို့လည်း ကြက်အိပ်ကြက်နိုးပါ"

ကျွန်တော်တို့ ညစာကို စားသောက်လိုက်ကြသည်။ စားသောက် ပြီးသောအခါ နွေကာလပင်ဖြစ်စေကာမူ ရိုးမကြီးအတွင်းပိုင်းဆီမှ သစ်ကြီးဝါးကြီးလျှိုမြောင်တောင်တန်း တောင်သွယ်များတို့အကြားမှ အအေးဓာတ်က လွှမ်းမိုးလာသလို အမှောင်ဘက်ဆီသို့လည်း လုလာ သည်။

ကျွန်တော်က တဲကလေးများရှေ့တွင် သစ်သားခြောက်ကြီး များတို့ကို ဖြတ်တောက်ခွဲစိတ်ကာထားသော မီးပုံကြီးအတွင်း ထင်း ခြောက်တုံးများကို ထပ်မံထိုးထည့်လိုက်ရင်း ကျောပိုးအိတ်အတွင်း အသင့်ယူဆောင်လာခဲ့သော မနီလာကြိုးနှစ်ချောင်းနှင့် စောင်တစ်ထည် ကိုထုတ်၍ ဘေးတွင်ကပ်၍ပေါက်နေသော 'ရေသဖန်းပင်'ကြီး၏ လူ တစ်ရပ်စာအမြင့်လောက်တွင် ကြိုးတစ်ချောင်း။ တဲ၏အောက်ခြေ တိုင်တွင် ကြိုးတစ်ချောင်းတို့ကို တုပ်ချည်လိုက်ပြီး စောင်၏တစ်ဖက်စ





များတို့တွင် ကလေးပုခက်ချည်နည်းအတိုင်း ချည်လိုက်ပြီး ခေါင်းစွပ် ကိုစွပ်လိုက်ရင်း သေနတ်ကိုထည့်ကာ လက်နှိပ်မီးနှင့်အတူတွဲ၍ အနီး တွင်ထားလိုက်ရင်း တက်ရောက်မှေးစက် အနားယူနေလိုက်ပေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## (၃)

❑

ပြောင်ခြေရာတွေ့ခဲ့ရသော မရမ်းချောင်းမြောက်ဖျား ကြိမ်နီ တောဆီသို့ ကျွန်တော်တို့အဖွဲ့ရောက်ရှိကြပြီး သစ်ခုတ်သမားများပြော သော ပြောင်ခြေရာများတို့ကို လိုက်လံအကဲခတ် ကြည့်ရှုနေလိုက်မိ ကြပေသည်။

ခြေရာများတို့မှာ အုပ်လိုက်သွားထားသော်လည်း အဟောင်း များ ဖြစ်နေသည်။ ထိုခြေရာများတို့အပေါ်တွင် လတ်လတ်ဆတ်ဆတ် တစ်ကောင်တည်း မကြာသေးမီအချိန်အတွင်းက လှည့်လည်သွားသော ခြေရာအသစ်တစ်ခုကို တွေ့မြင်လိုက်ကြရပြီး ထိုခြေရာကို နောက်





ကြောင်းဆီမှ လိုက်သွားခဲ့ကြရာ 'အောင်တောင်ကြီး' အောက်ခြေရှိ ကျောက်ပြန့်အိုင်အတွင်း ရေဆင်းသောက်ပြီး လက်မဲတောကြီးနှင့် ကြိမ် ခါးတောကြီးတို့ကို ကျော်လျက်စားပင်များတို့ရှိရာ နွယ်၊ မြက်၊ ဝါး၊ တောင့်ကျော်ပျောပင်များတို့ရှိရာ တောတန်းကြီးဆီသို့ တည့်နေပေသည်။

ကျွန်တော်တို့တဖြည်းဖြည်း ခြေရာကောက်ရင်း သားကောင် ကြီးနောက်ဆီ လိုက်သွားကြရာမှ ရှေ့မှဦးဆောင်ကာသွားနေကြသည့် ဆိုးကြီးများဖြစ်သည့် အဘကောင်း၊ ငပိန်၊ အစ်ကိုကြီးဦးသိန်းလွင် တို့မှာ အမှတ်မထင် တွေ့လိုက်ကြရသောမြင်ကွင်းကြောင့် လှမ်းလက်စ ခြေလှမ်းများတို့ကို ရပ်တန့်လိုက်ကြသည်။ နောက်မှလိုက်လာကြသော ကျွန်တော်တို့အဖွဲ့ကလည်း ရပ်လိုက်ကြရင်း သူတို့ကြည့်နေရာဆီသို့ လှမ်းကြည့်လိုက်တော့ မြေပြင်တွင် သစ်ရွက်ခပ်စိမ်းစိမ်းနုနုကလေး များတို့ကို တစ်ရွက်ချင်းခြွေချ ဖြန့်ခင်းထားသည်ကို တွေ့လိုက်ရသည်၊ အချို့သောအရွက်တို့မှာ အပေါ်မှဖိထားခြင်းခံထားရသည်မို့ အတန်ငယ် နွမ်းနေသည့်အသွင်မျိုး။ အမှတ်တမဲ့ကြည့်လိုက်လျှင် သစ်ရွက်စိမ်းများ ကို မြေပြင်တွင်ဖြန့်ခင်းကာ လူတစ်ဦးထိုအပေါ်တွင် တက်ရောက်အိပ် သွားသည့်သဏ္ဌာန်မျိုးပင်။ ထိုစဉ် ကိုပိန်က ...

"အဲဒါ ဝံတစ်ကောင်အိပ်သွားတဲ့ အိပ်ရာပဲလေ"

မှဆိုးကိုပိန် ပြောလိုက်သည့်စကားကြောင့် ကျွန်တော်တို့ အမှန်ပဲ အံ့သြသွားကြပါလေသည်က အမှန်။ ဝံမှဲ့၊ ယခုကဲ့သို့ သစ်ရွက် များကို ဖြန့်ခင်းအိပ်သည်ဆိုသည်ကို ကျွန်တော်တို့မသိတာက အမှန် ပင်။ အံ့သြစရာ အလွန်ကောင်းသလို ဖြစ်နေသည်မို့ ကျွန်တော်တို့ ထိုနေရာတွင် အတန်ကြာအောင် ကြည့်ရှုနေလိုက်မိကြပေသည်။

အတန်ကြာကြည့်ရှုလိုက်ပြီး ရှေ့ကိုဆက်၍ ပြောင်ခြေရာနောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ကြရာ လုံးပတ်မှာ လူကြီးသုံးဖက်စာခန့်ရှိ 'သပြေပင်'ကြီးထက် လူတစ်ရပ်သာသာအမြင့်ရှိသော ပင်စည်လုံးကြီးတွင် နှံများပေနေသော ပြောင်ကြီးမှာ လက်ပြင်ယားသဖြင့် ပင်စည်လုံးကြီးနှင့် ပွတ်တိုက်အယားဖြေသွားထားသောနေရာမှာ အမေါက်များကွာလျက် ပင်စည်တွင် ထင်ကျန်နေသည့်ဓနေရာကို ကျွန်တော်တို့အဖွဲ့ အကဲခတ်ကြည့်နေလိုက်ကြသော်လည်း သားကောင်ကြီးထွက်ခွာသွားရာ ဦးတည်ချက်သည် မန်ကျည်းပေါက်တောများရှိရာဘက်ဆီသို့ ဦးတည်နေသည်။ ကြည့်ရသည်မှာ ဦးချိုကိုလည်း သွေးသွားပုံရသည်။ အဘယ့်ကြောင့်ဆိုသော် ပင်စည်လုံးကြီးတွင် ခပ်နက်နက်ထိုးချွန်နှင့် ထိုးထားသည့်ပုံအပြင် အစေးများတို့က ထွက်နေသည့်အတွက်ပင်။

အမဲကြီးသာ ပစ်ခတ်ကြမည်ဖို့ ကျွန်တော်တို့အဖွဲ့တွင် သေနတ်ကြီးများကိုသာ ကိုင်ဆောင်ထားကြသည်။ သို့သော် ရွာခံမုဆိုးများတို့ကတော့ သေနတ်သေးကလေး (ဗြိုင်တူးတူး၊ ဘရူနိုလ်)ကိုတော့ 'ခအောင်သူ'က လွယ်ပိုးလာခဲ့သည်။ ကျွန်တော်က လက်စွဲတော်နှစ်လုံးပြူးကိုကိုင်ဆောင်ထားသည့်ဖို့ ညာဘက်ပြောင်းအတွင်း ကျည်ကိုထုတ်ကာ ဆယ်လတ်မ်ခေါ်ကာ ဘောကျည်မကြီးကို လွှဲပြောင်းထည့်လိုက်ပြီး မောင်းထိန်းခလုတ်ကို နောက်သို့ဆွဲလိုက်ပြီး . . .

"အောင်သူ မင်းသေနတ်ကလေးထဲကို ဟောနက်စ်လောင်းကျည်ကိုထည့်ထားနော်။ ကျန်တာကိုတော့ ဟောလိုးတွေထည့်ထား"

ထိုစဉ် အဘကောင်းအသံက ထွက်လာသည်က . . .

"ကိုပိန်နဲ့ကိုသိန်းလွင်တို့အဖွဲ့က ဒီလမ်းအတိုင်းသွားပြီး ဘယ်ဘက်လမ်းကိုလိုက်ရင် ကွက်သာကိုတွေ့မယ်။ အဲဒီက ရင်ပေါင်တန်းလိုက်။ ခြေသံလုံပစေ၊ လမ်းဘေးချောင်းများကို ရှောက်မယ်"





အဘကောင်းက လှမ်းပြောလိုက်ရင်း လူစုခွဲနေသည်။ သည်နယ်မြေသည် သူတွေ့ကြုံပစ်ခတ်ဖူးခဲ့သည့်နယ်မြေမို့ တောတောင်အနေအထားကို သိရှိနေသည်။ ဆက်လက်ပြီး ကျွန်တော့ကိုလည်း . . .

"ဘိုလေးတို့အဖွဲ့က ဟိုမှာလှမ်းမြင်နေရတဲ့ ခအုံးပင်ကြီးနားကလူစုခွဲ မြောက်ဘက်ကိုစုံတက်။ ချောင်းဖျားထိနော်။ ငါတို့အဖွဲ့က သည်လမ်းကြောင်းအတိုင်း တောတိုးဝင်မယ်။ သေနတ်သံကြားရာမှာ လူစုမယ်၊ သားကောင်ကြီးကလွဲရင် ဘယ်လိုအကောင်မျှ မပစ်ကြနဲ့နော်"

အဘကောင်းက ပြောင်ကြီးနောက်ဆီသို့ လူစုခွဲလိုက်ကြရန် လမ်းညွှန်နေသည်။ တောက မန်ကျည်းပေါက်တောဆိုပေမဲ့ လက်မဲတော၊ ရှဉ့်မတက်တော၊ ဝါးသပွတ်တော၊ ထမသိုင်းတော၊ မျောက်ချိုးပတ်တော၊ ရေငန်း၊ ခနုံး၊ ကြိမ်၊ ကြခတ်၊ ဝါးနွယ်၊ ငှက်ပျောတောများတို့ ရောထွေးနေကြပြီး ပြောင်နှင့်စိုင်လိုအကောင်ကြီးများတို့အပြင် အခြားသော သားကောင်များတို့လည်း နားနေ့အိပ်စက်ပုန်းခိုကြရန် ကောင်းလှသောနေရာများတို့ဆီသို့ ဖြတ်သန်းကြရမှာ ဖြစ်ပေသည်။

"ကိုဦးနဲ့ယဉ်ကြိုင် သေနတ်တွေကို သတိထားကိုင်နော်"

ကျွန်တော်က ရွာခံမုဆိုးနှစ်ဦးကို သတိပေးလိုက်သည်။ အကြောင်းမှာ သူတို့နှစ်ဦးကိုင်ဆောင်ထားကြသော သေနတ်များတို့မှာ နှစ်လုံးပြူးဆိုသော်လည်း (စိုင်မောင်)များဖြစ်နေကြ၍ ယခုလို အောက်ခြေရှုပ်သော ချုံနွယ်ပေါများသောတောမျိုးတွင် အမှတ်မထင် သေနတ်မောင်းကို ချုံနွယ်များနှင့်ငြိတတ်ကြပြီး အချင်းချင်းကို အန္တရာယ်ပြုပေးတတ်သည့် သေနတ်မျိုးဖြစ်သည့်အတွက်ပင်။ သို့အတွက် ကျွန်တော်က ရှေ့ဦးဆောင်သွားနေရင်း သူတို့ကို လှမ်းသတိပေးလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်ပေသည်။ ထိုစဉ် ခပ်လှမ်းလှမ်းဆီမှ တောတိုးသံကြီးကို 'ဗျော' ခနဲ ကြားလိုက်ရသည်နှင့်အတူ ...

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

သေနတ်သံသုံးချက်က တောကြီးကို ဖုံးလွှမ်းသွားသည်ဆို သော်လည်း အသံကတိုသည်။ ပြတ်သည်။ သို့တိုင်အောင် 'တောကြက်မ' တစ်အုပ်က 'ကတောက်သံ'ညံအောင်ပေးရင်း အဝေးဆီသို့ ပြေးထွက် သွားသည်နှင့်အတူ 'ဗျောခနဲ၊ ဗျောခနဲ' တောတိုးသံကြီးများတို့ကို ဆက်တိုက်ဆိုသလို ကြားလိုက်ရပေသည်။

ကျွန်တော်တို့အုပ်စု သေနတ်သံများ၊ သားကောင်ကြီးတစ် ကောင်၏ ရုန်းရင်းဆန်ခတ် ဒယီးဒယိုင်တောတိုးကာ ပြေးလွှားသံများ ကို ကြားလိုက်ကြရသဖြင့် နီးစပ်ရာချုံနွယ်တောများအတွင်းနှင့် နီးစပ် ရာသစ်ပင်ကြီးများတို့ဆီသို့ လျင်မြန်စွာပြေးကာ အကာအကွယ်ယူ လိုက်ကြရင်း အဆင်သင့်ပစ်ခတ်နိုင်ရန် အနေအထားမျိုးနှင့် သေနတ် များနှင့် အသံကြားလိုက်ရာဆီသို့ လိုက်လံချိန်ရွယ်ကြရင်း မမှိတ်မသုန် ကြည့်ရှုနေလိုက်ကြပေသည်။

ကျွန်တော်နှင့်အောင်သူ နေရာယူထားသော အကာအကွယ် ယူထားကြသော အပင်ကြီးမှာ ' သစ်ဆိမ့်ပင်ကြီး' တစ်ပင်၏ အောက် ခြေတွင်ဖြစ်သည်။ အပင်ကြီးကိုမော့ကြည့်လိုက်တော့ လူတစ်ရပ်သာသာ အမြင့်ဆီလောက်တွင် ခွဆုံကိုင်းကြီးတစ်ကိုင်း တွေ့လိုက်ရသည်မို့ 'အောင်သူ'ကို ခွဆုံကိုင်းထက်ဆီသို့ လျင်မြန်စွာတက်ရောက်နိုင်းလိုက် သဖြင့် လျင်မြန်စွာပင်တက်ရောက်ကာ နေရာယူထားလိုက်သည်ကို တွေ့လိုက်ရပေသည်။

သားကောင်ကြီး၏ 'တဗျောဗျော' နှင့် တောတိုးသံသည်





ကျွန်တော်တို့မျက်နှာမူထားရာ အရှပ်တောအတွင်းမှ ညာဘက်ကွက် သာကိုဖြတ်၍ အဘကောင်းတို့အဖွဲ့ရှိရာ မြောက်ဘက်ဆီသို့ ဦးတည် ပြီး ရိုပ်ခနဲရိပ်ခနဲ လျင်မြန်စွာ ပြေးလွှားနေသည်ကို တွေ့လိုက်ရသည်။ ညိုးမည်းအရောင်ကြီးနှင့် ကြီးမားတုတ်ခိုင်သန်စွမ်းလှသော ပြောင်ကြီး တစ်ကောင်။ သားကောင်ကြီး၏ ပြေးအားနှုန်းမှာ လျင်မြန်လွန်းသဖြင့် သေနတ်မောင်းခလုတ်ကိုပင် ဆွဲညှစ်ချိန်မရလိုက်။

"ဖန်း ... ဖန်း ... ဖန်း"

အပေါ်စီးမှပစ်လိုက်သော ပို့င်တူးတူးသေနတ်ကလေး၏အသံ သုံးချက်ဆက်ပစ်လိုက်သောအသံကို ကြားရသည်။ 'အောင်သူ'၏လက် ချက်ပင်။ အပေါ်စီးမှနေရာယူထားသော သားကောင်၏ပစ်ကွင်းကို ကိုယ့် ထက်ပိုပြီး အသုံးချလိုက်ခြင်းပင်။

"တိုလေးရေ ... နည်းတဲ့အကောင်ကြီးမဟုတ်ဘူး။ မဲပြောင် ပြီး ကြီးလိုက်တဲ့အကောင်ကြီး"

သစ်ပင်ထက်ကိုင်း ခွဆုံတွင်ခွထိုင်ထားသော 'အောင်သူ' က ကျွန်တော့်အားလှမ်း၍ အားရဝမ်းသာစွာ ပြောနေသည်။ ကျွန်တော်က အပေါ်သို့မော့လိုက်ပြီး ပါးစပ်ကိုလက်နှင့်တေ့၍ စကားမပြောရန်တား လိုက်တော့မှ ငြိမ်သွားသည်။

မြောက်ဘက်ဆီသို့ ဦးတည်တောတိုးကာ ပြေးလွှားသွားသော ပြောင်ထီးကောင်ကြီးမှာ သူ့ရှေ့တွင်ရှိနေသော ရေငန်းတောနှင့်မသိုင်း တောအုပ်များအတွင်းဆီမှ သေနတ်နှင့်နှစ်ချက် လှမ်းပစ်လိုက်ခြင်းကို ခံလိုက်ရပြန်သည်။ သေနတ်သံနှစ်ချက်နှင့်အတူ ပြေးလွှားနေသော ပြောင်ကြီးမှာ တုံ့ခနဲအပြေးရပ်သွားပြီး ယိုင်လဲကာ မြေပြင်တွင် ဗေး ငါးပတ် ကျွမ်းပစ်လူးလိမ့်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှုးလှိုမ့်နေသော သဘောကောင်ကြီးကိုယ်မှကျသော သွေးတို့မှာ မြေပြင်တွင် မြင်၍မကောင်း။ ဘေးတိုက်လဲနေရင်း လူးလှိမ့်နေရာမှ ခေါင်းထောင်လာပြီး ကျုံးမြှုထလိုက်ရာ ခေါင်းထောင်မရဘဲမြေပြင်တွင် ခေါင်းစိုက် ဖင်ဘူးထောင်းထောင်သည့်ပုံစံမျိုးနှင့် ပတ်ချာလည်ခံနေသည်ကို တွေ့လိုက်ရသည်မှ ညာဘက်မြောင်းအတွင်း ထည့်သွင်းထားသော ဘော(ခ)ကျည်မကြီးနှင့်ပစ်လွှတ်ကာ စခန်းသိမ်းမစ်လိုက်ပေတော့သည်။

ဘေးတိုက်အနေအထားနှင့်မို့ ရှေ့လက်ပြင်နောက်နှလုံးသားဆီသို့ ပစ်ခတ်ခြင်းခံလိုက်ရသော မြောင်းထိးကောင်ကြီးမှာ မြေပြင်တွင် ဘေးတိုက်လဲကျကာ အတန်ငယ်လူးလှိမ့်နေရင်း အတန်ကြာတော့ ငြိမ်သက်သွားပေတော့သည်။

❖ ❖ ❖

(၄)

ကျွန်တော်တို့အဖွဲ့ လှုပြန်စုမိကြသောအချိန် လက်မှနာရီကိုကြည့်လိုက်တော့ ညနေဘက်ဆီသို့ရောက်မည့် (၄)နာရီပင်ကျော်ခဲ့ပေပြီမို့ ကျွန်တော်က . . .

"ကဲ . . . ဘယ်လိုဆက်ပြီး စခန်းသွားကြမလဲ။ စခန်းချရာကို ပြန်သယ်ကြမလား။ လေးနာရီကျော်နေတော့ အချိန်ရပါ့မလား"

ကျွန်တော် ပြောလိုက်သည့်စကားကြောင့် အဘကောင်းနှင့် အစ်ကိုကြီး ဦးသိန်းလွင်တို့နှစ်ယောက်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြရင်း ရှာခံမှဆိုးကိုပိန်ကို သဘောထားတောင်းလိုက်တော့ . . .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"စခန်းကို ပြန်သယ်ဖို့တော့ မလွယ်လှဘူး။ ဗိဿာချိန်ငါး[illegible] အထက်ဆိုတော့ လှည်းနဲ့တင်လို့နိုင်မှာလည်း မဟုတ်ဘူး။ နွားလှည်း[illegible] ဒီကိုအရောက် မောင်းလာလို့တောင် အတော်ခက်ခက်ခဲခဲ မောင်း[illegible] မှာ"

အမှန်တော့လည်း၊ သူပြောသည့်စကားတို့က ဟုတ်ပေသည်။ ကျွန်တော်တို့ သားကောင်ကြီးနောက် ခြေရာကောက်ပြီး လိုက်လာခဲ့ ကြရာ ယခု ပြောင်ကြီးကိုပစ်ခတ်ပြီး လဲနေသည့်နေရာသည် တောင် သွယ်၊ တောင်လက်မောင်း။ လျှိုနှင့်မြောင်တို့ကိုဖြတ်ကာ လိုက်လာခဲ့ ကြရသည်မို့ လမ်းကကြမ်းတမ်းသည်၊ ယခု ပြောင်ကြီးလဲပြန်တော့ လည်း စခန်းချရာဆီသို့ ပြန်သယ်ဖို့ဆိုသည်က မည်သို့မျှ မလွယ်သည့် ကိစ္စပင်။

"ကဲ . . . လောက်သေရွက် ရှာခူးကြကွာ"

အဘကောင်းက ပြောလိုက်သည့်အတွက် ဉာဏ်ကျယ်က . .

"လောက်သေရွက်ခူးပြီး ဘာလုပ်မှာလဲအဘ"

"ဟိုမှာ နှင့်ပတွေးတွေ တရှုန်းရှုန်းဖြစ်နေတာ ဘာလုပ်ရ မှာလဲ"

အဘကောင်းက ပြောင်သေကြီးကိုယ်မှ သေနတ်ဒဏ်ရာများ ဆီမှ ထွက်ကျနေသည့် သွေးများတို့ပေါ်တွင် 'ယင်မမဲရိုင်းကောင်ကြီး' များတို့က တဝုန်းဝုန်း၊ တရှုန်းရှုန်းနှင့် ထပျံလိုက်ကြ၊ ပြန်နားလိုက် ကြနှင့်ဖြစ်နေသည်ကို တွေ့မြင်လိုက်ရပေသည်။ အဘကောင်းပြော လိုက်သော်လည်း ဉာဏ်ကျယ်က ပြန်မေးနေပြန်သည်က . . .

"ဒါကြောင့် ကျွန်တော်မေးနေတာ အဘရဲ့၊ လောက်သေရွက် ခူးပြီးရင်နဲ့ ဒီကိစ္စကပြီးမှာလား။ ဒီအကောင်ကြီးကို ဘာလုပ်မှာလဲ၊ ပြန်





သယ်ဖို့ လုပ်မလား။ ဒီမှာပဲ ဖျက်ကြမလား။ ဘာဆက်လုပ်မလဲ မေး တာ။ အချိန်က အမှောင်ဘက်လှနေပြီလေ"

ဉာဏ်ကျယ် ပြောလိုက်သောစကားကြောင့် အဘကောင်း သတိပြုလိုက်မိသည်က အမှန်ဖြစ်သွားသည်မို့ ဉာဏ်ကျယ်ကို ပြုံးပြုံး ကာ ဝန်ခံလိုက်ပေသည်။ အမှန်တော့ မုဆိုးလုပ်ကြသူများအဖို့ သား ကောင်များကို ပစ်ခတ်ကြသော်လည်း၊ ယခုကဲ့သို့ သားကောင်ကိုပစ်ခတ် ပြီးသောအခါ နောက်ဆက်တွဲပြဿနာတို့ဆိုသည်က လွယ်သည့်အလုပ် မဟုတ်။ ခြေလက်ကိုနွယ်ကြိုးတုပ်ကာ ဝါးလုံးနှင့်သပ်လျှိုထမ်းကာ ပြန် လို့ရသည့် သားကောင်မျိုးလည်းမဟုတ်။ ယခု ပစ်ခတ်ထားသဖြင့် အသက်ပျောက်နေသော သားကောင်ကြီးကို ကျွန်တော်တို့တစ်အုပ်စုလုံး ဝိုင်းပြီးထမ်းလို့မရသည့် သားကောင်မျိုး။

မလွယ်ပါ။

တကယ်လည်း မလွယ်ပါ။ ဉာဏ်ကျယ်ပြောလိုက်သော စကား တို့ကြောင့် ကျွန်တော်တို့လူကြီးသုံးယောက်နှင့် ရွာခံမုဆိုး ကိုပိန်တို့ အရေးပေါ် ခေါင်းချင်းဆိုင်လိုက်ကာ တိုင်ပင်လိုက်ကြသည်။ ဆုံးဖြတ် ချက်က ပြောင်ကြီးကို သည်နေရာတွင်အရည်ချကာ ခုတ်ပိုင်းလှီးဖြတ် ပြီးကျပ်ကင်လျက် နောက်တစ်နေ့ အသားများကို ခြင်းတောင်းရက်ကာ သယ်ဆောင်သွားကြရန်ပင် ဖြစ်ပေသည်။

ယနေ့ည ပြောင်သေကြီးကိုဖျက်ကြပြီး အသားများကို ကျပ်ကင် မည်ဆိုသည့်အတွက် နောက်ဆက်တွဲလုပ်ကြရသည့် အလုပ်တို့က မသေး လှ။ ကျပ်စင်ဆောက်ရန်အတွက် ဝါးခုတ်ကြရသည်။ ကြိမ်နီကြိုးရှာ ပြီး ဖြာကြရသည်။ ထင်းရှာရသည်။ လောက်သေရွက်များ ရှာကြရ သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပြည့်စုံတော့ အဖွဲ့သားအားလုံးတို့က တက်ညီလက်ညီနှင့် ပြောင်ကြီးကိုအရည်ချ၊ ပြီးတော့ ရင်ကိုခွဲ အတွင်းကလီစာတို့ကို နှိုက်ထုတ်နေကြသည်။ ပြီးတော့မှ အသားတုံးကြီးများကို ပေါင်လုံးလောက်သို့ဖြတ်ကြပြီး တောင့်ကပ်ပျော့ရွက်များတို့အပေါ်တွင် ယမ်းစိမ်းပက်ဆားနယ်ကာ ကျပ်စင်ပေါ်တင်ကာ စီထားကြသည်။

ကျပ်စင်အောက်တွင် စီတင်ထားပြီး လောက်သေရွက်များကို အပေါ်မှ ထပ်ခင်းသည်။ ထိုအပေါ်တွင် ကန့်လန့်ဖြတ်ကာ နောက်တစ်ဆင့်တင်ကြသည်။ အရွက်များဖြန့်ခင်းကာ နောက်ထပ်အသားတုံးများတို့ကို ကန့်လန့်ဖြတ်တင်ရသည်မို့ လုပ်ငန်းကအဆင့်ဆင့်။

ကျပ်ရင်းကိုင်ရင်းနှင့်မို့ အချိန်က(၅)နာရီကျော်ပြီး အမှောင်ဘက်ဆီသို့ လှလာသည်။ ပြောင်သားတို့ကိုဖျက်၍မပြီးသေး။ အရေးထဲ ပြောင်ရိုးကြီးတို့ကို ပုဆိန်နှင့်ခုတ်ပိုင်း ဖြတ်တောက်ကြရာတွင် မကြာခဏ ပုဆိန်ရိုးက ကျွတ်ထွက်နေရပြန်သေးသည်။ အဖွဲ့သားတို့က ပြောင်သားများကို ခုတ်ထစ်လှီးဖြတ်နေကြသလို 'အစ်ကိုကြီးဦးသိန်းလွင်နှင့် အောင်သူ' တို့နှစ်ယောက်က ညစာအတွက် ပြောင်သားတုံးကြီးများကို မီးကင်နေကြသည်။

ယင်မမဲရိုင်းကောင်ကြီးများတို့ကလည်း ဘယ်ကဘယ်လိုရောက်ရှိလာကြမှန်းမသိ။ ကျပ်စင်နှင့် ခုတ်ထစ်ပိုင်းဖြတ်နေသော ပြောင်သေကြီးပေါ်တွင် တဝုန်းဝုန်း၊ ပျံလိုက်ကြနားလိုက်ကြနှင့်။

ကျပ်စင်အောက်မှ ပြောင်သားတုံးကြီးများတို့ကို မီးအပူပေးမှုမှာလည်း အထက်နှင့်အောက်၊ ဘေးဘယ်ညာညီအောင် မီးမနည်းမများဖြစ်ဖို့ အရေးကလည်း မီးလိုက်တတ်ဖို့က လိုသေးသည်။

လောက်သေရွက်များနှင့် မီးခိုးငွေ့များတို့နှင့် ရှိနေသည့်ကြား





ယင်မမဲရိုင်းကောင်ကြီးများတို့က ပြောင်သားတုံးကြီးများအပေါ် လာရောက်နားလိုက်ကြ၊ ဥများတို့ကိုပါ ချသွားလိုက်ကြသဖြင့် ထိုဥကလေးများတို့က အချိန်တိုအတွင်း 'လောက်ကောင်ငယ်' ကလေးများအဖြစ် ပြောင်းလဲသွားလိုက်ကြပြီး၊ ယင်မမဲရိုင်းနှင့် လောက်ကောင်တို့၏ တစ်ခဏလေးအတွင်း ဘဝကူးကောင်းသည့် ပဋ္ဌာန်းဆက်တို့ကလည်း အံ့သြစရာ။

အအေးဘက်ဆီသို့ မင်းမူနေစေကာမူ အဖွဲ့သားများတို့က ချွေးသံတရွှဲရွှဲဖြင့် တောသဘာဝတို့ကြောင့် သူ့သဘာဝနှင့်သူ ဖြစ်ပေါ်လာသော 'ယင်မမဲရိုင်းကောင်'ကြီးများတို့၏ အန္တရာယ်ကို ရင်ဆိုင်တွန်းလှန်ရှာ လုပ်ဆောင်နေကြရင်း အားတက်သရော လုပ်ကိုင်နေသည်ကိုကြည့်ရင်း စတင်စိတ်ပျက်လာမိသူက ကျွန်တော်။

"ကဲ ... အဘကောင်း လက်စသိမ်းကြဗျာ၊ အချိန်မရှိဘူး"

ကြည့်နေရင်း စိတ်ပျက်စပြုလာသည်မို့ ပြောသာပြောလိုက်ရသော်လည်း ဖျက်နေသောပြောင်သေကြီးမှာ သုံးပုံနှစ်ပုံပင် မပြီးတတ်သေး။

"နေဦး ... ဘိုလေးရဲ့၊ ရတနာ်သစွေ့လေးခုတ်ထစ်ပြီး ကျပ်စင်ပေါ် အရောက်ပို့ထားနိုင်မှဖြစ်မယ်၊ ဒီအတိုင်းထားခဲ့ရင် လောက်တွေတွယ်ပြီး စားမရဖြစ်သွားမယ်ဗျ"

သူပြောလိုက်သည့်စကားက အမှန်ဖြစ်နေသည့်မို့ ကျွန်တော်ကဆက်မပြောတော့။ ကျပ်စင်အောက်မီးဖိုဘေးတွင် ပြောင်သားတုံးကြီးများတို့ကို ဝါးချွန်များတို့နှင့်သပ်လျှိုကာ တံစို့ထိုးပြီး မီးကင်ထားသောကြောင့် ပြောင်သားနံ့တို့က လေပြည်တစ်သုတ် တိုက်ခတ်လိုက်သည့်ကြောင့် သင်းပျံ့ပျံ့ရနံ့ကလေးများတို့က ဆာလောင်နေကြပြီဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့သားများကို မြှူဆွယ်နေသယောင်။

သည်အတိုင်းဆိုပါလျှင် ကျွန်တော်တို့အဖွဲ့ အထိုင်ချထားရာဆီသို့ ပြန်လို့ရကြမည်မဟုတ်။ သည်မှာတွင်အထိုင်ချကာ ပြောင်သားများကို အလေအလွင့်မရှိအောင် ထိန်းသိမ်းကြရပေတော့မည်။ သို့အတွက် ကျွန်တော်တို့အဖွဲ့ ဘယ်နေရာတွင် ဘယ်လိုစခန်းချရမည် ဘက်ဆီသို့ အတွေးတို့ကလည်း ရောက်သွားခဲ့ပြန်ပေသည်။

အမှန်အတိုင်း ပြန်စဉ်းစားလိုက်တော့ ကျွန်တော်တို့အဖွဲ့ အခြားသော လွတ်လပ်ဘေးကင်းမည့်နေရာဆီသို့လည်း သွားရောက်နေထိုင်ကြလို့ကလည်းမရ။ ပြောင်သားများတို့ကလည်း ကျပ်စင်ပေါ်တင်ကာ ကင်ထားပြီးမို့ မီးကို ပြောင်သားတို့အကျက်ညီစေရန် အလျှော့အတင်း လုပ်ပေးကြရမည့်တာဝန်တွေကလည်း ရှိနေပြန်သေးသည်။ ပြန်တွေးလိုက်ရင်း ရင်မောလာမိသည်က အမှန်။ အချိန်ကလည်း အမှောင်ဘက်ဆီသို့လှနေပြီမို့ လက်နှိပ်ဓာတ်မီးများနှင့် ဖယောင်းတိုင်များကို ယူဆောင်လာခဲ့မိကြသဖြင့် တော်နေသေးသည်။

တောကြက်ဖင်ယင်တို့တွန်သံ၊ မျောက်အုပ်များတို့၏ အော်ဟစ်သံများတို့အပြင် အိပ်တန်းတက်ကျေးငှက်များတို့၏ အော်သံများကိုလည်း ဝန်းကျင်အနှံ့မှ ကြားနေရသည်။ ထိုစဉ် ...

"အု ... အု ... အု ... အု ...."

အဆက်မပြတ် အစာရှာထွက်ကြဖို့ အုပ်ဖွဲ့စုဝေးနေကြသည့် 'ခွေးအ'များတို့ အုပ်စုဖွဲ့ရန် အသံပေးခေါ်ငင်နေကြသည့်အသံများကိုလည်း ကြားလိုက်ရပြန်သည်။ ထိုအသံကြောင့် လူငယ်များက သဘောပေါက်ပြီးဖြစ်သည့်အတွက် ကျွန်တော်တို့ကို လှမ်းကြည့်ပြီး အခြေအနေကို ရပ်လိုက်ကြရန် မေးငေါ့ပြလာကြသည်။ ပြောင်သားတုံး





ကြီးများကို ခုတ်ထစ်ပိုင်းဖြတ်နေကြသော 'အဘကောင်းတို့အဖွဲ့' က လှီးဖြတ်ပြီးကြသော ပြောင်းသားတုံးကြီးတို့ကို ကျပ်စင်ထက်ဆီသို့ တင်လိုက်ကြရင်း ...

"ကဲ ... နားလိုက်ကြမယ်။ ခွေးအအုပ်က အစာရှာထွက်ဖို့အတွက် အုပ်စုဖွဲ့ဖို့ အသံပေးနေသံ ကြားရတယ်"

အဘကောင်းက ပြောလိုက်သည့်အတွက် လုပ်လက်စကိုသိမ်းလိုက်ကြပြီး ကျောက်ပြန့်ရေအိုင်ဆီသို့ဆင်းသွားကာ ကိုယ်လက်များ သန့်စင်လိုက်ကြပေသည်။

ကျွန်တော်က ကျပ်စင်နားတွင်သေနတ်များကို အရေးရှိက ပစ်ခတ်ရန် အနေအထားမျိုးနှင့် စောင့်နေလိုက်သည်။ မကြာမီသူတို့ ရောက်ရှိလာကြပြီး ချွတ်ထားသော အဝတ်အစားများတို့ကို ပြန်လည် ဝတ်ဆင်လိုက်သည်။ ဖျက်လိုက်သောပြောင်ကြီးမှာ တစ်ခြမ်းသာသာ ပြီးနေပြီမို့ အတော်များများ ကျန်နေသေးသ၏။ မတတ်နိုင်တော့။ ယင်မမဲရိုင်းကြီးများတို့အတိုင်းနှင့် သည်အတိုင်းသာထားလိုက်ကြရုံ ရှိပေတော့မည်။ ကိုပိန်နှင့်ရွာခံမုဆိုးများ၊ လူငယ်အဖွဲ့ဝင်များတို့က ရေအိုင်မှအပြန်တွင် တစ်နိုင်တစ်ပိုင်ထင်းခြောက်များကို ထမ်းလာခဲ့ကြသဖြင့် လောင်စာအလုံအလောက်ရှိနေသည်မို့ တော်နေသေးသည်။ သို့သော် ကျွန်တော်က ...

"ကဲ ... အဘကောင်းနဲ့အစ်ကိုကြီး ဘယ်လိုစခန်းသွားမလဲ။ အောက်မှာမီးဝိုင်းပြီး အိပ်ကြမလား။ သစ်ပင်ထက်မှာ နေရာယူကြမလား။ စဉ်းစားကြပါဦး"

ကျွန်တော်ပြောလိုက်သည့် စကားကြောင့် အစ်ကိုကြီး ဦးသိန်းလွင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး . . . ငါလည်း ဒီကိစ္စကိုပဲ စဉ်းစားနေတာကွ။ စောစောကတော့ ဒီအပင်ကြီးအောက်မှာ မီးဖိုပြီးအလှည့်ကျစောင့်ရင်း စခန်းချဖို့ပဲ။ ခုန ခွေးအတွေ့အသံကြားလိုက်တော့ အောက်မှာတို့အတွက် အန္တရာယ်ရှိနိုင်တယ်။ ပြောင်သားတွေကို ကျုပ်ထင်ထားတော့ အဲဒီအန့်တွေကို အခြားသားကောင်တွေရှာလည်း ရမှာပဲ။ မလွှဲမသွေ တစ်ခုခုဖြစ်လာနိုင်မှာမို့ သစ်ပင်ကြီးထက်ဆိုရင် ပိုကောင်းမယ်ကွ။ ကိုပိန့် မင်းကရွာခံမုဆိုးဆိုတော့ ပြောကြည့်ဦးလေကွာ၊ မင်းတို့ရဲ့ သဘောထားကို"

"ဟုတ်ပါတယ်၊ အပင်တစ်ပင်ပေါ်တက်ပြီး နေရာယူလိုက်ကြတာ ကျွန်တော်တို့အတွက် အကောင်းဆုံးပါပဲ။ သားကောင်ကြီးတွေပေါ်တော့ စိတ်မချရဘူးလေ"

ရွာခံမုဆိုး ကိုပိန့်ကပြောလိုက်ရင်း သူလက်ညှိုးထိုးပြရာ နောက်ကျောဘက်ဆီရှိ သစ်ပင်ကြီးကိုကြည့်လိုက်တော့ 'ခအုံးပင်ကြီး' တစ်ပင်ဖြစ်နေသည်ကို တွေ့လိုက်ရပေသည်။

"ဟ . . . စားပင်ကြီးပါလား။ အသီးတွေကလည်း အများကြီးကွ"

ကိုယ့်နောက်ကျောတွင်ရှိနေသော်လည်း သူများပြလိုက်မှ သတိထားကြည့်လိုက်မိသည်။ ထိုအပင်က စားပင်ကြီးတစ်ပင်ဖြစ်နေသည်ကို ယခုမှပင် သတိထားလိုက်မိသည်က အမှန်ပင်ဖြစ်ပေသည်။

ခအုံးပင်ကြီးကို မော့ကြည့်လိုက်တော့ ဆယ်ပေအထက်လောက်ဆီတွင် အကိုင်းကြီးသုံးကိုင်းကခွဲထွက် ကတော့ဝိုးနေသည့်ပုံစံမျိုးဖြစ်နေသလို အသီးများတို့ကလည်း အကိုင်းများထက်ဆီတွင် ရောင်စုံဘောလုံးကလေးများကို ချိတ်ဆွဲထားသည့်အသွင်မျိုးနှင့် သီးနေကြသည်ကို တွေ့လိုက်ရပေသည်။ တော်နေသေးသည်က အသီးများက





မှည့်ခါနီးပြီး မမှည့်ကြသေးသည်က တော်နေသေးသည်။

အဘယ်ကြောင့်ဆိုသော် 'ခအုံးပင်' ဆိုသည်က စားပင်ဖြစ်သည့်အတွက်ကြောင့်ပင်။ သူ့အသီးက 'ဥသျှစ်သီး' များကဲ့သို့ အပေါ်ခွံက မာပြီးထူသည်။ အတွင်းသားက အလွန်ခါးသောအရသာ ရှိသည်။ ခါးချက်ကပြင်းလွန်းသဖြင့် ထိုအပင်ကို တောတိရစ္ဆာန်တို့၏ စားပင်ဖြစ်သည်ဆိုလျှင် ယုံနိုင်ဖွယ်ပင်မရှိ။ အမှန်ကတော့ သားကောင်များ၏ စားပင်တစ်ပင်ဖြစ်သည်။

ထိုအပင်မှသီးသော 'ခအုံးသီး' များကို တောတွင်းနေ တိရစ္ဆာန်များဖြစ်ကြသည့် ဝံ၊ ဆတ်၊ ဒရယ်၊ ချေနှင့်ဖြူကောင်များက အလွန်နှစ်ခြိုက်စွာ စားကြသည်။ သို့သော် စားကြပုံချင်းတော့ မတူညီကြပေ။

ခအုံးသီးမှာ အလွန်ဆုံး[illegible]သောအသီးက 'ဥသျှစ်သီး' အရွယ်ပင်။ သီးကင်းစအရောင်သည် စိမ်းသည်။ နည်းနည်းလေးကြီးလာသောအခါ ပန်းရောင်နုနု။ နဲနဲပိုကြီးလာသောအခါ ပန်းရောင်အရင့်ဘက်ဆီသို့။ မှည့်ခါနီးတော့ အညိုရောင်။ မှည့်နေသောအသီးများတို့က ပန်းရောင်နှင့် အညိုရောစပ်ထားသည့်အရောင် ဖြစ်ပေသည်။

သို့အတွက် ထိုအပင်ကြီးကိုကြည့်လိုက်လျှင် ရောင်စုံသောဘောလုံးများတို့ ချိတ်ဆွဲထားသည့်နှယ် ကြည့်၍အလွန်ကောင်းသည်။

ထိုအသီးကို သားကောင်များစားပုံချင်းကလည်း မတူညီကြ။ ထိုအပင်နှင့်အသီးများမှာ အညှာခိုင်သောကြောင့် တော်ရုံလေဒဏ်ကြောင့်ဖြင့် အသီးများက မြေပြင်ထက်ဆီသို့ ကြွေမကျ။ ယခုလို အသီးများမှည့်ကြတော့မည့်အချိန် တောတွင်းနေဝံများက သိရှိနေကြသည်။ အဦးမှည့်သော အပင်များထက်ဆီသို့တက်ရောက်ပြီး ကိုင်းဆုံတွင်ထိုင်ကာ သူလိုချင်သည့် အသီးမှည့်နေသောအကိုင်းကို လက်နှင့်လှမ်းဆွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ဝါးစားကြည့်သည်။ သူတို့ကြိုက်သောအသီးကို အပင်ထက်တွင်ပင် စားလိုက်ကြပြီး သူတို့မကြိုက်သော အသီးများကိုမူ အောက်သို့ပစ်ချ သည်။ ကိုက်ဖဲ့ထားသည်ကိုလည်း မြေပြင်ထက်ဆီသို့ ထွေးထုတ်ပစ် လိုက်သည်။

ကျန်သော သားကောင်များဖြစ်သည့် ဆတ်၊ ဒရယ်၊ ချေနှင့် ဖြူကောင်တို့က ဝံများမစားလို၍ အောက်သို့ပစ်ချလိုက်သော ခအုံးသီး အပဲ့အရွဲများကိုသာ စားကြရသည်။ အထူးသဖြင့် ထိုအပင်ထက်ဆီ သို့ ဝံများတက်ရောက်စားသောက်ကြသည့်အချိန်တွင် အပင်အောက် တွင် အကောင်များရောက်ရှိလာတတ်ကြသဖြင့် ထိုစားပင်ကို စောင့်ပစ် ခတ်ကြသည့်မုဆိုးတို့အတွက် ဝံကိုသာမက ကျန်သော သားကောင်များ ကိုလည်း ပစ်ခတ်ကြရသည်။ သို့သော် မုဆိုးလုပ်သူမှာ အနေကျစ်လျစ် ဖို့ အလွန်အရေးကြီးသည်။

စောစောက ကျစ်စင်ဆောက်ရန်အတွက် ဝါးများခုတ်ထား ကြသလို နှီးများဖြာထားသည်ကလည်း အဆင်သင့်ရှိနေကြသဖြင့် ကျွန် တော်တို့အဖွဲ့ တက်ညီလက်ညီပင် ခအုံးပင်ကြီးထက်ဆီသို့ တက်လိုက် ကြပြီး လင့်တစ်ခုကို အခိုင်အခံ့ပင် တည်ဆောက်လိုက်ကြသည်။

အချိန်ကိုလုကာ လုပ်ကိုင်နေကြရသည်မို့ ကျွန်တော်က လက်တွင်သေနတ်ကိုကိုင်ဆောင်ကာ ဝန်းကျင်အခြေအနေကို ကြည့်ရှု နေသလို ကျန်အဖွဲ့သားတို့က ထင်းခြောက်များကို ကျစ်စင်အောက် ဆီသို့ လိုက်လံထည့်ပေးနေကြသလို မီးညှိမည့်ကို လိုက်လံညှိပေးနေ ကြသည်။ ပြီးတော့ ခအုံးပင်ကြီးဘေး ကျွန်တော်တို့ ထိုင်ကြမည့်လင့် အောက်ဆီတွင် မီးဖိုကြီးတစ်ဖိုကိုတည်လိုက်ပြီး ထင်းတုံးကြီးများကို ဆိုင်ပေးကာ ထားလိုက်ကြပေသည်။





ကျွန်တော်တို့အဖွဲ့ လုပ်ငန်းများအားလုံး စီစဉ်ဆောင်ရွက် အပြီး အပင်ကြီးထက်ဆီသို့တက်ကြတော့ ည(၇)နာရီပင် ထိုးနေပေ ပြီ။

လင့်ထက်ဆီသို့ရောက်ကြတော့ ကျွန်တော်၊ အဘကောင်း၊ ပိန်၊ အောင်သူနှင့်ယဉ်ကြိုင်တို့က 'ခအုံးပင်' ကြီး၏ အကိုင်းကြီး အသီးသီးတို့တွင် 'ပုခက်'များတို့ကို ဆင်လိုက်ကြပြီး လေးဖက် တန်းမျက်နှာမူကာ ထိုင်ထားလိုက်ကြပြီး ကျန်အဖွဲ့သားများတို့က များနှင့်တုပ်နှောင်ထားသည့် လင့်ထိုင်လိုက်ကြပြီး တစ်နေ့လုံး ပင်ပန်း နယ်လာခဲ့သမျှကိုအတိုးချကာ အနားယူကြဖို့ ပြင်ဆင်လိုက်ကြသည်။ ကျွန်တော်တို့အတွင်းမှ အရေးပေါ်လျှင် မီးထိုးရန်အတွက် 'မောင်ယဉ် ကြိုင်'ကို တာဝန်ပေးထားလိုက်သည်။

မှောင်နေသည့်အကြား နားလိုက်ကြသည်ဆိုသော်လည်း ယနေ့ အတွက် မည်သူမျှ ထမင်းမစားရသေး။ ပါလာသောဖယောင်းတိုင် မီးထွန်းကာ 'အစ်ကိုကြီး ဦးသိန်းလွင်နှင့် ကုလားကြီးသန်းညွန့်' နှစ်ယောက်က မီးကင်ထားသော ပြောင်သားတုံးကြီးများကို ဓားနှင့် ဖြတ်ကာ အရက်အနည်းငယ်စီနှင့် စားသောက်နေလိုက်ကြပေသည်။ ာနေကြသဖြင့် အဝစားလိုက်ကြသော်လည်း သူတို့က အလုံအလောက် င်ထားကြသည်မို့ အတော်ကလေး အဆင်ပြေသည်ကအမှန်။

ဗိုက်ကလည်း ပြည့်သွားကြသလို အရက်ကလေးများကိုလည်း အတိုက်အလျောက် သောက်ထားလိုက်ကြသည်မို့ လင့်ထက်တွင်ပင် သူတို့ကကျောခင်းကာ မှေးစက်နေကြသလို ကျွန်တော်တို့ကလည်း သေနတ်များကို ဆုပ်ကိုင်းထားကြရင်း ပုခက်လင့်ထက်တွင် မှေးစက် အနားယူ နေလိုက်ကြသည်။ ညကား မှောင်မည်းတိတ်ဆိတ်နေသလို



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် တစ်ချက်မီးခိုးငွေ့များတို့အကြားမှ တောခြင်ရိုင်းများတို့က ဝင်ကိုက်ခဲ ခြင်းခံနေရသေးသည်။ တောကြီးတစ်ခွင်လုံးကား မီး အတွင်းမှ မီးခဲများအပြင် ကျုပ်စင်အောက်မှ မီးခဲရဲရဲကလေးများတို့ အရောင်ကလေးများတို့မှတစ်ပါး မှောင်မိုက်လျက်။

"တရိန် ... တရိန် ... တရိန်"

အတန်ငယ် အလှမ်းဝေးသောနေရာဆီမှ ဆတ်တစ်သံများ ကြားလိုက်ရသည်။ ထိုအသံကိုကြားလိုက်ရပြီး တထိတ်တလန့် တော တိုးပြေးလွှားသံကြီးကိုပါ ဆက်လက်ကြားလိုက်ရပြီး ထိုဆတ်ကြီးထံ သေငယ်စောနှင့် နာနာကြည်းကြည်း အော်ဟစ်လိုက်သံနှင့် သားကောင် ကြီးတစ်ကောင်၏ အစာမာန်သွင်းသံကြီးတို့ကိုပါ ဆက်တိုက်ကြားလိုက် ရပြန်သည်။ ဆတ်ကြီးကိုချောင်းနေသော သားကောင်ကြီးက ပြေးလွှား သွားသော သားကောင်နောက်သို့ တစ်ရှိန်ထိုးလိုက် ကိုက်ခဲလိုက်ဟန် ပင်။ ထိုအချိန်ကျမှပင် နံမတစ်အုပ်က ဝိုင်းအော်လိုက်ကြသလို ပုစဉ်း ရင်ကွဲတစ်အုပ်ကလည်း အားကျမခံ ပြန်လည်အော်လိုက်သံတို့က နား ကွဲလုမတတ်။

သစ်ပင်ကြီးထက်တဲကာ ထိုင်နေကြရသည့် ကျွန်တော်တို့ အဖွဲ့ ဝန်းကျင်မှထွက်ပေါ်လာကြသော အသံများကို လိုက်လံမှတ်သား နေလိုက်ကြပေသည်။ ထိုစဉ် ...

"ရူးဂဲ ... ရူးဂဲ"

မလှမ်းမကမ်းဆီမှ ဝံတစ်ကောင်၏ ဝမ်းရှုတ်သံလား၊ ကျား သစ်တစ်ကောင်၏ ဝမ်းရှုတ်သံလား ခန့်မှန်းရန်ခက်သော အသံတစ်သံ ကိုကြားလိုက်ရသည်မို့ ကျွန်တော်တို့လက်တွင် ကိုင်ဆောင်ထားသော သေနတ်များနှင့် အသံကြားလိုက်ရာဆီသို့ ထိုးချိန်ထားမိသော်လည်း





သေမားကမီးမတိုးသဖြင့် မပစ်ခတ်လိုက်ကြရ။ ဘာကောင်မှန်းလည်း သိ။ ပြောင်သားတုံးကြီးများတို့ကို ကျုပ်ကင်ထားကြသည့်အတွက် အနံ့ အသက်များတို့ကို ရရှိနေကြသဖြင့် အခြားသောသားကောင်များက လည်း အချိန်မရွေး ရောက်လာနိုင်သည်မဟုတ်ပါလား။ ယခုကြား လိုက်ရသည့်အသံက ကျုပ်စင်ဘက်ဆီသို့ ရောက်မလာသဖြင့် တော်သေး သည်ဟုဆိုရပေမည်။

"ကုတ်ကုတ်ကုတ် ... ကလူး ....."

အဆက်မပြတ် ဆက်တိုက်သံရှည်ဆွဲကာ အော်မြည်လိုက် သည့် 'ကုတ်ကလူး' ငှက်ကြီးတစ်ကောင်၏ အော်ဟစ်လိုက်သံတို့နှင့် အတူ ဝန်းကျင်ဆီမှ မျောက်မောင်းမများတို့၏ အော်ဟစ်လိုက်သံတို့ က အသည်းငယ်သူများတို့အဖို့ ကြောက်စရာပင် ကောင်းနေသည်က အမှန်။

တောက ညဲစီစပြုလာရာမှ အတန်ကြာတော့ ငြိမ်သက်သွား ပြန်သည်။ ညဉ့်နက်လာလာသည်နှင့်အတူ အအေးကလည်းမိုလာပြီး မြူနှင်းများတို့ ပက်ဖျန်းသည့်ဒဏ်ကြောင့် အောက်ဘက်တွင်မိုထားသော မီးဖိုနှင့် ကျုပ်စင်အောက်ရှိ မီးခဲတို့ကပြာမုံးပြီး ထွက်ပေါ်လာသည့်အပူ ရှိန်ကြောင့် ပြောင်သားကျုပ်ကင် ရနံ့ကလေးများတို့က သင်းတပျံ့ပျံ့။

တကယ်လည်း သင်းတပျံ့ပျံ့ရယ်သာပါ။ ထိုပြောင်သားကျုပ် တင်နံ့ သင်းတပျံ့ပျံ့ရနံ့များတို့က အန္တရာယ်ကိုဖိတ်ခေါ်နေသော အတိတ် နိမိတ်ဆိုသည်ကိုသိတော့ သိထားကြသည်၊ သို့သော် ယခုလောက် အန္တရာယ်ကြီးမှန်းကိုတော့ မသိကြတာက အမှန်ပင်။

ပုခက်လင့်ထက်တွင် ခွထိုင်ထားပြီး နောက်သို့ကျောမှီ၍ သေနတ်ကိုဆုပ်ကိုင်ရင်း အတွေးများတို့ကို ဖြန့်ထုတ်နေလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခအောင်းတွေဝေနေသော ယခုလို တပေါင်းနွေရာသီလတွင် ဂနိုင်ကြီးအတွင်း ဖော်ကွဲ 'ဥသြငှက်' ကလေးတစ်ကောင်က နွေတေးတစ်ပုဒ်ကို လွမ်းဆွတ်ဖွယ် ဟို ဓေးပင်ယံဖျားထက်ဆီမှ ဟစ်ကြွေးနေသံကိုလည်း ကြားနေရသည်။

ထိုစဉ် ...

"မျော ... မျော ... မျော ... မျော"

"ရှဲ ရှဲ ရှဲ .... ဝရော ... မျော"

ဥသြငှက်ကလေး၏ လွမ်းမောဖွယ်တွန်ကျူးသံကို နားစွင့်ရင်း အတွေးတို့ကို ဆန့်ထုတ်နေစဉ်အတွင်း ထူးထူးခြားခြား ခပ်လှမ်းလှမ်းဆီမှ တောထိုးလိုက်သံကြီးတစ်ခုကြောင့် ရုတ်တရက် မျက်လုံးကိုဖွင့်ကာ အသိတရားများတို့ကို ပြန်လည်စုစည်းလိုက်ပြီး အသံကြားလိုက်ရာ အမှောင်တွင်းဆီသို့ ခေါင်းထောင်ကာ စူးစူးစိုက်စိုက် ကြည့်နေလိုက်မိသည်။

အသံက သူတို့သွားရောက်ပြီး ကိုယ်လက်များသန့်စင်သည့် ကျောက်ပြန့်အိုင်ကြီး၏ နောက်ကျောဘက် တောနက်ကြီးအတွင်းဆီမှ ကြားလိုက်ရသော အသံဖြစ်သည်။ အသံကို အသေအချာ နားစွင့်နေရင်း ဖြစ်နိုင်ခြေရှိသည်တို့ကိုစဉ်းစားကာ တောတိုးသံများတို့က ပိုမိုနီးကပ်လာသလို၊ စောစောက ကြားလိုက်ရသည်ထက် ပိုမိုကျယ်လောင်လာသည်ကိုလည်း သတိပြုလိုက်မိသည်။

"ကစ် ... ကစ် ... ဘာကောင်တုံးဟ"

အစ်ကိုကြီးဦးသိန်းလွင်က အဖွဲ့သားများတို့ကို လေသံနှင့်သတိပေးလိုက်သည့်အသံတ ပေါ်ထွက်လာသည်။ ကျွန်တော်က ပုခက်လင့်အတွင်းမှ ခါးကိုဆန့်လိုက်ရင်း အသံကိုအသေအချာ နားစွင့်လိုက်





သော ကြားနေရသောအသံကြီးမှာ စောစောကထက် ပိုမိုပီပြင်လာသလို ကျွန်တော်တို့ဘက်ဆီသို့ လာနေသည့်အနေအထားမျိုးမှ် အနီးရှိ ပင်ပန်းလွန်းသည့်ဒဏ်ကြောင့် ခေတ္တမှေးစက် အိပ်ပျော်နေသည့် အဘကောင်းကိုတံတောင်နှင့်တို့ထိကာ လှုပ်နိုးလိုက်၏ ၄ ချက်ချင်းနိုးလာပြီး ...

"ဘာဖြစ်သလဲ ဘိုလေး၊ ဘာထူးလို့လဲ"

ကျွန်တော့်ကို လေသံလေးနှင့်မေးနေသော်လည်း တောတိုးသံကြီးကို သူလည်း ကြားနေရသည်၊ သို့အတွက် ကျွန်တော်က လေသံနှင့် ...

"ဟိုဘက်က အိပ်နေတဲ့သူတွေကို နှိုးလိုက်တော့အဘ"

အဘကောင်းက သူနှင့်နီးသူများတို့ကို လိုက်လံလက်ကုတ်နှိုးလိုက်ရင်း သူကိုယ်တိုင်ကလည်း အသံကြီးကြားလိုက်ရာဆီသို့ နားစွင့်နေလိုက်သည်။ ကြားနေရသောတောတိုးသံကြီးမှာ တောတောင်များအတွင်း ညဏ်ပုံမှန်အတိုင်း အော်မြည်တတ်ကြသည့် သားကောင်မျိုးတို့၏ အသံမဟုတ်မှန်းကို 'အဘကောင်း' သိနေသလို ကျွန်တော်တို့လည်း သိနေကြသည်။

ကျွန်တော်တို့အားလုံး ကြားနေရသောအသံကြီးကို နားစွင့်နေကြစဉ်အတွင်း ကျောက်ပြန့်အိုင်ကြီးဘက်ဆီမှ ထူးထူးခြားခြား အော်မြည်သံအချို့ကိုပါ ကြားလိုက်ရသည်။

"ကျလိ ... ကျလိ ... ကျလိ"

ထိုအသံနှင့်အတူ မောင်ယဉ်ကြိုင်က လေသံနှင့် ...

"မီးထိုးရတော့မလား"

မေးလာသည်မို့ အဘကောင်းကလည်း လေသံနှင့်ပင် ...

"ဗေ့ိန် ... မင်းဘာကောင်လို့ထင်လဲ၊ မီးမထိုးနဲ့ဦး၊ အသာ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်နေ”

“မသိဘူး အဘ၊ မကြုံဖူးသေးဘူး၊ ဒါမျိုးကို”

နီးကပ်စွာနှင့်ကျယ်လောင်စွာ ကြားလိုက်ရသော အသံကြီးကြောင့် ကိုင်ဆောင်ထားကြသည့် သေနတ်များနှင့် အသံကြားလိုက်ရာဆီသို့ လိုက်လံချိန်ရွယ်ထားကြသော်လည်း မီးကိုမထိုးသေးသဖြင့် ဘာကောင်ဖြစ်မှန်းကိုတော့ဖြင့် မည်သူမျှမသိရှိကြသေး။ သို့သော်လည်း ကျွန်တော်တို့အဖွဲ့က ကိုင်ဆောင်ထားကြသည့် သေနတ်များကိုတော့ ပစ်ခတ်ကြတော့ရန်အတွက် မောင်းများတင်လျက် အသင့်အနေအထားနှင့် ချိန်ရွယ်ထားလိုက်ကြပေသည်။

ကြားနေရသောအသံကြီးက စောစောက တောတိုးသံကြီးဟု ထင်ရသော်လည်း တကယ်တမ်းတွင် သစ်ရွက်များတို့ကို ခြေချထားသည့် မြေပြင်ထက်ဆီတွင် တရှဲတိုက်ပြေးဆွဲနေသံမျိုးလို အစဉ်မပြတ် တစ်တောလုံး သောသောညံနေသည်။

ယခုကဲ့သို့ အဆက်မပြတ် ကြားနေရသည့်အသံမျိုးကိုလည်း ဟိုယခင် ကျွန်တော်တို့အဖွဲ့ တောတောင်များအတွင်း မကြားဖူးခဲ့သလို အတွေ့အကြုံများလည်း မရှိကြသလို ရွာခံမုဆိုးများတို့ ကိုယ်တိုင်ကလည်း သူတို့ကျင်လည်နေသည့် တောကြီးအတွင်းဆိုသော်လည်း မတွေ့ကြုံခဲ့ဖူးကြသဖြင့် ထင်ကြေးမပေးနိုင်ကြ။ ကျွန်တော်တို့ကသာ ဖြစ်နိုင်ခြေရှိသည့်မှု းကို အလျင်စလိုတွေးတောကာ လိုက်လံစဉ်းစားနေမိလိုက်ကြပေသည်။

သစ်ရွက်များတို့ကို ပွတ်သပ်ဆွဲလျက် ဖြတ်သန်းသွားလာနေသည့်အသံများတို့ကြောင့် မြွေကြီးများတို့ပင်လား။ သို့မဟုတ်ပါက ကျပ်စင်တွင်ကင်ထားသော ပြောင်သားတုံးကြီးများတို့ကို အောက်မှမီး





အပူပေးလိုက်သည်ကြောင့် ထွက်ပေါ်လာသည့် အနံ့ကိုခံလိုက်လာကြသည့် ကျားသစ်၊ ဆင်၊ ဝံ၊ ဝံပုလွေအုပ်၊ တောခွေးအုပ်၊ ခွေးအအုပ်တို့များလား။ ယခုလိုတောကြီးများအတွင်း ယခုကဲ့သို့ အနံ့အသက်များတို့ကိုရရှိပါက ဖြစ်နိုင်သည့်အကောင်တွေက ဒီလိုအကောင်များတို့ပေပဲ။ သို့သော် ဒါတွေလည်း မဖြစ်နိုင်။

ထိုသို့ စဉ်းစားနေလိုက်သည့် အချိန်ကလေးအတွင်းမှာပင် သူတို့ကိုယ်လက်များ သွားရောက်သန့်စင်ကြသည့် ကျောက်ပြန့်အိုင်နောက်ကျော တောနက်ကြီးဆီမှ ‘တဗျောဗျော’နှင့် ရွေ့လျားလာရာဆီသို့ ကျွန်တော်တို့အဖွဲ့ လှမ်းကြည့်လိုက်တော့ တိရစ္ဆာန်ကြီးတစ်ကောင်၏ မျက်လုံးဟုထင်ရသော နီနီရဲရဲ မီးကျီးခဲလို ရဲနေသည့် ကြီးမားသော မျက်လုံးတစ်စုံကို မီးဖိုနှင့်ကျပ်စင်အောက်ရှိ မီးကျီးခဲများတို့အရောင်နှင့်ထိတွေ့ကာ ရောင်ပြန်ဟပ်လိုက်သည်ကို ကြောက်ခမန်းလိလိ ကျွန်တော်တို့အဖွဲ့ တွေ့မြင်လိုက်ကြရပေသည်။

တွေ့လိုက်ကြရသည့် မီးကျည်ခဲနှစ်လုံးသည် ရတ်ခြည်းမြေပြင်ထက်မှ အထက်သို့မြောက်တက်သွားကာ ဟိုဘက်သည်ဘက်များဆီသို့ ရွေ့လျားနေသည့်ကိုလည်း တွေ့လိုက်ရပေသည်။ ဟိုသည်ကိုလှမ်းပြီး လိုက်လံကြည့်နေသည့်ဟန်။ အတန်ကြာတော့ တရွေ့ရွေ့ရှေ့ဆီသို့ တိုးတပ်လာသည်။

သားကောင်မှာ မည်သည့်အကောင်မျိုးဆိုသည်ကိုတော့ဖြင့် ကျွန်တော်တို့ မသိကြရသေး။ သို့သော် တောတောင်များအတွင်းတွင် ကျွန်တော်တို့ မုဆိုးလုပ်ကြသူများ ညဘက်မီးထိုးပြီး သားကောင်များကို ရှာဖွေပစ်ခတ်ကြရာတွင် သားကောင်များရနိုင်မည့် နေရာများတို့ဆီသို့ မီးကိုလိုက်လံထိုး၍ ရှာဖွေကြရာတွင် လှမ်းထိုးထားသည့်မီးရောင်ဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့ သားကောင်များတို့က ပြန်လည်ကြည့်ကြရာတွင် သူတို့ဆီမှရောင်ပြန်ဟပ်သော မျက်လုံးအရောင်ပေါ်တွင် မုဆိုးလုပ်ကြသူများတို့၏ သားကောင်အနေအထားပေါ်မူတည်ပြီး ကျည်ဆန်ကို သူနှင့်လိုက်ဖေ မည့်ကျည်မျိုးဖြင့်ပြောင်းလဲကာ ပစ်ခတ်ကြရသည်။

ဥပမာ–မီးနှင့်အထိုးခံလိုက်ရသည့် သားကောင်မျက်လုံး ရောင်ပြန်ဟပ်မှုသည် အကြီးအသေး၊ ခွင်အကျယ်၊ ရောင်ပြန်ဟပ်ခံရသည့် မျက်လုံးအရောင်၊ မြေပြင်နှင့်အနိမ့်အမြင့် စသည်တို့ပင်။ အထူးသတိထားရမည့်အချက်က ယခုကဲ့သို့ မျက်လုံးအရောင်က မီးကျီးခဲလို နီရဲနေပါလျှင် လူမုဆိုးများတို့ကို ပြန်လည်အန္တရာယ်ပေးသည့် သားကောင် အသားစားသတ္တဝါ ဟူ၍လည်းကောင်း၊ မျက်လုံးစိမ်းသည်ကို တွေ့ရလျှင် ချေ၊ ဒရယ်၊ ဆတ်နှင့်၊ အခြားသောအကောင်များက ညို သည့်အရောင်၊ ပြာသည့်အရောင်တို့ကို ပြန်လည်ရောင်ပြန်ဟပ်ခြင်းကို တွေ့မြင်ရမည်ဖြစ်သော်လည်း အသားစားကောင်များ၊ လူကို အန္တရာယ်ပြန်ပေးတတ်ကြသည့်အကောင်များလို မျက်လုံးမရဲကြပေ။

ယခု တွေ့မြင်လိုက်ရသော အကောင်ကြီး၏မျက်လုံးသည် ရဲရဲတောက်နီရဲနေသည့်အတွက် လူတွေကိုပါ အန္တရာယ်ပေးနိုင်သော အကောင်ကြီးမှန်း သိရှိသဘောပေါက်လိုက်ကြသည့်အတွက် ကိုင်ဆောင်ထားကြသည့် သေနတ်အသီးသီးတို့နှင့် ပစ်ခတ်ကြရန်အတွက် မီးကို ထိုးပေးမည့် 'မောင်ယဉ်ကြိုင်' ကိုတံတောင်နှင့် တို့ထိသတိပေးတော့မည်အလုပ် ...

ရဲရဲနီနေသော မျက်လုံးပိုင်ရှင်သည် တောတိရစ္ဆာန်ကြီးသည် ကျုပ်စင်အောက်တွင် ပြာပုံနေသောနေရာဆီသို့ ဦးတည်သွားနေသောကြောင့် နှင်းတို့စိုရွှဲနေသော သစ်ရွက်ခြောက်များတို့ ဖြစ်စေကာမူ





'တဝေါ်ဝေါ် ... တဗျောဗျော' အသံနှင့် ရွေ့လျားနေသည်ကို ကြားလိုက်ရပေသည်။

လ,အကွေးကလေးနှင့် ကြယ်တာရာများတို့ချိတ်ဲ့သော အလင်းရောင်ကို မြူနှင်းများတို့က ဖြန့်ကြက်ထားသောကြောင့် မှုန်ဝါးဝါး မည်းမည်းသတ္တဝါကြီးမှာ ပြောင်သားတုံးများကင်ထားသော ကျုပ်စင်ကိုလှည့်ပတ်နေသည်ကို အမှောင်တွင်းသစ်ပင်ထက်ဆီမှ ကျွန်တော်တို့ အဖွဲ့အားလုံးပင် တွေ့မြင်နေရသည်။

"အဘကောင်း ... ပစ်ကြရအောင်"

ဉာဏ်ကျယ်ထံမှ လေသံနှင့်သူ့ဆံနွှကို တောင်းဆိုလာသည့်မို့ အဘကောင်းကပြန်ပြီး ပြောလိုက်သည်က ...

"မပစ်နဲ့ဦး။ အသာစောင့်ကြည့်နေလိုက်ကြဦး။ ပစ်ဖို့လိုရင် ငါပြောမယ်"

အဘကောင်းကလည်း မည်သို့ သူသဘောပေါက်ထားသည် တော့ဖြင့်မသိ။ လေသံနှင့်ပင်ပြန်ပြီး မပစ်ခတ်ရန် ပြောနေသည်။ ကျွန်တော်တို့မှာ စိတ်မရှည်စွာ စောင့်စားကြည့်ရှုနေရပေမည်။ အဘယ့်ကြောင့်ဆိုသော် အဖွဲ့တွင် သူကအသက်အကြီးဆုံးဖြစ်သလို အတွေ့အကြုံကလည်း ရင့်ကျက်သူတစ်ဦးဖြစ်နေပြီး သူပြောသည့်စကားတိုင်းသည်လည်း အမှားနည်းသည့်အတွက် နားထောင်ရပေတော့မည်။

ထိုစဉ် သားကောင်ကြီးမှာ ကျုပ်စင်ဘေးတွင် လှည့်ပတ်နေရာမှ ရပ်တန့်လိုက်ပြီး ကျွန်တော်တို့ တက်ရောက်ယူထားကြသော 'ခအုံးပင်' ကြီးအောက်ဆီသို့ တိုးကပ်လာသည်။ မီးဖိုကြီးရှိ မီးခဲများတို့မှာ ပြာဖုံးခြင်းခံထားရသလို၊ နှင်းငွေ့များ ပက်ဖျန်းခြင်းခံထားရသည့်အတွက် မီးများတို့ကသေနေကြပြီမို့ မြေပြင်အပူငွေ့ကို ဖြတ်ကျော်နိုင်လိုက်ပ



www.burmeseclassic.com

www.burmeseclassic.com



ဟန်ထင့်၊ ဝေါခနဲသောသို့ (ပြောင်သားတစ်ခြမ်း ကျန်နေသည့်ဘက်)ဆီသို့ ရောက်သွားဟန်ထင့်၊ နှုတ်ဖျားမှလည်း 'ကျလိ ...ကျလိ'နှင့် အသံကြီးကိုကြားလိုက်ရသည်။ ကျွန်တော်တို့ တက်ရောက်နေရာပူထားသည့် သစ်ပင်ကြီးအရိပ်ကြောင့် အမှောင်ထုကလွှမ်းမိုး မင်းမှုန်နေသည်မို့ အသံကိုသာကြားနေရသည် ဘာကိုမှမမြင်တွေ့ရ။

အတန်ကြာသောအခါ 'တရှုံရှုံ တဖျဲဖျဲ' အသံများတို့ကို ကျွန်တော်တို့အားလုံး ကြားလိုက်ကြရသည်။ ထိုအသံအပြင် 'ယင်မမဲရိုင်း' အုပ်ကြီး၏ တထိတ်တလန့်အသွင်နှင့် ထပျံသန်းလိုက်ကြသည့် 'ဝေါခနဲ' အသံအပြင် အတောင်ပံခတ်သံ'များတို့ကိုလည်း တစီစီနှင့်ကြားနေရသည့်အတွက်သာ ငြိမ်စောင့်စားနေလိုက်စဉ် ...

"ကျိ ...ကျိ ...ကျိ ...ကျိ"

ကျယ်လောင်သောအသံကြီးနှင့် အော်ဟစ်လိုက်ပြီး 'ဝေါ'ခနဲ နေရာမှ သူလာရာလမ်းနောက်ကျော 'ကျောက်ပြန့်အိုင်' ကြီးဘက်ဆီသို့ ပြေးထွက်သွားသည့် အသံကြီးကို ကြားလိုက်ရပေသည်။

ကျွန်တော်တို့အဖွဲ့သားများတို့သည် ယခုမှပင် သက်ပြင်းမောတို့ကိုချနိုင်သလို နဖူးမှထွက်ကျနေသည့် ဇောချွေးများတို့ကိုလည်း လက်ခုံနှင့်သုတ်နေကြရင်း အစ်ကိုကြီး ဦးသိန်းဇာင်အသံက ထွက်လာသည်။

"ကျပ်ကင်တဲ့အသားကို မကြိုက်ဘူးနဲ့တူတယ်နော်။ အသားစိမ်းတော့ ပါသွားပြီးနဲ့တူတယ်။ ယဉ်ကျိုင်မီးတိုးပြီး ကြည့်စမ်းကွာ"

သားကောင်ကြီးသည် နေရာမှ ကျောက်ပြန့်အိုင်ကြီးဘက်ဆီသို့ ပြန်လည်ပြေးလွှားသွားသလို၊ သူ့နောက်မှထက်ကြပ်မကွာ လိုက်လံသွားကြသော ယင်မမဲရိုင်းအသံများတို့ တစ်စထက်တစ်စ ဝေးကွာပြီး





အသံပျောက်သွားသည့်အတွက် လက်နှိပ်မီးကို ကိုင်ဆောင်ထားသည့် မောင်ယဉ်ကျိုင်က အောက်ဘက်တွင် ခုတ်ထစ်လိုးဖြတ်၍ မပြီးသေးသော တောင့်ကက်ပျောရွက်များတို့နှင့် ဖုံးအုပ်ထားသော ပြောင်သားတစ်ခြမ်းရှိနေရာဆီသို့ အောက်ဘက်ဆီသို့စိုက်ကာ မီးထိုးလိုက်ရာ တောင့်ကက်ပျောရွက်များတို့ ပြန့်ကျဲနေသည်ကိုသာ တွေ့မြင်လိုက်ရပြီး ပြောင်သားတစ်ခြမ်းမှာမရှိတော့။ မြေပြင်တွင် သားကောင်ကြီးသွားထားသော ဖွတ်ကြောင်းရာကြီးကိုသာ အထင်အရှား တွေ့မြင်လိုက်ကြရသေသည်မို့ ...

"ဟုတ်ပါ့ ...အစ်ကိုကြီးပြောတာ မှန်တယ်။ အကောင်ကြီးက ကျန်နေတဲ့အသားခြမ်းကို ကိုက်ချီသွားတာအမှန်ပဲဗျ"

မှန်က အစ်ကိုကြီး ဦးသိန်းလွင်စကားကို ထောက်ခံပြောကြားလိုက်သလို ဉာဏ်ကျယ်ကလည်း ...

"နို့ ...နေပါဦးဗျ။ မသိလို့ မေးရဦးမယ်။ အဲဒီအကောင်မျိုးကို ကျွန်တော်တို့ တစ်ခါမျှမကြုံခဲ့သေးဘူး။ ဘာကောင်ကြီးတုံးဗျ။ ကိုပိန်နဲ့ယဉ်ကျိုင်တို့က ရှာခဲတွေဆိုပြီး မင်းတို့ရောမသိဘူးလား။ အဘကောင်းကတော့ မုဆိုးသက်ရင့်သူဆိုတော့ သိလောက်ပါရဲ့၊ ပြောပြကြစမ်းပါဦး"

ဉာဏ်ကျယ်က မသိသဖြင့် လှမ်းမေးလိုက်သော်လည်း မည်သူ့ထံကမျှ အသံထွက်မလာ။ သူတို့ဘာကောင်ဖြစ်သည်မှန်းကို မသိကြဟန်ပင်။ ကျွန်တော်ဖြစ်စဉ်ကို ပြန်ပြောင်းစဉ်းစားနေလိုက်မိသည်က ထိုအကောင်ကြီးသည် ကျွန်တော်တို့ပြောင်သားများတို့ကို ကျပ်ကင်ထားသည့် အနံ့များတို့ကိုရသွားမည်မို့ ထိုအနံ့ကိုခံကာ လိုက်လာဟန်ပင်။ သို့သော် ကျပ်စင်အနီးဆီသို့ သူလှည့်ပတ်နေရင်း ခုတ်ထစ်နိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လို့မပြီးသေးသည့် အသားစိမ်းနံ့ကို ထပ်မံရလိုက်သည့်အတွက် အသားစိမ်းကိုပိုမိုမက်မောသော ထိုအကောင်ကြီးက အသားစိမ်းအနံ့ရသည့်နေရာဆီသို့ တိုးထွက်လာကာ ကိုက်ချီသွားသည့်သဘောမျိုးပင်။ သူဖြတ်သန်းလာရာ ကျောက်ပြန့်အိုင်နောက် တောနက်ကြီးအတွင်းဆီသို့ ချီဆွဲယူသွားမည်ကအမှန်ပင်။ မိုးလင်းတော့မှ စွတ်ကြောင်းလိုက်ပြီး မည်သည့်သားကောင်မျိုး ဖြစ်သည်ကိုကြည့်ရင်း ပညာပေးရန် အံကိုကျိတ်ပစ်လိုက်ရင်း ကိုင်ဆောင်ထားသည့်သေနတ်ကို ဖျစ်ညှစ်ဆုပ်ကိုင်ပစ်လိုက်မိပေသည်။

ပြောင်ထီးကောင်ကြီးတစ်ကောင် ဖြစ်သည့်အတွက် ပိဿာချိန် (၉၀၀) နီးပါးပင်။ ထိုအကောင်ကြီးကို အရည်ချ၊ ရင်ကိုခွဲ၊ အသားများကို ခုတ်ထစ်ပိုင်းဖြတ်ပြီး၍ ကျန်နေသေးသည့် အသားတို့က ပိဿာချိန် (၁၀၀) အထက်ပင်။ ထိုကဲ့သို့ လက်ကျန်တစ်ခြမ်းနီးပါး ပြောင်သားတုံးကြီးကို ကိုက်ချီယူသွားနိုင်သည့် ထိုအကောင်ကြီးကား စဉ်းစားလိုက်တော့ သေးမည့်အကောင်တစ်ကောင်မဟုတ်။ ဘာကောင်ဖြစ်သည်မှန်းကိုသာ မသိကြရသေးပါ။ ကျွန်တော့်က အိတ်ကပ်အတွင်း ဝါးဆစ်ဘူးကလေးအတွင်းမှ ရှမ်းဖက်လိပ်ကိုထုတ်ကာ မီးတို့ဖွာရှိုက်နေလိုက်မိပေသည်။ ယဉ်ကြိုင်က ဖယောင်းတိုင်ကိုမီးထွန်းလိုက်ပြီး ပင်စည်လုံးဘေးတွင်ကပ်ကာ စိုက်ထူထားလိုက်သဖြင့် အလင်းရောင်များတို့ကို အတော်အသင့်ရနေသည်။

သည့်တွင် ဉာဏ်ကျယ်က တစ်ခေန်းထလာပြန်သည်က . . .

"ဒီမှာ ဆရာကိုယဉ်ကြိုင်၊ သစ်ပင်မှာချိတ်ထားတဲ့ ဝါးဆစ်ဘူးကလေး တစ်ဆိတ်လောက် လှမ်းလိုက်စမ်းပါ။ အရေးထဲရှက်လည်းရှက်ပါတယ်။ ရှက်နေလို့လည်း အောင့်မထားနိုင်တော့ဘူး ထွက်တော့





မယ်"

မှန်ပေသည်။ ကျွန်တော်တို့အဖွဲ့သားများ ယခုကဲ့သို့ တောတောင်များအတွင်း လှည့်လည်အမဲသားကောင်များတို့ကို ပစ်ခတ်ခဲ့ကြရာ ယခုလိုအ[illegible]င့်ပြီး စခန်းချရာဆီသို့ မပြန်နိုင်ကြဘဲ သစ်ပင်ကြီးများတို့အပေါ်တက်ရောက်ကာ တစ်ညတာကုန်လွန်ရေးကို စောင့်စားကြရသည့်အခါမျိုး၊ သားကောင်များကို လင့်စောင့်ပစ်ခတ်ကြသည့် အခါမျိုးတို့တွင် ယခုကဲ့သို့ အပေါ့အလေးသွားလိုပါက အပင်အောက်ဆီသို့ဆင်းကာ စွန့်လို့ကမရ။ သားကောင်ပေါသော တောကြီးများတို့မှ အချိန်မရွေး အန္တရာယ်နှင့်တိုးနိုင်ကြသည့်အတွက် ယခုကဲ့သို့ ဝါးဆစ်ပိုင်းကို အသင့်ဆောင်ထားကြရပြီး မိမိကိစ္စကို ထိုဝါးဆစ်ပိုင်းအတွင်း ဖြေရှင်းရသောအရာ ဖြစ်ပေသည်။

မောင်ယဉ်ကြိုင်လှမ်းယူပေးလိုက်သော 'တင်းဝါးကို ခုတ်ထစ်ဖြတ်ပိုင်း'ထားသော ဝါးဆစ်ပိုင်းကိုလှမ်းယူ၍ ဉာဏ်ကျယ်ပုခက် လင့်ထက်ဆီမှ ကိုယ့်ကိစ္စကို ကိုယ်တိုင်ဖြေရှင်းနေသောအသံက တိတ်ဆိတ်သောညကို တရှူးရှူးနှင့် တိုးထွက်လာသောအသံကို အားလုံးကကြားလိုက်ရသည့်အကြားမှ ကုလားကြီးသန်းညွှန့်အသံက ထွက်လာသည်က . . .

"ရှူး . . . ရှူး . . . ရှူး"

ကလေးများကို သူတို့မိဘများတို့က ရှူးရှူးတည်သောအခါ ထွက်ပေါ်လာကြသည့်အသံမျိုးနှင့် သေးတည်သည့်အသံကြောင့် ကျွန်တော်တို့အားလုံး ဝိုင်းပြီးရယ်မောလိုက်ကြသော်လည်း ဉာဏ်ကျယ့်ထံမှထွက်ပေါ်နေသည့်အသံက ဆက်လက်ထွက်ပေါ်နေဆဲပင်။

ဉာဏ်ကျယ်တစ်ယောက် အကြောက်လွန်ပြီး ထွက်လာသော



www.burmeseclassic.com

www.burmeseclassic.com



'သေး'မှန်းကို အားလုံးက သိလိုက်ကြပေသည်။ ကျွန်တော် လက်တွင် ပတ်ထားသောနာရီကို ဖယောင်းတိုင်မီးအလင်းရောင်ဖြင့် ကြည့်လိုက်တော့ (၁၂း၃၀) နာရီပင်။

နေ့ရက်က ကုန်ဆုံးတော့မည် ဖြစ်၍လားတော့ဖြင့်မသိ၊ ညသည် တစ်စထက်တစ်စ ရင့်ရော်လာသည်နှင့်အတူ အေးစိမ့်လာသလို မြူတွေဆိုင်းကာ မှိုင်းလာသည်။ ဝန်းကျင်တစ်ဝိုက် မှောင်လိုက်သည်မှာ ခြင်းရယ်သာ။ မီးကို မှုတ်လိုက်ကြသော်လည်း အားလုံးက အိပ်မရတော့။ မျက်လုံးများတို့က ကြောင်နေကြပေပြီ။ ထိုစဉ် ဉာဏ်ကျယ့်အသံက ထွက်လာပြန်သည်။

"ငါ့ညီ . . . . မောင်ယဉ်ကြိုင်လေးရေ ရေဆာလို့ ဝါးဆစ်ပိုင်းကလေးပေးစမ်းပါဦးကွ"

"မှန် . . . ရေဘူးက မင့်အနားမှာ ချိတ်ထားတယ်။ ဖြုတ်ပြီးပေးလိုက်ပါနော်"

သောက်ရေထည့်ထားသည့် ဝါးဆစ်ပိုင်းကိုလည်း ကျောက်ပြန့်အိုင်အတွင်းရှိ ရေကိုထည့်ကာ သစ်ပင်အကိုင်းတွင် ချိတ်ဆွဲထားသည်။ ထိုဝါးဆစ်ပိုင်းက 'မှန်' ထိုင်နေသည့်ဘက်တွင် ရှိနေသဖြင့် လှမ်းပြောလိုက်သည့် မောင်ယဉ်ကြိုင့်အသံကြောင့် မှန်ကအမှောင်တွင်းမှ သောက်ရေထည့်ထားသော ငါးဆစ်ဘူးကိုချိတ်ဆွဲထားသော သစ်ကိုင်းမှဖြုတ်ယူလျက် ဉာဏ်ကျယ်ကို လှမ်းပေးလိုက်သည်။ ဉာဏ်ကျယ်က ဝါးဆစ်ပိုင်းအတွင်းမှ ရေကိုမော့သောက်လိုက်ရင်း ဂွးဂွးဝါးဝါးအသံနှင့်အတူ ဆဲဆိုသံက ထွက်ပေါ်လာသည်။

"ဝေါ့ . . . . မွှီ . . . နွှီ . . . . သောက်ကျင့်က ယုတ်ကိုယုတ်တယ် . . ."





သောက်ထားသည့်ရေကို အောက်သို့ ထွေးထုတ်လိုက်ရင်း မကျေမချမ်းနှင့် မှန်ကို ပျစ်ပျစ်နှစ်နှစ် ဆဲဆိုလိုက်သံက တိတ်ဆိတ်သောညကို နုးလွမ်းသွားသည်နှင့်အတူ ကျွန်တော်တို့အဖွဲ့သားများတို့၏ ဗိုင်းဝန်းရယ်မောလိုက်ကြသည့် အသံများက ဝန်းကျင်ကိုလွှမ်းသွားပေတော့သည်။

အဘယ်ကြောင့်ဆိုသော် ဉာဏ်ကျယ်ကို ပေးလိုက်သော ဝါးဆစ်ပိုင်းမှာ သူစောစောကမအောင့်နိုင်သဖြင့် ပေါက်ထည့်ထားပြီးသော ဝါးဆစ်ပိုင်း ဖြစ်နေသည့်အတွက်ကြောင့် ဖြစ်ပေသည်။

"ကဲ . . . ငြိမ်ကြတော့ဟေ့။ အချိန်တွေက အများကြီးလိုသေးတယ်။ ဘာတွေဖြစ်လာကြဦးမလဲဆိုတာ စောင့်ကြည့်ကြရဦးမယ်"

ပြောလိုက်သူက အစ်ကိုကြီး ဦးသိန်းလွင်။ သို့အတွက် ကုန်လွန်ရန်ကျန်ရှိနေသေးသော ညကြီးပိုင်းတွင် ဖြစ်ပေါ်လာကြဦးမည့်ပေးလာကြမည့် အန္တရာယ်အသစ်ကို သစ်ပင်[illegible] မျှော်လင့်စောင့်စားနေလိုက်မိကြပေသည်။

"ကစ် . . . ကစ် . . . . ကစ်အုအု"

ကျွန်တော်တို့ အမှောင်ထုကြီးအတွင်း အတန်ကြာကြာ ငြိမ်သက်စောင့်စားနေလိုက်ကြစဉ်အတွင်း ကျပ်စင်ဘက်ဆီမှ မထင်မှတ်သောအသံကို ကြားလိုက်ရသဖြင့် တစ်ယောက်နှင့်တစ်ယောက် တံတောင်နှင့် တို့ထိသတိပေးလိုက်ကြရင်း ကိုင်ဆောင်ထားကြသော သေနတ်များနှင့် လှမ်း၍ ချိန်ရွယ်ထားလိုက်ကြစဉ် မောင်ယဉ်ကြိုင်ကိုင်ဆောင်ထားသော ဓာတ်မီးအလင်းတန်းက ကျပ်စင်ရှိရာဆီသို့ အမှောင်ထုကိုဖောက်ထွင်းကာ တန်းခနဲ ထိုးထွက်သွားသည်နှင့်အတူ မျက်လုံးရဲရဲတို့ကို တွေ့မြင်လိုက်ရသည်နှင့်အတူ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဖန်း ...ဖန်း ...ဖန်း"

အာလူးကိုင်ဆောင်ထားသည့် ပိုင့်တူးတူး သေနတ်သံကလေးများတို့ကဆင့်ကာဆင့်ကာ သုံးချက်ဆက်တိုက် ထွက်ပေါ်လာသံများနှင့်အတူ တွေ့မြင်လိုက်ရသော အကောင်သုံးကောင်တို့မှာ စားလက်စပြောင်သားတုံးကြီးများကိုလွှတ်ကာ မြေပြင်ထက်တွင် လူးလိမ့်ကာ ငယ်သံငယ်ရင်းပါအောင် အော်ဟစ်ငြီးသက်သွားကြသည်ကို တွေ့မြင်လိုက်ရပေသည်။

တွေ့မြင်လိုက်ရသောမြင်ကွင်းမှာ ကျွန်တော်တို့ ကျပ်တင်ထားကြသော ပြောင်သားတုံးကြီးများတို့ကို မြေပြင်တွင်သူတို့၏ ရှေ့လက်နှင့်ဖိကာ အားရပါးရ စိမ်ပြေနပြေဝလျက် စားသောက်နေကြသော 'တောခွေး' ကြီးသုံးကောင် ဖြစ်နေကြသည်ကို တွေ့မြင်လိုက်ကြရပေသည်။

"ဟာ ...ဒီအရပ်ကခွေးတွေက အတော်ကြီးတဲ့ အကောင်တွေပါလားဗျ"

အာလူးအသံက ထွက်လာသည်။ သူပြောလိုက်သည်ကလည်း မှန်နေသည်။ အမှောင်ထုအတွင်း လက်နှိပ်ဓာတ်မီးအလင်းရောင်အောက်ဆိုသော်လည်း မြူတို့ဆိုင်းနေသည့်အကြားမှ အကောင်ကြီးသည်ကို သတိထားလိုက်မိဟန်နှင့် ပြောလိုက်သည့်မို့ ကုလားကြီးသန်းညွှန့်က ...

"နင် မှဆိုးလုပ်နေတာလည်းကြာပြီ။ ခွေးဆိုရင် ခွေးအ,ချည်းထင်နေတဲ့ အကောင်ပဲ။ သောက်သုံးတစ်စက်မျှ မကျဘူး။ ကြည့်စမ်းပါဦး၊ ဘယ်လိုခွေးမျိုးဆိုတာ"

မာန်ပြောလေးပြောလိုက်သည့်မို့ အဘကောင်းက ဝင်ရောက်





ရှင်းပြလိုက်သည်က ...

"အေးကွ ...ဉာဏ်ရဲ့။ မင်းလည်းမုဆိုးသက်ကလေး ရှင့်နေပြီ။ ခုအချိန်ထိ ခွေးအနဲ့တောခွေးကို မခွဲခြားတတ်သေးဘူး။ အံ့ရောပဲ။ အားလုံးလည်း မှတ်ထားကြကွ။ ဗဟုသုတပေါ့ကွာ။

ခွေးအဆိုတဲ့အကောင်မျိုးက အုပ်ဖွဲ့ပြီး နေတတ်ကြတဲ့အကောင်မျိုးကွ။ သူတို့က တောခွေးတွေလောက် မကြီးဘူး။ အလုံးကြီးတဲ့အကောင်မှ (၆)ပိဿာလောက်ရယ်။ ဗိုက်ကပ်ကပ် ကောက်တောက်တောက်နဲ့ ကြည့်ရတာအရုပ်ဆိုးတယ်။ သူတို့စရိုက်က အူတတ်တယ်။ မဟောင်တတ်ကြဘူး။ သူတို့စားကြတဲ့ အစာတွေက ကျား၊ ကျားသစ်၊ တောခွေးတို့ရဲ့ စားကြွင်းစားကျန်တွေအပြင် ခုလိုလူတွေပစ်ခတ်ပြီး ကျပ်ကင်ထားကြတဲ့အစာတွေကို လိုက်ရှာစားကြတယ်ကွ။ သူတို့က အစာကိုစားကြတယ်ဆိုရင် ခုလိုနိုးကြောင်နိုးမှက် မစားတတ်ကြဘူး၊ မာန်ဖီအော်ဟစ်ပြီး အလုအယက် စားတတ်ကြတယ်။ သူတို့မာန်ဖီအော်ဟစ်သံတွေကြောင့် လူတွေနဲ့အခြားသားကောင်တွေက ခွေးအဆိုတာ သိကြတယ်လေ။

ခုသေနေတဲ့ အကောင်တွေက တောခွေးတွေရဲ့ ရှေ့ကင်းအဖွဲ့ပဲ။ ဒီအကောင်တွေလည်း အုပ်နဲ့နေကြတာပဲ။ ဒါပေမဲ့ အစာကိုလိုက်ရှာကြတဲ့ကင်းအဖွဲ့ကို ထားကြတယ်။ တစ်ဖွဲ့မှာသုံးကောင်က ငါးကောင်ထိထားကြတယ်လေ။ ဒီအကောင်မျိုးတွေက အားကြီးဆိုးတယ်။ ကျား၊ ကျားသစ်နဲ့ ဝံတို့လိုအကောင်မျိုးထိ တိုက်ခိုက်စားသောက်ကြတယ်။ မတွေ့ဘူးလား ဟိုမှာ။ သူ့အရောင်ကညိုနေပြီး အမြီးကနက်တယ်။ သူတို့က မဟောင်ဘူး။ မအူဘူး။ တအိန်အိန်နဲ့ အသံကိုတော့ ပြုကြတယ်။ သားကောင်အုပ်တွေထဲမှာဆိုရင် အားနည်းတဲ့အကောင်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ရွေးပြီး သတ်ဖြတ်စားသောက်တတ်ကြတယ်ကွ။

သူက အကောင်ပိုကြီးပြီး အလေးချိန် (၁၅ က ၂၀) နီးပါး ရှိတတ်ကြတယ်။ သူတို့သွားတွေက ချွန်ပြီးအားကြီးထက်တယ်ကွ။ ခုလည်း သူတို့သားကောင်နောက်ကို ကင်းရှေ့ပြေးအဖွဲ့က စနည်းနာကြ ရင်း ပြောင်သားကျပ်ကင်အနံ့ကို ရကြပါလိမ့်မယ်။ အနားကို လာချောင်း ကြည့်ကြရင်း ဆာနေတဲ့အတွက် သူတို့အုပ်စုကို ပြန်မခေါ်ကြသေးဘဲ ခိုးကြောင်ခိုးဝှက် ပွဲတော်တည်နေကြရင်း၊ ခုလို တို့အဖွဲ့လက်ချက်မိပြီး သေပွဲဝင်သွားရရှာတာတွေ။ ဒါကြောင့် မာန်ဖီအော်ဟစ်သံ မကြားရတာ ကွ။ အဲဒါ ခွေးအနဲ့တောခွေးတို့နဲ့ ပတ်သက်ပြီး မင်းတို့မှတ်ထားရမယ့် အချက်ပဲ"

အဘကောင်းက စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည်မှ 'အာလူး' တစ်ယောက် အလွန်အမင်း ကျေးဇူးတင်နေသည်ကို တွေ့လိုက် ကြရပေသည်။ ထိုစဉ် အဘကောင်းဆက်ပြောနေလိုက်သည်က ...

"ဒီသုံးကောင်က ရှေ့ပြေးကင်းအဖွဲ့ကွ။ သူတို့မလာရင် နောက် အုပ်က သူတို့ကိုရှာကြမယ်ဆိုတော့ အသာငြိမ်စောင့်ကြည့်နေကြ။ လာ ကြဦးမယ်လို့ ထင်တယ်"

အတွေ့အကြုံရင့်ကျက်သော အဘကောင်းစကားတို့ကြောင့် ကျွန်တော်တို့ မီးကိုပိတ်လိုက်ကြပြီး သစ်ပင်ထက် ကိုယ့်နေရာအသီး သီးဆီမှ သေနတ်များကို အသင့်ကိုင်ဆောင်ရင်း စောင့်စားကြည့် နေလိုက်မိကြပေသည်။

အတန်ကြာကြာ စောင့်စားနေလိုက်စဉ်အတွင်း ...

"ဝေါ ... ဗျော"

ကျပ်စင်အနီးရှိ အပင်တစ်ပင်ထက်ဆီမှ သစ်ကိုင်းတစ်ကိုင်း





သွပ်ခတ်သံနှင့်အတူ သစ်ရွက်များကို ပွတ်တိုက်ထိုးဖောက်လိုက်သည့် အသံ ကြီးကိုကြားလိုက်ရသဖြင့် မောင်ယဉ်ကြိုင်က သူကိုင်ဆောင်ထားသည့် ဓာတ်မီးကို ထိုးကာဖွင့်ကြည့်လိုက်တော့ အပင်ထက်ဆီတွင် တွေ့မြင် လိုက်ရသည်က နီညိုရောင်မျက်လုံးတစ်စုံ။

"ဉာဏ် ... နင့်အလှည့်ပဲကွ"

ကုလားကြီးသန်းညွှန့် အသံပင်။ မီးထိုးထားသည့် အပင်က လည်း 'စုံပတတ်' ပင်ကြီးတစ်ပင်မို့ အသီးများတို့ကမှည့်နေသည့် စားပင် တစ်ပင်။ စုံပတတ်ပင်ဆိုသည်က ပိန္နဲပင်အသွင်မျိုး။ အသီးကလည်း ပုံစံတူသည်။ အလုံးတော့ နည်းနည်းသေးသည်။ ထိုအသီးကို တော ကြောင်များတို့အပြင် ချေ၊ ဒရယ်၊ ဆတ်၊ ဖြူ၊ စိုင်၊ ပြောင်တို့လို အကောင်မျိုးတို့က စားကြသည့်အပင် ဖြစ်ပေသည်။

သစ်ပင်ထက်တွင် လှမ်းမြင်လိုက်ကြရသော မျက်လုံးပိုင်ရှင် မှာ တောကြောင်တစ်ကောင်ဆိုသည်ကို အားလုံးက သိနေကြတဲ့အတွက် 'ဉာဏ်ကျယ်'ကို ပစ်ခတ်စေချင်သည့်အတွက် ပြောလိုက်ခြင်းပင်။ မောင် ယဉ်ကြိုင်က မျက်လုံးကို မီးထောက်ပေးထားလိုက်သဖြင့် သေနတ်ကလေး ကို လှမ်းတောင်ယူလိုက်ပြီး ပစ်ခတ်လိုက်ပေသည်။

"ဖန်း"

"ဗုန်း"

သေနတ်သံကလေးကို ကြားလိုက်ရသည်နှင့်အတူ ဓာတ်မီး ရောင်ကို တအံ့တသြကြည့်နေသည့် တောကြောင်ကြီးမှာ မြေပြင်ထက် ဆီသို့ ပစ်ကျသွားသည့်အသံကြီးကိုပါ ဆက်တိုက်ကြားလိုက်ရပေသည်။ ဘယ်လိုတောကြောင်မျိုးဆိုသည်ကို မသိကြသေး။ မြေပြင်ထက် ပစ် ကျလိုက်သည့်အသံက အကြီးသား။ ဖွဲ့အိတ်ကြီးကို ပစ်ချလိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



အခါ ထွက်ပေါ်လာသည့် အသံမျိုးကြီးပင်။

ဉာဏ်ကျယ်က သူပစ်ခတ်၍ အောက်သို့ပြုတ်ကျသွားသော တောကြောင်ကြီးအတွက် ဂုဏ်ယူသည့်အနေနှင့် ဟန်ပါပါဖြင့် လက်မ ထောင်ပြနေသည့်အတွက် မှန်ပြောလိုက်သည့် စကားများတို့က ...

"ဉာဏ်ကျယ် ... နင်မောနေပြီလား။ ရေသောက်ဦးမလား ကွ"

မှန်ပြောလိုက်သည့်စကားကြောင့် 'ဉာဏ်ကျယ့်'ထံမှ ဆဲဆိုသံ ထွက်ပေါ်လာသည်မို့ ကျွန်တော်တို့အားလုံး ပိုင်းဝန်းရယ်မော နေလိုက်ကြပေသည်။ အတန်ကြာတော့ မီးကိုပိတ်ကာမိုးအလင်းကို စောင့်စား နေလိုက်ကြပေသည်။

"ဗီဗီ ... ဒီဒုတ်၊ ဗီဗီ ... ဒီဒုတ်"

ကျွန်တော်တို့ တက်ရောက်နေရာယူထားကြသည့် ခအုံးပင်ကြီး ထိပ်ဖျားထက်ဆီမှ ဘယ်အချိန်ဝင်ရောက်ခိုနားလိုက်မှန်း မသိသော 'ဒီးဒုတ်' ဖိုမမောင်နှံတို့၏ တစ်ပြန်တစ်ကျော့ဟစ်ကြွေးသံကို ကြားနေ ရသည်။ ကျွန်တော်တို့က ငြိမ်နေကြသဖြင့် အပင်ထက်တွင် ရှိနေသည် ကို သူတို့မသိရှာကြ။ ထိုစဉ် ...

"အူး ... ကြောင်း ... ရှမ်း"

ခပ်လှမ်းလှမ်း ဝါးရုံတောကြီးအတွင်းဆီမှ တောဆင်ရိုင်းအုပ် တို့၏အသံကို ကြားလိုက်ရပေသည်။ ယခုမှ ဝါးရုံတောကြီးအတွင်း ရောက်ရှိလာကြသည်မို့ ဝါးရုံပင်များတို့ကိုချိုးဖွဲ့ကာ ဝါးရွက်များတို့ကို စားသောက်နေကြရင်း အော်ဟစ်နေကြဟန်ထင့်။ တော်နေသေးသည်က ကျွန်တော်တို့ရှိရာဆီနှင့် အတန်လှမ်းနေသည်ကပင် တော်နေသေးသည်။

ကျွန်တော်တို့အားလုံး တောဆင်ရိုင်းများတို့ အသံကြားလိုက်





ရာဆီသို့ လှမ်းကာငေးမျှော် နားစွင့်နေလိုက်ကြစဉ်အတွင်း ကျပ်စင် ဘက်ဆီမှ ...

"အိန် ... အိန် ... အိန်"

အဘကောင်းပြောထားသည့် တောခွေးများတို့၏ အော်ဟစ်သံ ချိုးဖြင့် အော်ဟစ်သံများတို့ကို ကြားလိုက်ရသဖြင့် ကျွန်တော်တို့အသံ ကြားလိုက်ရာဆီသို့ သေနတ်များနှင့် လှမ်းချိန်ရွယ်ထားလိုက်ကြစဉ် မောင်ယဉ်ကြိုင်က အသံကြားရာဆီသို့ မီးနှင့်လှမ်းထိုးလိုက်သဖြင့် မီး အလင်းရောင်အောက်တွင် မျက်လုံးရောင်များတို့၏ ရောင်ပြန်ဟပ်ခြင်း ကို တွေ့လိုက်ကြရသည်နှင့်အတူ ကျွန်တော်တို့သေနတ်များတို့ကလည်း ပစ်ခတ်ကြပြီး ဖြစ်ပေတော့သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း"

သေနတ်သံကြီးများတို့က ဝန်းကျင်တစ်ဝိုက် ပုံးလွှမ်းသွားသည့် အတွက် အိပ်တန်းတက်ကျေးငှက်များတို့နှင့် မျောက်များတို့၏ အလန့် တကြား အော်ဟစ်ပြေးလွှားလိုက်ကြသည့် အသံကြီးများတို့ကိုလည်း ဆက်တိုက်ကြားလိုက်ရပြန်ပေသည်။ သေနတ်ပစ်လိုက်ကြ သည့်အသံများ တို့ကား အနီးကပ်တိုက်ပွဲတစ်ပွဲ ဖြစ်နေသည့်အသွင်ပင်။

ဝန်းကျင်တွင် သွေးညှီနံ့များနှင့်ယမ်းနံ့များတို့ လွှမ်းမိုးသွား သည်။ မောင်ယဉ်ကြိုင်က မြေပြင်တွင် သေးတိုက်လဲကျသေဆုံး နေသောအကောင်များနှင့် လူးလိမ့်နေသည့်အကောင်များကို လက်နှိပ် မီးနှင့်ထိုးကာကြည့်နေသဖြင့် ကျွန်တော်တို့တောခွေးများကို ရေတွက် ကြည့်လိုက်တော့ စုစုပေါင်း စောစောက သုံးကောင်အပါအဝင် (၁၈) ကောင်ကို တွေ့လိုက်ကြရသလို ကျပ်စင်တွင်ပြောင်သားတုံးများ အနည်း ငယ်သာ ကျန်ရှိနေသည့်အဖြစ်ကို တွေ့မြင်လိုက်ကြရပေသည်။



www.burmeseclassic.com

www.burmeseclassic.com




တောကြက်တွန်သံများတို့ကို ကြားရစပြုနေပေပြီ။ မိုးကားလင်းတော့မည်မို့ ကျွန်တော်တို့ အောက်ကိုဆင်းကြပြီး ကျန်ရှိနေသည့် ပြောင်သားတုံးများတို့ကို သယ်ဆောင်ကြရန်အတွက် ခြင်းတောင်းများကို ရက်လုပ်ကြရမည်။ စခန်းချရာဆီသို့ လျှောက်လှမ်းကြရပေဦးမည်ကိုတွေးတောရင်း မိုးအလင်းကို စောင့်စားနေလိုက်ကြပေသည်။

သားကောင်များတို့ကို ပစ်ခတ်ကြမျှင်လွန်းသဖြင့် လာရောက်ပစ်ခတ်ကြပါသော်လည်း ကာကယ်တမ်းရှိတော့ တောတို့၏ အန္တရာယ်ပြန်ပေးလိုက်ပုံက အဲသလိုမျိုး။

ဒါတောင် ခြေသံကြီးကိုသာ ကြားလိုက်ရပြီး ဘာကောင်ဖြစ်သည်မှန်းမသိဘဲ ပြောင်သားတစ်ခြမ်းပါသွားသည့် အကောင်ကြီးနောက်ကို လိုက်ဖို့မလိုက်ဖို့ကိစ္စ မပါသေး။

လေးမောင်



www.burmeseclassic.com

www.burmeseclassic.com

(၁)

❑

အမှန်တော့ သူတစ်ပါးအကြောင်း မပြောချင်ပါဘူး။

ကျွန်တော်တို့ရဲ့ ဗုဒ္ဓဘုရားရှင်ကလည်း 'သူတစ်ပါးရဲ့ချွတ်ယွင်းချက်နဲ့ ကောင်းမှုမကောင်းမှုကို ဆင်ခြင်စဉ်းစားမနေနဲ့။ ကိုယ့်ချွတ်ယွင်းချက်နဲ့ ကောင်းမှုမကောင်းမှုကိုပဲ ဆင်ခြင်စဉ်းစားပါ' လို့ ဆိုဆုံးမခဲ့တာ မဟုတ်လား။

ဒါပေမဲ့ ...

ကျွန်တော်တို့တစ်တွေဟာ ကိုယ့်ရဲ့ကောင်းမှုမကောင်းမှုကို ချိန်ဆပြုပြင်နိုင်ဖို့ တခြားသူတွေရဲ့ အတွေ့အကြုံတွေ၊ အဖြစ်အပျက်တွေကို ကြည့်ရ၊ ရှုရ၊ လေ့လာရမှာပဲမဟုတ်လား။ အဲဒီထဲကမှ ပြင်သင့်တာပြင်၊ ယူသင့်တာယူရမယ် မဟုတ်လား။





ဒီစေတနာမျိုးနဲ့ ကျွန်တော်ပြောမှာပါ။

ကျွန်တော်က အပြောသိပ်မတတ်ဘူးဆိုတာ အရင်ဆုံးဝန်ခံပါရစေ။

ပြောရင်းနဲ့ ဟိုရောက်ဒီရောက်ဖြစ်ရင်ပဲဖြစ်စေ၊ စကားလုံးတွေ မပီရင်ပဲဖြစ်စေ၊ ဇာတ်လမ်းမရေလည်ရင်ပဲဖြစ်စေ ဖြည့်စွက်ပြီးတော့ပဲ နားဆင်ကြပါနော့။

ပြောချင်တာက ဒီလိုပါ။

လူကြီးသူမတွေ ဆိုဆုံးမတဲ့စကားအတိုင်း 'ဒီနေ့ ကုသိုလ်ဥစ္စာ ပညာ ဘာရမလဲ' လို့ ကိုယ့်ကိုယ်ကိုယ်ဆင်ခြင်ကြဖို့ လိုအကြောင်း။ ကုသိုလ်၊ ဥစ္စာ၊ ပညာမရရင်တောင်မှ အကုသိုလ်တွေမပွားပြီးလိုအပ်ကြောင်းပါဗျာ။

လူတွေက ကိုယ့်ဘော၊ ကိုယ့်အာရုံနဲ့သွားနေကြတာ အမှုမဲ့အမှတ်မဲ့ ဖြစ်နေကြတာတွေရှိတယ်လေ။ အဲဒီထဲမှာ မသိလိုက်ဘဲနဲ့ အကုသိုလ်တွေ တိုးနေတာ။ အကုသိုလ်တွေကြီးနေတာကို သတိထားကြရမှာပါ။

အကုသိုလ်တရားကြီးလာရင် ဘယ်လောက်ကြောက်စရာကောင်းသလဲ။

ကျွန်တော့်သူငယ်ချင်း ကျော်ထွန်းခေါင်အကြောင်းကို ကြားရင် ခင်ဗျားနားလည်သဘောပေါက်ပါလိမ့်မယ်။

ဒီလိုဗျ ... ဇာတ်လမ်းက ... ။

■■■

www.burmeseclassic.com

www.burmeseclassic.com

## (၂)

□

အဲ . . . ဒီမှာဆက်စပ်ပြီး သတိရတာလေး ဖြတ်ပြောရဦးမယ်။ ဒါက ကျွန်တော့်ကိုယ်တွေ့တော့ မဟုတ်ဘူး။ ကျွန်တော် ငယ်ငယ်က အဖေတို့အမေတို့ပြောတာ ကြားဖူးခဲ့တာပါ။

ကျွန်တော်က တောသားပါ။ တောမှာမွေး တောမှာကြီးလာတာပါ။ အဖေအမေက လယ်သမားတွေပါ။ အဲဒီ အဖေတို့အမေတို့ တောမှာ လယ်လုပ်ယာလုပ်ကြသူတွေရှိသလို 'အင်း' လုပ်ကြတဲ့သူတွေလည်း ရှိတာမှန်။ 'ဖျင်းပွဲအင်း' ဆိုတာ အဖေအမေတို့ဒေသမှာ နာမည်ကြီးပေါ့ဗျာ။





အဲဒီဖျင်းပွဲရွာမှာ အင်းသူကြီးဦးကြူးဆိုတာလည်း နာမည်ကြီးပါပဲ။ သူပိုင်တဲ့အင်းတွေက မနည်းဘူး။ အကျိုးပေးသလားလည်း မမေးနဲ့။ ဦးကြူးလေလံဆွဲယူထားတဲ့အင်းဟာ ငါးထွက်တာမှ သောက်သောက်လဲပဲ။ သူများတွေအင်းမှာ အရှုံးပေါ်နေတဲ့အချိန် ဦးကြူးရဲ့အင်းမှာက ငါးတွေဆိုတာ မလိုချင်မှအဆုံး။

ဒါကလည်း ဘာပြောမလဲ၊ သူ့အကျိုးပေးနဲ့သူလာတာဗျ။ တချို့ အကုသိုလ်အလှုပ်နဲ့ မကြီးပွားဘူး။ အဆင်မပြေဘူး။ တချို့များကျတော့ ကြက်မွေး၊ ဝက်မွေး၊ အရက်ရောင်းနဲ့မှ ကြီးပွားတာ။ ဦးကြူးလည်း ဒီသဘောပဲပေါ့။

တစ်ဖက်ကပြောရရင်တော့ ဦးကြူးရဲ့ကျွမ်းကျင်ပိုင်နိုင်မှုလည်း ပါတာပေါ့ဗျာ။ ဦးကြူးကလည်း အင်းထဲမှာမွေး၊ အင်းထဲမှာကြီးလာတာလေ။ အင်းရေကူး၊ အင်းရေမှာပျော်ခဲ့တဲ့သူလေ။

ဆိုပါတော့ဗျာ။

ဦးကြူးဟာ အင်းနဲ့ပဲ ကြီးပွားချမ်းသာလာတယ်။ ငယ်စဉ်ဘဝ တစ်လျှောက်လုံး ဘာသာရေးဆိုတာ ခေါင်းထဲထည့်မစဉ်းစားတဲ့ ဦးကြူးဟာ အသက်အရွယ်ထောက်လာတော့ ဆိုတာနာတာတွေခံစားလာရပြီလေ။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာ ဆိုတာတွေမဟုတ်လား။ မရဏာ မရောက်သေးပေမဲ့ ဇရာကဝင်လာပြီး ဗျာဓိလည်းမြည်းစမ်းလာရပြီ ဆိုတော့ ဦးကြူးဟာ ဘုရားကိုနည်းနည်းသတိရလာတယ်။

တစ်နေ့မှာ ဦးကြူးစဉ်းစားသတဲ့။

ရန်ကုန်မှာ ရွှေတိဂုံဘုရားကြီးဟာ တန်ခိုးအင်မတန်ကြီးတာဆိုပဲ။ ဘုရားရဲ့ဓာတ်တော်မွေတော်တွေနဲ့ တည်ထားတာတဲ့။ မသေခင် ရန်ကုန်တက်ပြီး တစ်ခါလောက်တော့ ရွှေတိဂုံဘုရားကြီးဖူးမှပဲ။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ရွှေတွေဘာတွေချပြီး လှူရမယ်ပေါ့။

ဒီလိုနဲ့ ဦးကြူးဟာ ရန်ကုန်တက်လာခဲ့တယ်။ မိသားစုလည်း ပါတာပေါ့ဗျာ။

ရန်ကုန်ရောက်တော့ ဆွေမျိုးတွေအိမ်မှာတည်း။ ပြီးတော့ ရွှေတိဂုံဘုရားကြီးဆီကို ဘုရားဖူးသွားကြတယ်။

"အိုတော် ... သပ္ပာယ်လိုက်တာ"

"တကယ့်ရွှေတောင်ကြီး ကျနေတာပဲတော့"

"ဒီရွှေတိဂုံဘုရားကြီးဖူးရတာ လူဖြစ်ကျိုးနပ်လိုက်တာတော်။ ကျုပ်တို့တော့ ငရဲနဲ့ဝေးပြီတော့"

အတူပါလာတဲ့မိသားစုတွေ၊ ခေါ်လာတဲ့ ရပ်ဆွေရပ်မျိုးတွေဟာ ရွှေတိဂုံဘုရားကြီးကို ဖူးမဝ၊ ဦးခိုက်မဝ ဖြစ်နေကြတယ်။ တင့်တယ်တာတွေ၊ သပ္ပာယ်တာတွေ အံ့သြဘနန်းဖြစ်နေကြတယ်။

ဒါပေမဲ့ ...

ဦးကြူးခမျာမှာတော့ ...

"ဘယ်မှာလဲ ရွှေတိဂုံဘုရားကြီး"

"ဘယ်မှာလဲ ရွှေတောင်ကြီး"

"ဘယ်မှာလဲ ဘုရားရဲ့ဆည်းလည်းသံ၊ ခေါင်းလောင်းသံ"

သူရောက်နေတာ ရွှေတိဂုံဘုရားမှဟုတ်ရဲ့လား။ တောထဲတောင်ထဲရောက်နေသလားလို့ ဦးကြူးထင်မိတယ်။ သူရွှေတိဂုံဘုရားကြီးကို မြင်မှမမြင်ရတာ။ လုံးဝကိုမမြင်ရတာဗျ။

ဒါပေမဲ့ သူ့မိသားစုအပါအဝင် တခြားဘုရားဖူးတွေအားလုံးက ရွှေတိဂုံဘုရားကြီးကို ဖူးနေ၊ ဦးခိုက်နေ၊ ကြည်ညိုနေကြတာပဲ။ သူသာမမြင်ရတာ။





ဒီမှာပဲ ဦးကြူးဟာ သိပ်စမ်းနည်းသွားတယ်။

'ငါ့နှယ် ကံဆိုးလိုက်တာ။ ဘုရားခြေရင်းရောက်နေတာတောင် ဘုရားကိုမမြင်ရဘူး။ ဒါ ... ငါ့အကုသိုလ်တရားတွေ များလွန်းလို့ပဲ' လို့တွေးမိပြီး မျက်ရည်ကျရှာတယ်။

ဒါပေမဲ့ တစ်ဖက်က သူ့ရင်ထဲမှာရှိတဲ့ အတ္တ၊ မာနတွေက ခေါင်းထောင်ထလာပြီး ...

"ဟာ ... ဘုရားမမြင်ရလဲ ဘာဖြစ်လဲကွာ။ ရွာပြန်မယ်"

ဦးကြူးဟာ ချက်ချင်းပဲ ရွာကိုပြန်သွားခဲ့တယ်။

သူ့ရွာပြန်ရောက်တော့ ရွှေတိဂုံဘုရားကိုမတွေ့လို့ ရွှေမချခဲ့ရတဲ့ပိုက်ဆံတွေနဲ့ အင်းထဲကတိုင်တွေကို ရွှေချလိုက်တယ်တဲ့။ ကဲ ...။

ဒီနောက်မှာဦးကြူးဟာ အင်းအလုပ်ကိုဆက်လုပ်တယ်။

အင်းထဲမှာပဲ သူ့ဘဝကို မြှုပ်နှံထားခဲ့တယ်။ လူတွေက သူ့ကို 'တစ်ပွဲစား' လို့တောင် နာမည်ပေးထားကြရတယ်။

အင်းတစ်အင်းကို လေလံဆွဲမယ်ဆိုပါစို့။ အဲဒီသူက အင်းထဲမှာ ငါးဘယ်ရွေ့ဘယ်မျှရှိနိုင်တယ်၊ ရနိုင်တယ်ဆိုတာကို မခန့်မှန်းနိုင်ရင် ဦးကြူးကိုခေါ်ပြီးမေး၊ ဦးကြူးက ရေကိုကြည့်ပြီး 'ဘာငါးတွေရမယ်။ ပိဿာချိန်ဘယ်လောက်ရမယ်' ဆိုတာ တန်းပြောတယ်။ တကယ် ... အဲဒီအင်းကိုဖော်ကြည့်၊ ဦးကြူးပြောတာနဲ့ လုံးဝကွက်တိပဲ။

ဒီတော့ ဦးကြူးဟာ အင်းတွေကို အပိုင်စားရတဲ့သူလို့တောင် အများက လက်ခံယုံကြည်ကြတော့တာပေါ့။

ကဲ ... ကျွန်တော်ပြောတဲ့ ဦးကြူးအကြောင်းမှာ အဓိကတရားဘာလဲဆိုတာပြန်ကောက်ကြည့်။

ဦးကြူး ရန်ကုန်တက်လာတယ်။ ရွှေတိဂုံဘုရားဖူးဖို့။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံဘုရားကို မမြင်ရဘူး။ ဒါဟာ သူ့အကုသိုလ်တွေကြောင့်။ တစ်သက်လုံးသူလုပ်ခဲ့တဲ့ အကုသိုလ်တွေကြောင့်။

ဒါ ရှင်းနေတာပဲ။

အကုသိုလ်ကြီးလာရင်း ဘုရားတောင်ကွယ်တယ်ဆိုတာ၊ မယုံမရှိနဲ့တော့။ ထပ်ပြီးပြောရရင် ... ယုံလိုက်ပါ။

ကျွန်တော်ကလည်း ထပ်ပြောပါမယ်။

ကျွန်တော့်သူငယ်ချင်း ကျော်ထွဋ်ခေါင်အကြောင်း။

❖ ❖ ❖

(၃)

ဒါက ကျွန်တော့်ကိုယ်တွေ့။

ကိုယ်တွေ့ဆိုတာ မျက်စိနဲ့ကိုယ်တိုင်မြင်ခဲ့တာ၊ နားထဲကိုယ်တိုင်ကြားခဲ့တာ၊ ဖြစ်ရပ်မှန်။

ကျော်ထွဋ်ခေါင်ဆိုတာ ကျွန်တော့်သူငယ်ချင်း။

မူလတန်းမှာကတည်းက သူနဲ့ကျွန်တော်က တစ်တန်းတည်း နေလာတာ။ အကြောင်းသိ၊ အတွင်းသိ၊ အစင်းသိ။ အိမ်ချင်းကလည်း နီးတယ်။ လူကြီးချင်းကလည်း သိတယ်။ ခင်ကြတယ်။

ကျော်ထွဋ်ခေါင်က စာတော်တယ်။ အတန်းထဲမှာ ပထမ



www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲ။ ကျွန်တော်က သူ့အောက်အဆင့်သုံး၊ လေးမှာပဲရှိတယ်။ ကျွန်တော့်ထက် ဉာဏ်ရည်ကောင်းတာ။ ဝီရိယက ကျွန်တော်မညံ့ပါဘူး။ ဒါပေမဲ့ သူက ဉာဏ်ရည်မှာတော့ အများကြီးသာတာအမှန်ပဲ။

ပြီးတော့ ... စိတ်ဓာတ်။ ဒီကောင်ကလုပ်ပြီဆိုရင် မဖြစ်ဖြစ်အောင်လုပ်တတ်တဲ့ စိတ်ဓာတ်ရှိတယ်။ အကျင့်ရှိတယ်။ လုပ်လိုက်ရင်လည်း အောင်မြင်တာချည်းပဲ။ အဲဒါကို ကျွန်တော်အထင်ကြီးတယ်။

တစ်ခုတော့ရှိတယ်ဗျ။

ကျော်ထွဋ်ခေါင် ဉာဏ်ရည်ကောင်းသလောက် အားနည်းချက်တစ်ခုရှိတယ်လို့ ကျွန်တော်ထင်တယ်။ အဲဒါကတော့ ဆင်ခြင်စဉ်းစားမှုပဲ။

လုပ်ချင်တယ်ဆိုရင် လုပ်ချလိုက်တာပဲ။ မှားလား မှန်လား၊ သင့်လား မသင့်လား မစဉ်းစားဘူး။ လုပ်ပြီးရင်လည်း ပြန်လည်ပြီး မဆန်းစစ်ဘူး။ မှားခဲ့လား ... မှန်ခဲ့လား ပြန်မသုံးသပ်ဘူး။ ဒီတော့ သူက ရှေ့ကိုပဲ ဆက်ဆက်ပြီးသွားနေသူဖြစ်တယ်။ နောက်ပြန်ငဲ့စောင်း မကြည့်တတ်ဘူး။

ပြီးတော့ ဒီကောင်က ရုပ်ဝါဒဆန်တယ်။ ဘာမဆို သူများပြောတာမယုံတတ်ဘူး။ သူကိုယ်တိုင်တွေ့မှ ကြုံမှယုံတာ။ ဘုရားဟောဆိုတာတောင် သူကဆင်ခြေတက်တတ်တဲ့ကောင်။

ကျွန်တော့်အဖေအမေပြောတဲ့ တစ်ပွဲစားဦးကြူးအကြောင်းဆိုရင် သူကဟားတယ်။

"အဓိပ္ပာယ်မရှိတာ။ ရွှေတိဂုံဘုရားခြေရင်းရောက်ပြီး ရွှေတိဂုံဘုရားမမြင်ရဘူးဆိုတာ အဓိပ္ပာယ်မရှိဘူး။ ဒါ မျက်စိမမြင်လို့ပဲ ဖြစ်ချင်ဖြစ်မယ်"

စိတ်ကူးသစ်စာပေ



တော်ရုံတော့ သူ့ကိုကျွန်တော် ပြိုင်မငြင်းရဲဘူး။ သူက အချက်အလက်အထောက်အထားတွေနဲ့ ငြင်းတတ်တယ်။ ကျွန်တော် သူနဲ့ငြင်းရင် ရှုံးရတာချည်းပဲ။

"ဒီကောင့်ဇာတာအရ ထူးချွန်မယ့်သူလို့ပြောရမယ်။ အကောင်းဘက်မှာပဲဖြစ်ဖြစ်၊ အဆိုးဘက်မှာပဲဖြစ်ဖြစ်၊ လုပ်ပြီဆိုရင် ထူးချွန်မှာပဲ။ အဲ ... တစ်ခုပဲရှိတယ်။ ဘုရားတရားမေ့ရင်တော့ အဇာတသတ်လို ဖြစ်သွားမယ့်ကောင်"

ကျော်ထွဋ်ခေါင်ကို ဇာတာဖွဲ့ပေးခဲ့တဲ့ ရှာကဗိန္ဒွာနဲ့ ဗေဒင်ဆရာကြီး ဦးသက္ကရဲ့စကား။ ဦးသက္ကဖတ်ခဲ့တဲ့ နိမိတ်။

ပြောရင်းနဲ့ အမှတ်ရလာတာလေးတစ်ခု ကြော်ငြာဝင်လိုက်ဦးမယ်။

ကျော်ထွဋ်ခေါင်အကြောင်းပဲ။

အမှတ်ရဖို့ မှတ်မှတ်ရရ ဖြစ်ခဲ့တာလေးမို့ပါ။

ငယ်ငယ်က ...။

www.burmeseclassic.com

www.burmeseclassic.com

(၄)

ကျွန်တော်တို့နေတဲ့ရွာပြင်မှာ လက်ပံပင်ကြီးတစ်ပင်ရှိတယ်။ အသက်အတော်ရင့်နေပြီမို့ ကျွန်တော်တို့ဆိုရင် မော်မော်ပြီးကြည့်ရ တယ်။ အမြင့်ကြီးပဲ။ လက်ပံပွင့်ချိန်ဆို တစ်ပင်လုံးနီရဲနေတာ။ သိပ် လှတာပဲ။

ဒါပေမဲ့ ...

လက်ပံပွင့်ကောက်သွားတတ်တဲ့ ကျွန်တော်တို့ကို ရွာသူ တွေက တားလေ့ရှိတယ်။

“အဲဒီလက်ပံပင်ကို မသွားနဲ့ကွ” တဲ့။

“ဘာဖြစ်လို့လဲ” မေးတော့ ...





“သရဲရှိတယ်” တဲ့။

အမေနဲ့အမေကိုပြန်မေးတော့ ...

“အဲဒီလိုပြောကြတာပဲ။ အခြောက်ခံရသူတွေကတော့ ကိုယ်တွေ့ဆိုပြီးပြောကြတယ်။ အမေတို့တော့ မကြုံဖူးပါဘူး။ ဖြစ်နိုင်တယ် မဖြစ်နိုင်ဘူးဆိုတာတော့ အတိအကျမပြောတတ်ဘူး။ တစ်ချိန်တုန်းက ရွာကိုဓားပြတွေ ဝင်မှုးတယ်။ အမေတို့ရွယ်ရွယ်ကပေါ့။ ရွာထဲက သူကြီး သမီးကို ဓားစာခံအဖြစ် ဓားပြတွေကခေါ်သွားရာမှာ နောက်က သူကြီး ကလည်း လူတွေနဲ့ဝိုင်းလိုက်ကြတယ်။ အဲဒီတော့ ဓားပြခေါင်းဆောင် က လိုက်သူတွေကြောက်သွားအောင် သူကြီးသမီးကို အဲဒီလက်ပံပင် မှာ ကြိုးနဲ့တုပ်ပြီး ဓားနဲ့ထိုးစိုက်သွားကြတယ်။ သူကြီးနဲ့ရွာသားတွေ တွေ့တဲ့အချိန်မှာ သူကြီးသမီးက သေနေပြီပေါ့။ အဲဒီ သူကြီးသမီး မကျွတ်လွတ်ဘူးလို့ ပါးစပ်ရာဇဝင်ရှိတာပဲ”

ကြားသိရတဲ့ဇာတ်လမ်း။

“ငါတို့ နေ့လယ်ဘက် လက်ပံပွင့်သွားသွားကောက်နေတာပဲ။ မတွေ့ပါဘူး”

ကျော်ထွန်းခေါင်က ဒီဇာတ်လမ်းနဲ့ပတ်သက်ပြီး မယုံစကား ပြောတယ်။ ကျွန်တော်ကတော့ ယုံတယ်လည်း မဟုတ်ဘူး။ မယုံဘူး လည်း မဟုတ်ဘူး။

“ဟုတ်တယ်ကွ။ ငါ့အစ်ကိုကြီး ...ယ်တိုင် အခြောက်ခံရဖူး တယ်။ အစ်ကိုကြီးဆိုတာ လန့်ပြီးဖျားရောက်တာ တစ်ပတ်ကျော်တယ်”

ကျွန်တော်တို့ သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ ဖိုးခွားလေးက ဝင်ပြောတယ်။ ဒီဖိုးခွားကတော့ တစ်မျိုး။ သူများပြောတာ အကုန်ယုံ တယ်။ ပြီးတော့ တစ်ဆင့်စကားတစ်ဆင့်ကြားနဲ့ သူကပြန်ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင် နည်းနည်းပိုပိုသာသာ။ ကြားရတာ တစ်ထွာဆိုရင် သူပြန်ပြောရင် တစ်တောင်ပဲ။

"မင်းအစ်ကိုကြီးကို ငါသွားမေးမယ်"

ကျော်ထွဋ်ခေါင်က ဒီလိုသမား။

"အစ်ကိုကြီးက အခုမြို့မှာ အလုပ်သွားလုပ်နေတယ်လေကွာ"

လမ်းစပျောက်၊ ရေပိတ်စကား။

"ဒါဆို ငါတို့စမ်းကြည့်မယ်ကွာ။ ညကျရင် ငါတို့သုံးယောက် လက်ပံပင်ကြီးဆီကိုသွားမယ်"

ကျော်ထွဋ်ခေါင်က အကြံပြုတယ်။

"သွားလေ . . . ရပါတယ်"

ကျွန်တော်ကလည်း သဘောတူလိုက်တယ်။ ကြောက်တယ်လို့ အပြောမခံချင်လို့ပါ။ ကြောက်တော့ ကြောက်တာပေါ့။

ဖိုးခွားက ကြောက်။ 'ငါမလိုက်ဘူး'လို့ အပြတ်ငြင်းတယ်။

ဒီလိုနဲ့ ကျော်ထွဋ်ခေါင်နဲ့ကျွန်တော် ညသန်းခေါင်မှာ သရဲခြောက်တယ်ဆိုတဲ့ လက်ပံပင်ကိုသွားဖို့ သဘောတူလိုက်တယ်။

ဒါပေမဲ့ ဖိုးခွားဖွလိုက်လို့ ကျွန်တော့်မိဘများရော၊ ကျော်ထွဋ်ခေါင်မိဘများပါ ဒီအကြောင်းသိသွားကြပြီး ဘယ်သူ့ကိုမှ သွားခွင့်မပြုခဲ့လို့ ကျွန်တော်တို့အစီအစဉ် ပျက်သွားတယ်။

နောက်ပိုင်းမှာတော့ . . .

"ငါတစ်ယောက်တည်း ညကလက်ပံပင်ကို သွားခဲ့တယ်ကွ"

ကျော်ထွဋ်ခေါင်က လာပြောတယ်။ ပထမအစီအစဉ်ပျက်ပြီး လနဲ့ချီကြာပြီးမှပါ။

"ဘာတွေ့လဲ။ တကယ်သရဲခြောက်လား"





ကျွန်တော်က သိချင်ဇောနဲ့မေးလိုက်တော့ သူကရယ်တယ်။

"အလကား ကောလာဟလတွေ။ ဘာမှမတွေ့ဘူး"

တကယ်ပဲလားဆိုတာတော့ ကျွန်တော်လည်း မျက်မြင်မဟုတ်လို့မသိဘူးပေါ့။ အဲဒီနေ့မှာပဲ ဖိုးခွားက မျက်နှာငယ်လေးနဲ့ရောက်လာပြီး . . .

"ငါ ညက သရဲအခြောက်ခံရလို့ကွာ'လို့ပြောတယ်"

"ဘယ်ကခြောက်လိုက်တာလဲ"

"ဘယ်က ခြောက်ရမလဲကွ။ လက်ပံပင်ကပေါ့"

"မင်းက ဘာသွားလုပ်လို့လဲ"

"ငါက မသွားရဲပါဘူး။ ကိုမှိုင်းနဲ့ ဟိုဘက်ရွာသွားတာ အပြန်မိုးချုပ်သွားတယ်လေ။ ငါတို့လည်း ကြောက်ကြောက်နဲ့ ထွက်ပြေးလာလိုက်တာ။ ကိုမှိုင်းဆို ပုဆိုးတွေကျွတ်လို့။ ငါလည်း ဖိနပ်ပျောက်ကျန်ခဲ့တယ်"

ဖိုးခွားပြောတာကတော့ အပီအပြင်ပါပဲ။

တစ်ညတည်းမှာ သရဲရှိမရှိ မယုံလို့သွားကြည့်တဲ့ ကျော်ထွဋ်ခေါင်က ဘာမှမတွေ့ဘဲ၊ ဖြတ်ပြန်လာတဲ့ဖိုးခွားက သရဲအခြောက်ခံရသတဲ့။

ဘာကိုယုံရမလဲ။ ဘယ်သူ့ကိုယုံရမလဲ။

(နောက်ပိုင်းမှာသိရတာက အဲဒီညမှာ ကျော်ထွဋ်ခေါင် လက်ပံပင်ဆီသွားတယ်ဆိုတာလည်း မဟုတ်ဘူး။ ဖိုးခွားအခြောက်ခံရတယ်ဆိုတာလည်း မဟုတ်ဘူး။)

ကြီးလာမှ ငယ်ငယ်ကအကြောင်းတွေ ပြန်ပြောကြရင်း ကျော်ထွဋ်ခေါင်က ဒီလိုပြောဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ကိုယ်ပြောမှာကို တစ်ဖက်လူ ယုံကြည်လက်ခံအောင် အကိုးအကားနဲ့ အခိုင်အမာပြောရတာပဲကွ။ တကယ်တော့ အဲဒီလက်ပံပင်က သရဲခြောက်တာ ငါခံရဖူးတယ်"တဲ့။

ကြည့်။

ကျော်ထွဋ်ခေါင်က အဲဒီလိုလူစားမျိုး။

■ ■ ■

# (၇)

❑

ကျော်ထွဋ်ခေါင်ရော ကျွန်တော်ပါ အခြေခံပညာအထက်တန်း ကျောင်းကို အောင်ကြတယ်။ ကျွန်တော်က ဂုဏ်ထူးတစ်ခုပဲပါတယ်။ ကျော်ထွဋ်ခေါင်က ဂုဏ်ထူးသုံးခုနဲ့။

တက္ကသိုလ်တွေလျှောက်ကြတော့ . . .

ကျွန်တော်က ပညာရေးတက္ကသိုလ်ရတယ်။ ကျော်ထွဋ်ခေါင်က ဆေးတက္ကသိုလ်ရတယ်။

ဒီမှာ ကျွန်တော်တို့ရဲ့ စီးပွားရေးနောက်ခံနဲ့ တက္ကသိုလ်တက်နိုင်ပုံတွေထည့်ပြောမှ ပြည့်စုံလိမ့်မယ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရော ကျော်ထွဋ်ခေါင်ပါ မိဘတွေက စီးပွားရေးမကောင်းကြဘူး။ ကျွန်တော့်မိဘတွေက လယ်သမားတွေ။ ကိုယ်ပိုင်လယ်နည်းနည်းနဲ့ လုပ်ကိုင်စားရတာ။ ရရစားစားအဆင့်ပဲရှိတယ်။ တက္ကသိုလ်တက်ဖို့ ထောက်ပံ့ပေးနိုင်တဲ့အနေအထား မရှိဘူး။ ဒါပေမဲ့ ကျွန်တော်ကံကောင်းသွားတာက မိဘတွေကလည်း ကျွန်တော့်ကို ပညာထူးချွန်စေချင်တာရယ်၊ ကျွန်တော်တို့တစ်ခွေလုံး တစ်မျိုးလုံးမှာ ပညာထူးချွန်တာ ကျွန်တော်ပဲရှိတာရယ်ကြောင့် ဆွေမျိုးတွေက ဝိုင်းထောက်ပံ့တယ်။ ပညာသင်ထောက်ပံ့ကြေးလည်း လျှောက်ရမယ်ဆိုပြီး တက္ကသိုလ်တက်ဖို့ သဘောတူဆုံးဖြတ်လိုက်ကြတာ။

ကျော်ထွဋ်ခေါင်က ကျွန်တော့်ထက်ဆိုးတယ်။ ကျွန်တော်တို့လောက်တောင် မပြေလည်ဘူး။ ဝိုင်းဝန်းထောက်ပံ့မယ့် ဆွေမျိုးလည်း မရှိဘူး။ ဒါပေမဲ့ သူ့မိဘတွေကတော်တယ်။ ထူးချွန်တဲ့သားကို ပညာတတ်စေချင်တယ်။ ဒါကြောင့် တက္ကသိုလ်တက်ခိုင်းတယ်။ သူတို့ပါ ရန်ကုန်ပြောင်းကြတယ်။ ရရာအလုပ်လုပ်မယ်။ ရန်ကုန်မှာရှိတဲ့ ကျော်ထွဋ်ခေါင်ရဲ့ အဒေါ်ရဲ့အကူအညီလည်း ယူမယ်ပေါ့။

ဆိုကြပါစို့။

ဒီလိုနဲ့ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားတွေ ဖြစ်လာကြတယ်။ ကျွန်တော်က အဆောင်မှာနေတယ်။ ပညာသင်ထောက်ပံ့ကြေးရတယ်။ ဆွေမျိုးတွေက စရိတ်ဝိုင်းပြီးထောက်တယ်။ ကျွန်တော့်အဖို့ အစစအဆင်ပြေပါတယ်။

ကျော်ထွဋ်ခေါင်က အဆောင်မှာမနေဘဲ Day တက်တယ်။ သူ့မိဘတွေက ရွာက လယ်တွေခြံတွေရောင်းပြီး ရန်ကုန်လိုက်တယ်။ ကြုံရာလုပ်တယ်။ သူလည်း ပညာသင်ထောက်ပံ့ကြေးတော့ ရတာပါပဲ။





စာအုပ်စာတမ်းနဲ့ ကျောင်းစရိတ်ကတော့ မိဘကစိုက်ပေါ့။

ဖြစ်ချင်တော့ ကျော်ထွဋ်ခေါင်မိဘတွေက ရန်ကုန်မှာ အဆင်မပြေဘူး။ သူတို့က တောသူတောင်သားတွေ။ ပညာမတတ်ကြဘူး။ ရန်ကုန်မှာ နေဖို့ထိုင်ဖို့ရော၊ စားဖို့သောက်ဖို့ရော ရွာမှာလိုမှမဟုတ်တာ။ အလုပ်ကအဆင်မပြေ၊ ရွာကရောင်းချပြီးပါလာတွေကုန်၊ အလိမ်တွေခံရနဲ့ တစ်နှစ်နှစ်နှစ်အတွင်းမှာ လက်သပ်ကိုယ်ကျတ်ဘဝကို ရောက်တယ်။ ရန်ကုန်ကအဒေါ်ကလည်း သူ့ဘာသာတောင့်အနိုင်နိုင်။ ဘယ်ကြည့်နိုင်မလဲ။ ပိုဆိုးတာက ကျော်ထွဋ်ခေါင်ရဲ့ဖခင် အက်ဆီးဒင့်ဖြစ်ပြီး ဆုံးပါးသွားခြင်းပဲ။

ဒီတော့ ကျော်ထွဋ်ခေါင်တို့ အမေတစ်ခုသားတစ်ခုဘဝနဲ့ ကျန်ခဲ့ရတော့တယ်။ ရန်ကုန်မြို့မှာ မျက်စိသငယ်နားသငယ်နဲ့။

ဒီနေရာမှာ ဇာတ်ရှိန်မြင့်လာပါတယ်။

ကျော်ထွဋ်ခေါင် ကျောင်းဆက်တက်မလား။ ကျောင်းထွက်ပြီး အလုပ်လုပ်၊ တစ်ဖက်က လုပ်သားကောလိပ်တက်လုပ်မလား။

ကျော်ထွဋ်ခေါင်က –

"စက်မှုတက္ကသိုလ်ပဲ တက်ချင်တယ်အမေ။ ဒီကပြီးရင် ကျွန်တော် အင်ဂျင်နီယာဖြစ်မှာ"လို့ သူ့ဆန္ဒကိုထုတ်ပြောတော့ ဆုံးဖြတ်ချက်ဟာ သူ့အမေခေါင်းပေါ် ရောက်သွားတော့တာပေါ့။

ကျွန်တော်က ဘေးလူဖြစ်နေတော့ မပြောသာပေမဲ့ ကျော်ထွဋ်ခေါင်ရဲ့ဆုံးဖြတ်ချက် မမှန်ဘူးလို့ တွေးနေမိတယ်။ ဘဝဆိုတာဆန္ဒနဲ့ ဒယ်တူမကျဘူးလေ။ ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာမှာ ဖြစ်သင့်တာကိုပဲ ရွေးရမှာ။

အခု သူက တက္ကသိုလ်အရာက မဆင်းချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့မိခင်က အလွန့်ကိုလေးစားကြည်ညိုဖို့ ကောင်းပါတယ်။ ပညာမတတ်၊ ငွေကြေးမရှိပေမဲ့ ...

"သား တက္ကသိုလ်ဆက်သာတက်။ ကျန်တာ အမေတာဝန်ယူတယ်" တဲ့။ ပြတ်သားလိုက်တဲ့ ဆုံးဖြတ်ချက်။

ဒါ မိဘမေတ္တာ။

ဒါ မိဘရဲ့စေတနာ။

မိုး၊ မြေနဲ့နှိုင်းလည်း မလုံလောက်ဘူး။ မြင်းမိုရ်တောင်နဲ့နှိုင်းလည်း မမီဘူး။

ဟုတ်ပါပြီ။ ဒါပေမဲ့ ကျော်ထွဋ်ခေါင်ရဲ့မိခင်ဟာ သူတို့သားအမိ စားဝတ်နေမှုအတွက်နဲ့ ကျော်ထွဋ်ခေါင်ရဲ့ တက္ကသိုလ်စရိတ်ကို ဘယ်လိုရှာဖွေမလဲ။

ပိတ်ကားပေါ်မှာ ကြည့်ကြရအောင်ပါ။

## (၆)

ကျော်ထွဋ်ခေါင်ရဲ့အမေ ဒေါ်ဖွားစိန်က ပိုက်ဆံရဖို့ သူမှာ အားဖိဝကျတဲ့အလုပ် အကုန်လုပ်တယ်။ ဈေးတောင်းခေါင်းရွက်တယ်။ အရင်းအနှီးမရှိပြန်တော့ သူများဆီက ချေးငှားပြီးလုပ်တယ်။ ကြွေးထူပြီး ဘယ်ကမှအရင်းရှာမရတော့ သူများအိမ်မှာ ထမင်းချက်အဝတ်လျှော် အိမ်ဖော်လိုက်လုပ်တယ်။

ဒီမှာ ကံကြမ္မာဇာတ်ဆရာရဲ့ လှည့်စားချက်ကို ကျွန်တော်အတော့်ကို အံ့ဩသွားတယ်။

ကြည့်စမ်းပါဦးဗျာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖွားစိန် အိမ်ဖော်သွားလုပ်တဲ့အိမ်က အရာရှိကြီးကြီး ကြီး ရဲ့အိမ်။ ဆွေမျိုးနောက်ခံ အသိုင်းအဝိုင်းကလည်း အမြင့်စားထဲက မာနတွေ မိုးထိနေတဲ့မိသားစု။ လူလူချင်း သိပ်ပြီးခွဲခြားဆက်ဆံတ တဲ့ မိသားစု။

အဲဒီ မိသားစုအိမ်မှာမှ ဒေါ်ဖွားစိန်က နောက်ဆုံးသောင်တ ပြီး အလုပ်မြဲတယ်။ ပေးတဲ့လုပ်ခက များတာကိုး။ သားရဲ့တက္ကသို စရိတ်လောက်ငဖို့၊ သားအမိနှစ်ဦး စားဝတ်နေရေးပြေလည်ဖို့ ဒေါ်ဖွားစိ က အနှိမ်ခံတယ်။ အနိုင်ခံတယ်။ အဆင်းရဲခံတယ်။

ထားမြင့်မိုရ်ဆိုတဲ့ သူဌေးသမီးကဆို အရမ်းမာနကြီးပြီး အရ လည်း အနိုင်းရက်စက်တယ်။ ဒါပေမဲ့ ဒေါ်ဖွားစိန်ကတော့ ပြုံးပြုံးပ နိုင်းသမျှအကုန်လုပ်တယ်။ လျှော်ဖွပ်၊ ချက်ပြုတ်ကနေ အိမ်သာဆေ တဲ့အထိ။

ဒါကိုတော့ သားဖြစ်သူကျော်ထွဋ်ခေါင်ကို အမှန်အတိုင်းမပြေ ဘူး။ အလုပ်ရုံတစ်ခုမှာ အလုပ်လုပ်နေတယ်ပဲ ပြောထားတယ်။ သာ စိတ်ဆင်းရဲမှာစိုးလို့။ သားဂုဏ်ငယ်မှာစိုးလို့။ မနက်စောစောထ၊ သာ အတွက် ချက်ပြုတ်ပြင်ဆင်ထားပြီးရင် ထားမြင့်မိုရ်တို့အိမ်ကိုသွာ တစ်နေကုန်အလုပ်လုပ်။ ညနေမိုးချုပ်မှပြန်လာ။

ဒီလိုနဲ့ စာတော်တဲ့ ကျော်ထွဋ်ခေါင် တစ်နှစ်ပြီးတစ်နှစ် အော လာတယ်။

အရွယ်ရောက်လာလို့ နုလုံးသားလှုပ်ရှားလာတဲ့ ကျော်ထွ ခေါင်က ဝိဇ္ဇာသိပ္ပံဘက်ကို သူငယ်ချင်းတွေနဲ့အသွားမှာ ကောင်မလေ တစ်ယောက်ကိုစတွေ့တယ်။ ခင်မင်ရင်းနှီးသွားတယ်။ နောက်တော့ ချစ်သ ဖြစ်သွားတယ်။

စိတ်ကူးသစ်စာပေ



အဲဒီကောင်မလေးက သိပ်လှတာကိုး။

အဲဒါ ဘယ်သူဖြစ်မလဲ။

ထားမြင့်မိုရ်ပေါ့။

ကဲ . . . အဲဒါပြောတာလေ။ ကံကြမ္မာဇာတ်ခံရာ ကျီစားတယ် ဆိုတာ။ တိုက်တိုက်ဆိုင်ဆိုင် ကျော်ထွဋ်ခေါင်ရဲ့အမေ အိမ်ဖော်လုပ်ရတဲ့ အိမ်က အရာရှိသမီး၊ သူဌေးသမီး မာနခဲထားမြင့်မိုရ်နဲ့မှ ကျော်ထွဋ်ခေါင် က ချစ်သူဖြစ်ရတယ်လို့။ မဆန်းဘူးလား။

သူငယ်ချင်းတွေကတော့ ကျော်ထွဋ်ခေါင်ကို သတိပေးကြတယ်။

"အဲဒီဟာမလေးက မာနခဲလေးလို့ နာမည်ကြီးတယ်။ ပြီး တော့ မျက်နှာလည်းများတယ်။ မင်းခံရမယ်နော်"

ကျော်ထွဋ်ခေါင် မမှုဘူး။ အချစ်က အင်အားဖြစ်စေတယ်ပြော လား။ မျက်စိကန်းတယ်ပြောမလား။ ကျော်ထွဋ်ခေါင် ဘေးစကားတွေ ကိုမျှမကြား မမြင်တော့ဘူး။ ထားမြင့်မိုရ်ရဲ့အချစ်မှာ မူးနေပြီ။ ရူး နေပြီ။

ထားမြင့်မိုရ်ကိုကျတော့ ကျော်ထွဋ်ခေါင်က ဘဝမှန်ကိုမပြော ဘူး။ သူလည်း အရာရှိသားလိုလို၊ ဘာလိုလို ဖြီးထားတယ်။ ထားမြင့်မိုရ် ကလည်း ရည်းစားတွေအများကြီးထဲမှာ ကျော်ထွဋ်ခေါင်ကျတော့ အတည် ဖြစ်သွားတယ်။ အင်ဂျင်နီယာဆိုတာကိုလည်း မက်တာပါတာပေါ့။ (ဒါ သွန်ခဲ့တဲ့ ဆယ်စု (၃)စုလောက်အချိန်က ဖြစ်တယ်။)

တိုတိုဆိုကြပါစို့။

ထားမြင့်မိုရ်က ကျော်ထွဋ်ခေါင်ကို ယူဖို့ထိဆုံးဖြတ်ပြီး သူ့မိဘ တွေနဲ့ဆုံပေးဖို့ အိမ်ကိုခေါ်တယ်။

ခင်ဗျားတို့မျက်စိထဲမှာ မြင်ကြည့်ကြစမ်းပါဗျာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ပိတ်ကားပေါ်မှာ ...

ဗီဒီယိုဖန်သားပြင်ပေါ်မှာဆိုရင် ...

သိပ်ကိုထိမိုက်ခံစားရမယ့်အကက်ပဲ။

ကျော်ထွဋ်ခေါင်က ထားမြင့်မိုရ်ရဲ့ချစ်သူ၊ အရာရှိသားအေ

နဲ့ ထားမြင့်မိုရ်အိမ်ကိုပါအသွား ...

ညည့်ခန်းထဲမှာ ...

ထားမြင့်မိုရ်မိဘတွေနဲ့ စကားပြောနေတုန်း ဧည့်သည်အတွ

ကော်ဖီလာချပေးတဲ့ ဒေါ်ဖွားစိန်နဲ့ဆုံရပုံ။

ရုပ်ရှင်ထဲမှာသာဆိုရင် ဒေါ်ဖွားစိန်ရဲ့မျက်နှာ၊ ဒေါ်ဖွားစိန်

အကြည့်တွေ။ အံ့ဩသွားတာ၊ မယုံနိုင်တာ။ ဒေါ်မိမယ်ပြုပြီးမှ မေ

ာ် ကိုယ်ရှိန်သတ်လိုက်တာ။ ရင်ထဲက လှုန်ဆွဲမှုတွေနဲ့ မျက်ရည်

သွားတာ။ အဲဒါကို Camera Zoom ဆွဲပြီး ရုပ်ပုံအကြီး Close-Up

ပြမှာပေါ့။

ကျော်ထွဋ်ခေါင်ကိုလည်း အံ့ဩတုန်လှုပ်သွားတာ၊ ရုက်သွ

တာ၊ ချွေးစေးတွေပြန်လာတာ။ အမေကိုမခေါ်ဘဲ မျက်နှာလွှဲလိုက်တာ

ယောက္ခမလောင်းတွေကျတော့ သကာရည်လောင်းတဲ့အပြုံးနဲ့ ဆက်ဆ

တာ။ အဲဒါလည်း Close-Up နဲ့ပြရမှာ

မိခင်ရဲ့ ကြီးမားတဲ့မေတ္တာ။

သားရဲ့တစ်ကိုယ်တော် အတ္တ။

နှိုင်းယှဉ်ကြည့်လို့ရတယ်။ မြင်နိုင်တယ်ပေါ့ဗျာ။

အဲဒီလို သားအမိနှစ်ဦး ဆုံတွေ့တဲ့နေ့ညကျတော့ သားအ

တွေပြန်ဆုံကြတာ ဘယ်လိုမျက်နှာတွေနဲ့ဆက်ဆံကြလဲ။ ဘာတွေပြေ

ကြလဲ။





ဒေါ်ဖွားစိန်က ဘာမှမသိသလို ခါတိုင်းလို နေမြဲမျက်နှာနဲ့ သားကို နွေးနွေးထွေးထွေးပဲဆက်ဆံတယ်။ မနက်ကအကြောင်း ဘာမှ မမေးဘူး။ ဘာမှမပြောဘူး။ ဒါ ကျိတ်မြိုထားတာ။ သူ့ရင်ထဲမှာတော့ တစ်စစီကွဲကြေနေမှာပဲ။

သားဖြစ်တဲ့ ကျော်ထွဋ်ခေါင်ဟာလည်း အပြစ်ရှိနေတဲ့သူပီပီ မိခင်ကို ဘာပြောရမှန်းမသိဘူး။

တကယ်ဆို တောင်းပန်သင့်တာပေါ့။ သူကိုယ်သူလည်း ပြန် ပြီးဆင်ခြင်သင့်တာပေါ့။ ဒါပေမဲ့ အမေသင်ပေးလို့တတ်လာရတဲ့ ပညာ တွေနဲ့ ကျော်ထွဋ်ခေါင်ဟာ အသိခေါက်ခက် အဝင်နက်နေခဲ့တယ်။

ကျွန်တော်ထင်ပါတယ်။

အဲဒီညဟာ သူတို့သားအမိရဲ့ ရင်ထဲကမုန်တိုင်းညပါပဲ။ အပေါ် ယံမှာ အပြုံးတွေနဲ့အေးဆေးနေပေမဲ့ အတွင်းမှာတော့ ပြင်းထန်တဲ့ ပေါက်ကွဲမှုတွေရှိနေမှာ သေချာတယ်။

သူတို့မပြောနဲ့။

အဲဒီအကြောင်းတွေ ကျော်ထွဋ်ခေါင်ဆီကတစ်ဆင့် သိခဲ့ရတဲ့ ကျွန်တော်တောင် မျက်ရည်မထိန်းနိုင်ခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

## (၇)

❑

ကျော်ထွဋ်ခေါင် ဘီအီးဘွဲ့ရတယ်။ အင်ဂျင်နီယာဖြစ်တယ်။ ဒါဆိုရင် သူတို့သားအမိရဲ့ဘဝ အေးချမ်းသာယာသွားပြီလား။

အဲဒီအချိန်မှာ ကျွန်တော်က ပညာရေးတက္ကသိုလ်ကနေ ဘီအီးဒီဘွဲ့ရပြီး နယ်မှာ အထက်တန်းပြဆရာ သွားလုပ်ရတယ်။ ကျွန်တော်ရတဲ့လစာလေးနဲ့ ကျွန်တော့်မိဘတွေကို ကန်တော့နိုင်ပြီ။ ကျွန်တော့်ကို ထောက်ပံ့ပေးခဲ့တဲ့ ဆွေမျိုးတွေကိုလည်း ကျေးဇူးဆပ်နိုင်ခဲ့ပြီ။

ကျော်ထွဋ်ခေါင်ကတော့ ...

ထားမြင့်မိုရ်နဲ့ လက်ထပ်လိုက်တယ်။





လက်ထပ်ချိန်မှာတော့ ကျော်ထွဋ်ခေါင်က မိဘဂုဏ်ရှိန် နိမ့်မှာစိုးလို့ ဖခင်အရာရှိက ကွယ်လွန်သွားတာကြာပြီ။ မိခင်က နယ်မှာ အမျိုးတွေနဲ့နေတယ်ဆိုပြီး အမှန်ကို ဖာတ်မြှုပ်ပစ်တယ်။

သူ့ဖာတ်ကို သူ အပိက,တာပဲ။

ဟိုတယ်ကြီးတစ်ခုမှာ ခမ်းခမ်းနားနားကျင်းပတဲ့ အဲဒီကျော်ထွဋ်ခေါင်နဲ့ ထားမြင့်မိုရ်ရဲ့မင်္ဂလာပွဲကို ဒေါ်ဖွားစိန်တက်ခွင့်မရဘူး။

စက်မှုတက္ကသိုလ်ဘွဲ့နှင်းသဘင် အခမ်းအနားတုန်းကလည်း ထားမြင့်မိုရ်ကပါ တက်ချင်တာမို့ ထားမြင့်မိုရ်နဲ့ဆုံမှာစိုးလို့ ကျော်ထွဋ်ခေါင်က အမေ့ကိုချော့မော့ဖျောင်းဖျပြီး အိမ်မှာထားခဲ့တယ်။ သားကို အင်ဂျင်နီယာဘွဲ့ရအောင် အဆင်းရဲအပင်ပန်းခံပြီး လုပ်ပေးခဲ့တဲ့ အမေဟာ သားဖြစ်သူရဲ့ ဘွဲ့နှင်းသဘင်ကို တက်ရောက်ခွင့်မရခဲ့ဘူး။

"ငါကမလိုက်ဖို့ ဆုံးဖြတ်တာပါ။ ငါ့ရုပ်နဲ့ ငါ့မှာအဝတ်အစားမရှိတာနဲ့ သားမျက်နှာငယ်မှာ၊ ဂုဏ်ငယ်မှာစိုးလို့ပါ"

ဒေါ်ဖွားစိန်က ကျွန်တော့်ကိုပြောပြတယ်။

ကျော်ထွဋ်ခေါင်မကောင်း တစ်ခွန်းမပြောဘူး။

ဟော ... လက်ထပ်ပွဲမှာလည်း ဒီအတိုင်းပဲ။

ဒေါ်ဖွားစိန်အိမ်မှာ မျက်ရည်ဝဲဝဲနဲ့။ ဟိုတယ်မှာ သားဖြစ်သူက ...

'အခါတော်ပေးတာက ××× နတ်ရေးငယ်ရွှေစာ' ဆိုပြီး ပြုံးပန်းတစ်ရာဝေနေချိန်မှာ ယှိုင်နဲ့ပြိုလဲတော့မယ့် အိမ်စုတ်ကလေးရဲ့ ထရံကိုမှီပြီး ဒေါ်ဖွားစိန်ငိုကြွေးနေခဲ့ရှာတယ်။

ကျွန်တော် မြင်ခဲ့တာ။

ကျွန်တော့်မျက်စိနဲ့ မြင်ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ထွဋ်ခေါင်ရဲ့ မင်္ဂလာပွဲအတွက် နယ်ကတက်လာတဲ့ ကျွန်တော်ဟာ သူတို့အိမ်ကို အရင်ဝင်တော့ ဒီမြင်ကွင်းကိုမြင်ရတာပဲ။

ရင်ထဲမှာ ဆို့နစ်လွန်းလို့ ကျော်ထွဋ်ခေါင်ကို ဒေါ်ပွပြီး သူ့မင်္ဂလာပွဲကို ကျွန်တော်သပိတ်မှောက်ခဲ့တယ်။ မတက်ခဲ့ဘူး။

တစ်ရက်မှာ ကျော်ထွဋ်ခေါင်ကို ပြောချင်လွန်းလို့ ကျွန်တော် သူ့အလုပ်ရုံးခန်းအထိ ရောက်သွားတယ်။

'မင်း လူမှုဟုတ်သေးရဲ့လား ကျော်ထွဋ်ခေါင်' ဆိုပြီး ကျွန်တော်ပစ်ပစ်ခါခါ ပြောပစ်လိုက်တဲ့ စကားတွေကို သူငြိမ်ပြီးနားထောင်နေခဲ့တယ်။

"ခုချိန်မှာ ငါထားမြင့်မိုရ်ကို မစွန့်လွှတ်နိုင်ဘူး။ ပြီးတော့ ငါရရှိလာတဲ့အဆင့်အတန်းကိုလည်း မစွန့်လွှတ်နိုင်ဘူး။ ဒါငါ့ဘဝရဲ့ အကြီးမားဆုံးအောင်မြင်မှုပဲ။ အမေနားလည်မှာပါ"

သူနောက်ဆုံးမှာ သူဖွင့်ဟခဲ့တဲ့စကား။

ကျွန်တော် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး သူ့မျက်နှာကို အသားကုန်ထိုးချပစ်လိုက်တယ်။

ပြီးတော့ သူ့ရှေ့က ကျွန်တော်လှည့်ထွက်ခဲ့တယ်။

(၈)

ကျွန်တော်နယ်မှာ ကျောင်းဆရာဘဝနဲ့ ကျင်လည်ဖြတ်သန်းနေရတဲ့ကာလတစ်လျှောက်မှာ သူတို့သားအမိအကြောင်းကို မကြားချင်ဘဲ ကြားနေခဲ့ရတယ်။

ကျော်ထွဋ်ခေါင် ထားမြင့်မိုရ်နဲ့ အတူနေတယ်။ ထားမြင့်မိုရ်ရဲ့မိဘတွေက တိုက်ကြီးတစ်လုံး လက်ဖွဲ့ပေးခဲ့တာ။ လင်မယားနှစ်ယောက် တင့်တောင့်တင့်တယ်ပေါ့။ ကားလည်းရှိသတဲ့။

ဒေါ်ဖွားစိန်ကတော့ ထားမြင့်မိုရ်တို့အိမ်မှာ အလုပ်မလုပ်တော့ဘဲ အိမ်ဆိုင်လေးဖွင့်ပြီး သူ့ဝမ်းသူကျောင်းနေရတယ်။ အိမ်စုတ်လေးမှာပဲ။ ချို့ချို့ငဲ့ငဲ့နဲ့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အစောပိုင်းမှာ ကျော်ထွဋ်ခေါင်ဟာ သူ့အမေဒေါ်ဖွားမိန့်ကို သူ့ဇနီးထားမြင့်မိုရ်မသိအောင် တိတ်တိတ်ကလေး ရံဖန်ရံခါ ထောက်ပံ့ခဲ့တယ်လို့ဆိုတယ်။

ဒါပေမဲ့ ...

မမျှော်လင့်ဘဲ ထားမြင့်မိုရ်က ကျော်ထွဋ်ခေါင်နဲ့ ဒေါ်ဖွားစိန်တို့ရဲ့အဖြစ်မှန် ဘဝမှန်ကို သိသွားတယ်။

ဒီမှာ ထားမြင့်မိုရ်က ဒေါသူပုန်ထ,တော့တာပဲ။

ကျော်ထွဋ်ခေါင်ကို လူလိမ်ဆိုပြီး လမ်းခွဲဖို့ထိ ပြောလာတော့တယ်။ အဲဒီအချိန်က ထားမြင့်မိုရ်မှာလည်း ကိုယ်ဝန်ရှိနေပြီ။ ကျော်ထွဋ်ခေါင်က တောင်းပန်တယ်။ သူ ထားမြင့်မိုရ်နဲ့လမ်းခွဲလိုက်တာနဲ့ လက်ရှိနေတဲ့ တိုက်နဲ့ကားကိုထားခဲ့ပြီး သူ့အမေရဲ့ အိမ်ဂေဟာအစုတ်ကလေး ကိုပြန်လာရမှာ သူကြောက်နေခဲ့တယ်။

ထားမြင့်မိုရ်မိဘတွေကလည်း ပတ်ဝန်းကျင်မှာ အရှက်ကွဲမခံနိုင်တာတစ်ကြောင်း၊ ထားမြင့်မိုရ်ရဲ့ ရင်သွေးအတွက်စဉ်းစားတာလည်းတစ်ကြောင်းမို့ ကျော်ထွဋ်ခေါင်နဲ့ လမ်းခွဲဖို့ကိစ္စကို သဘောမတူကြဘူး။

ချုပ်ပြီးပြောရရင် ...

အဲဒီဇာတ်ရဲ့မြင့်သာတဲ့အချိန်မှာ ကျော်ထွဋ်ခေါင်ရဲ့ ဆုံးဖြတ်ချက်ဟာ အတော့်ကိုပဓာနကျနေခဲ့တယ်။ ကျော်ထွဋ်ခေါင်ရဲ့လက်ထဲမှာ ဆုံးဖြတ်ခွင့်ရလာတယ်။ ရွေးချယ်ဖို့ဖြစ်လာတယ်။

"ရှင်ဟာ တစ်ချိန်လုံး ကျွန်မကိုလိမ်ခဲ့တဲ့လူ။ အခု ဒယ်ဒီ့စကားကြောင့် ကျွန်မအလျှော့ပေးလိုက်တာ"

ထားမြင့်မိုရ်က အနိုင်နဲ့ပိုင်းချတယ်လို့ ဆိုတယ်။





"ကိုယ် တောင်းပန်ပါတယ် မြင့်မိုရ်။ ကိုယ့်ကို ခွင့်လွှတ်ပါ။ မြင့်မိုရ်ကိုချစ်လို့၊ မခွဲနိုင်လို့ ကိုယ် အမှန်တွေကို ဖုံးခဲ့ရတာပါ"

ကျော်ထွဋ်ခေါင်က ဒူးထောက်အရှုံးပေးသမားပေါ့။

"ဒါဆိုလည်း ကောင်းပြီလေ။ ရှင်ကျွန်မနဲ့ ဆက်ပြီးလက်တွဲချင်တာအမှန်ပဲပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆိုရှင် ... ရှင်ရွေး။ ကျွန်မနဲ့တစ်ဘဝလုံး ဆက်ပြီးလက်တွဲမယ်ဆိုရင် ရှင့်အမေကိုဖြတ်။ သူ့ကြောင့်တော့ ကျွန်မဘဝ အရှက်ကွဲမခံနိုင်ဘူး"

"ထားမြင့်မိုရ်ရယ် ... ဟိုလေ ... ဟို ..."

"ဆင်ခြေမပေးပါနဲ့။ ရှင့်ကို ရွေးခိုင်းနေတာ။ ရှင့်သဘောပါနော်။ ကျွန်မကိုရွေးမလား၊ ရှင့်အမေကို ရွေးမလား ... တစ်ခုပဲရွေး"

ကျွန်တော့်တို့ ဖတ်မှတ်ခဲ့ရဖူးတဲ့ အရှင်မဟာမောဂ္ဂလာန်အလောင်းတော်ရဲ့ ဇာတ်လမ်းမျိုးပဲ။ ကျော်ထွဋ်ခေါင်က ထားမြင့်မိုရ်ကို ရွေးခဲ့တယ်။

တစ်ခုတော့ရှိတာပေါ့လေ။ မယားအကြိုက် အလျှော့ပေးပြီး နောက်မှ အမေကို ခိုးပြီးဆက်သွယ်မယ်ဆိုတဲ့ အတွေးမျိုးနေမှာပေါ့။

ဒါပေမဲ့ ...

တကယ်တမ်းမှာကျတော့ အဲဒီလိုမဖြစ်ခဲ့ဘူး။ ထားမြင့်မိုရ်ကလည်း အလွတ်မပေးခဲ့သလို ကျော်ထွဋ်ခေါင်ကိုယ်တိုင်ကလည်း သူ့အမေကို မေ့ခဲ့တာပါပဲ။

စည်းစိမ်ဥစ္စာတွေကြားမှာ ...

ဇနီးမယား သံယောဇဉ်ကြားမှာ ...



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးဟာ နေရာမရခဲ့ပါဘူး။ အမေနဲ့သားဟာ လုံးဝကိုပဲ ကင်းကွာပြတ်တောက်သွားခဲ့ပါတယ်။

ဒီအကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော်ကျော်ထွဋ်ခေါင်နဲ့ ဆွေးနွေးဖို့ ကြိုးစားခဲ့ပါသေးတယ်။ ကျော်ထွဋ်ခေါင်က ကျွန်တော့်ကို အတွေ့မခံဘဲ ရှောင်ခဲ့တယ်။

အလကားကောင်၊ တန်ဖိုးမရှိတဲ့ကောင်။ ပညာတတ်ပြီး တာ့အသိမရှိတဲ့ လူ့အန္ဓ၊ တစ်နေ့နေ့တော့ ဒုက္ခတွေ့မှာပဲရယ်လို့ ကျွန်တော်ဒေါမနဿဖြစ်ခဲ့ရုံကလွဲပြီး ဘာမှမတတ်နိုင်ခဲ့ဘူး။

(၉)

မထင်ဘူး။

ကျော်ထွဋ်ခေါင် ကျွန်တော့်အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တယ်။ ကျွန်တော်က နယ်ကနေရန်ကုန်ကို ပြောင်းရွှေ့လာခဲ့ချိန်မှာပေါ့။ ကျွန်တော့်ဖခင်ကွယ်လွန်သွားလို့ မိခင်ကို ကျွန်တော်နဲ့အတူခေါ်ထားတဲ့အချိန်၊ ကျွန်တော်လည်း အိမ်ထောင်ကျနေချိန်။

"သီဟ"

ခေါ်သံနဲ့အတူ အိမ်ပေါ်တက်လာတယ်။

ကျွန်တော်ကသူ့ကို မကျေနပ်တဲ့စိတ်အခံရှိနေပေမဲ့ သူငယ်ချင်းဖြစ်နေတော့ စိတ်ကိုလျှော့ပြီး အိမ်ပေါ်ဖိတ်ခေါ်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလှည့်လာလဲ"

"မင်းဆီကိုပဲ လာတာပါ"

အမေနဲ့ဖနီးသည့်က ဘုန်းကြီးကျောင်းဆွမ်းသွားပို့လို့ အိမ်မှာမရှိဘူး။ သူလွတ်လွတ်လပ်လပ် စကားပြောခွင့်ရတာပေါ့။

"ကိစ္စရှိလား"

"မင်းနဲ့တွေ့ချင်လို့ပါ။ စကားလည်း ပြောချင်လို့ပါ"

ဒီကောင်က ဒီလိုပဲ။ ရင်ဖွင့်စရာရှိပြီဆိုရင် ကျွန်တော့်ဆီရောက်လာတတ်တဲ့ကောင်။ အခုလည်း ဒီလိုပါပဲ။ ကြည့်ရတာနဲ့ သူ့မှာ ဖဲသာကတစ်ခုခုရှိနေပြီကို ခန့်မှန်းမိတယ်။

"တလောက ငါဘုရားသွားတယ် သီဟ"

"ကောင်းတာပေါ့၊ ချီးကျူးပါတယ်"

ကျွန်တော် အငေါ်တူးလိုက်မှန်း သူသိပါတယ်။ အပြစ်ရှိတဲ့မျက်လုံးနဲ့သူကျွန်တော့်ကို ကြည့်တယ်။

"မင်း ငါ့ကို မကျေနပ်ဘူးဆိုတာ ငါသိပါတယ်"

"ဒါဆို ပြီးတာပဲ"

"ငါပြောမှာကို နားထောင်ပေးပါကွာ"

"ရပါတယ်။ ပြောပါ"

"ထားမြင့်မိုရ်ရယ်၊ သားလေးရယ်၊ ငါရယ် ရွှေတိဂုံဘုရားသွားကြတာ။ ဒါပေမဲ့ ..."

ကျော်ထွဋ်ခေါင် စကားသံပြတ်သွားတယ်။ ကျွန်တော်လည်း အထိတ်တလန့်ဖြစ်သွားတယ်။ ကျွန်တော့်ရင်ထဲမှာ ကြိုသိလိုက်ပြီ။

"ငါ ရွှေတိဂုံဘုရားကြီးကို မမြင်ရဘူး"

"ဟာ"





သူ့မျက်နှာကို လက်ဝါးနဲ့အုပ်ထားလိုက်တယ်။

ကျွန်တော် ပြောမပြတတ်အောင် ချောက်ချားသွားရတာ အမှန်ပဲ။ အဖေ၊ အမေတို့ပြောခဲ့တဲ့ အင်းသျှူကြီးဦးကြူးအကြောင်း ပြေးပြီးသတိရလိုက်တယ်။

ဒါ အကုသိုလ်ပဲ။

ကျော်ထွဋ်ခေါင်ရဲ့အကုသိုလ်တွေက ကျော်ထွဋ်ခေါင်ကို ဘုရားကွယ်စေတာ။

"အမေကို မမြင်မှတော့ ဘုရားလည်း ဘယ်မြင်တော့မလဲကွာ။ အမေကွယ်မှတော့ ဘုရားလည်း ကွယ်ပြီပေါ့"

ကျွန်တော်က သူ့ကို အလဲမှာဖိထောင်းတာ မဟုတ်ပါဘူး။ ဖြစ်လာတာကို ပိုပြီးသိသိသာသာ ဖြစ်သွားစေချင်လို့ပါ။

သူ ခေါင်းညိတ်ပါတယ်။ ဒါ ဝန်ခံတာပဲပေါ့။

"ငါ ဘာလုပ်ရမလဲဟင် သီဟ"

"မင်းအမေဆီကိုသွား။ အမေကိုကန်တော့။ အမေကိုတောင်းပန်။ မင်းအမေကတော့ ခွင့်လွှတ်ပြီးသားပါ။ မင်းက တောင်းပန်ဖို့လိုတာပါ။ အဲဒါဆိုရင် မင်းဘုရားကို ပြန်မြင်ရမှာပါ"

ကျွန်တော်က ကျွန်တော်ဖြစ်စေချင်တာနဲ့ ဖြစ်သင့်တာကို အခွင့်ကောင်းယူပြီး အကြံပေးလိုက်တာပါ။

"ဒီအကြောင်း ထားမြင့်မိုရ်မသိသေးဘူး။ ငါထုတ်တော့ မပြောဘူးလေ။ ပြောလို့မှလည်း မဖြစ်တာ။ မင်းပြောတာ မှန်ပါတယ်။ အမေကို ငါစော်ကားခဲ့လို့ နေမှာပါပဲ။ ငါအမေ့ကို သွားပြီးတောင်းပန်မယ်။ သွားဆိုအခုပဲ သွားမယ်ကွာ။ အမေက ရွာပြန်သွားတယ်လို့ကြားတယ်။ ရွာကိုငါလိုက်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ထွဋ်ခေါင် မျက်ရည်လည်ရွဲနဲ့ အိမ်ပေါ်က ဆင်းသွားတယ်။

သူ့အဖြစ်ကို ကြေကွဲရတာက တစ်ဖက် ...
အမြင်မှန်ရလာလို့ ဖြေသိမ့်နိုင်တာက တစ်ဖက် ...
ကျွန်တော် ခံစားမှုနှစ်မျိုးနဲ့ ကျန်ခဲ့ပါတယ်။
သူနဲ့သူ့အမေတွေ့ဆုံခန်းကို ...
ကျွန်တော်မှန်းပြီး မြင်ယောင်နေတယ်။
နှစ်ဦးသားဖက်ပြီး ငိုပွဲဆင်နေမှာကို .. ။

(၁၀)

ဒါပေမဲ့ဗျာ ...။

ကံကြမ္မာက ရိုက်ချက်ပြင်းပြီဆိုတော့လည်း အထိနာလိုက်တာမှ ဟက်တက်ကွဲပါပဲ။

ကျော်ထွဋ်ခေါင် ရွာရောက်သွားတော့ သူ့အမေဒေါ်ဖွားစိန် ကွယ်လွန်သွားခဲ့ပြီ။ မိခင်အလောင်းတောင် မမြင်လိုက်ရဘူး။ မြေပုံပဲ တွေ့ခဲ့ရတယ်။ ဒါ ဇာတ်ရဲ့အထွတ်ပဲ။ အမြင့်ဆုံးအပိုင်းပဲ။

ကျော်ထွဋ်ခေါင် ဘယ်လိုမျှ ဖြေမဆည်နိုင်တော့ဘူး။

ရွာကလူတွေက ကျော်ထွဋ်ခေါင်ကို ဝိုင်းပြီး လက်ညှိုးထိုးကြတယ်။ ပြစ်တင်ကြတယ်။ 'အမေကိုသတ်တဲ့သား' တဲ့။

ကျော်ထွဋ်ခေါင် ဘာပြောင်းလို့ရမှာလဲ။ ငိုရင်းခေါင်းငုံ့ခံ၊ ခေါင်းငုံ့ခံရင်းငို၊ ဒါပဲ တတ်နိုင်တော့တယ်။

နောက်ဆုံး မိခင်အတွက် ကုသိုလ်ကောင်းမှုလုပ်ပေးခဲ့ပြီး ရွာကနေ ကျော်ထွဋ်ခေါင်ပြန်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်တွေတိုက်ပြီးရင် ဇာတ်ရဲ့သဘာဝအရ ဇာတ်ဆင်းလို့ခေါ်တဲ့ ဇာတ်သိမ်းပိုင်းကိုရောက်တယ်။ ကျော်ထွဋ်ခေါင်ရဲ့ဇာတ်သိမ်း။

မှန်ပါတယ်။

ကျော်ထွဋ်ခေါင် ရွာကပြန်အလာ။ ကားကို ကိုယ်တိုင်မောင်းလာရာမှာ ဘရိတ်ပေါက်ပြီး လမ်းဘေးထိုးကျလို့ နေရာတင်ပဲ ပွဲချင်းပြီး ဆုံးသွားခဲ့ပြတယ်။

ဘယ်လိုပြောမလဲ။

ကျော်ထွဋ်ခေါင် သူ့ကိုယ်သူ ဒဏ်ခတ်တာလား ...

လောကကပဲ ကျော်ထွဋ်ခေါင်ကို ဒဏ်ခတ်တာလား ...

ဒါ ဘုရားပဲ သိနိုင်မယ်။

ကျွန်တော်သိတာကတော့ ဒါ အကုသိုလ်ကြောင့်ပဲ။ အကုသိုလ်ကြီးလာရင် ဘုရားတောင်ကွယ်တယ်ဆိုတာပဲ။

ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမအတိုင်း 'သူ့ချွတ်ယွင်းချက်နဲ့ မကောင်းမှုကို ဆင်ခြင်စဉ်းစားတာမဟုတ်။ သူ့ချွတ်ယွင်းချက်နဲ့ မကောင်းမှုအပြစ်ကိုကြည့်ပြီး မိမိကိုယ်ကို စဉ်းစားဆင်ခြင်ဖို့' ပြောမိတာပါ။

ဒီမှာပဲ ကျွန်တော်နိဂုံးချုပ်ပါရစေ။

ပြောရင်းနဲ့ရင်ထဲမှာ နင့်နေတာ၊ ဆက်ပြီးပြောနိုင်စွမ်းလည်း မရှိတော့လို့ပါ။

ဗုဒ္ဓညွှန်ပြ မြတ်ဝမှုဖြင့်
သုခချမ်းသာ ရကြပါစေ။
သီဟာထိပ်တင်စော



www.burmeseclassic.com

www.burmeseclassic.com

(၁)

❑

တစ်နေ့ ကျွန်ုပ်သည် တောရစခန်း၌ တရားစခန်းဝင်နေစဉ်ဖြစ်၏။ ဝိပဿနာအလုပ်ပေးတရားသည် နံနက်လေးကြိမ်၊ ညသုံးကြိမ် ထိုင်ရသည်။

တစ်ကြိမ်ပြီးတိုင်း တစ်နာရီနားရ၏။

ထိုသို့နားနေချိန်တွင် သစ်ပင်ရိပ်များအောက်ရှိ ခုံရှည်လေးများမှာ ထိုင်၍ တရားစကား၊ ဘုရားစကားမှသည် နေရပ်ဒေသများအကြောင်း ယောဂီများ စကားစပ်မိကြ၏။ ဝရားစခန်းမှာ အနယ်နယ် အရပ်ရပ်မှယောဂီများ လာရောက်တရားစခန်းဝင်ကြ၏။





သည်မှာ အထူးအလုပ်ပေး (၁၀) ရက်စခန်းရှိသည်။ သကြန် (၇) ရက်စခန်း ရှိသည်။ အချို့က နှစ်စဉ်မပျက် လာရောက်တရားစခန်းဝင်ကြ၏။ အချို့က ယခုနှစ်မှ ရောက်လာကြသူများ။

ကျွန်ုပ်ကား ယခင်က ရွှေပြည်သာမှာ ဝင်၏။

ယခုနှစ် နီးနီးနားနား ဤတရားစခန်းမှာ လူသစ်အဖြစ်ဝင်ခဲ့၏။ သည်မှာ နှစ်စဉ်မပျက် တရားစခန်းဝင်လေ့ရှိသည့် ယောဂီအမေကြီး ဒေါ်ချစ်စရာသောင်းနှင့် ဆုံခဲ့ရ၏။ ယောဂီအမေကြီး ဒေါ်ချစ်စရာသောင်းကား အသက်ခြောက်ဆယ်နှစ်ရှိပြီဖြစ်သော်လည်း ဆံပင်မဖြူခဲ့၊ နားမထိုင်းခဲ့။ စားနိုင်သွားနိုင်၊ စကားဝေအောင် ပြောနိုင်သေး၏။

“အမေ ဘာကြောင့် ခုလို သက်ရှည်ကျန်းမာရတာလဲဟင်”

“မေတ္တာကျင့်စဉ်ကြောင့်ပေါ့ကွယ်။ မြတ်ဗုဒ္ဓရဲ့ ဗြဟ္မစိုရ်တရားလေးပါးဖြစ်တဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများကြောင့်ပဲပေါ့။ ဒါ့အပြင် အမေက အရွယ်ရောက်ပြီးနောက်ပိုင်း တရားအသိလေးနှစ်နှစ်ခြိုက်ခြိုက်ဝင်လာချိန်ကစပြီး ထွက်သက်ဝင်သက် ဖြစ်ပျက်ကမ္မဋ္ဌာန်းဝိပဿနာကို ထိုင်လာတာကြာတော့ သွေးကြောလေကြောများပါ သန့်စင်ကောင်းမွန်ပြီး အနာရောဂါကင်းခဲ့ရသကွယ့်။ အဓိကကတော့ မေတ္တာပဲ။ မိုးလင်းရင် သုံးဆယ့်တစ်ဘုံသားများကို မေတ္တာပို့တယ်။ မေတ္တာ၊ ကရုဏာနဲ့ ကူညီရမည့်ကိစ္စပေါ်လာရင် ချက်ချင်းဆောင်ရွက်ပေးလိုက်တာပဲ။ ဘာအကျိုးအမြတ်မှ မမျှော်ကိုးဘူး။ အဲဒီလိုလုပ်ပေးရတာကို ကျေနပ်ဝမ်းသာလွန်းလို့ပဲ”

“မေတ္တာရဲ့ အကျိုးကျေးဇူး ကိုယ်တွေ့များ ကြုံဖူး ခံစားဖူးပါသလား အမေ”

“ကြုံဖူးတယ် သားရဲ့။ အံ့သြစရာကောင်းတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဗဟုသုတအဖြစ် ပြောပြပါလား အမေ"

"ငါ့သားက စာရေးတာယ်ဆို"

"ဟုတ်ကဲ့ခင်ဗျ"

"ဒါနဲ့ ငါ့သားကို တစ်ခုမေးမယ်ကွယ်။ ဝဋ်၊ ဝဋ်ကြွေး၊ အတုံ့ အလှည့်ဆိုတာ ငါ့သားယုံသလား"

"ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ယုံကြည်ပါတယ်အမေ"

"သံသရာရော လက်ခံရဲ့လား လူလေး"

"လက်ခံပါတယ် အမေ"

"ဝဋ်ကြွေးနဲ့ သံသရာဟာ အခန့်မသင့်ရင် ပုံလုံတစ်လှည့် ငါးပျံတစ်လှည့်လို သူတစ်လှည့်၊ ကိုယ်တစ်လှည့် ပြန်အကြွေးဆပ်ရ တာမျိုးရှိတယ် သားရဲ့"

"ဟုတ်ကဲ့ . . . ပြောပါအမေ"

"အဲဒါ ဘာကြောင့်လဲဆိုတော့ အမိကက အမုန်းကိုအခြေခံ လို့။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရား ခေါင်းပါးလွန်းရာ ကနေ အကုသိုလ်အဝိဇ္ဇာတရားလွှမ်းကဲပြီး ရိုက်စားတတ်ရှည်ကြရတာ။ ကြောက်စရာကောင်းတဲ့ ဝဋ်ကြွေးရဲ့ အုံ့ဩဆန်းကြယ်ပုံအကြောင်း အမေ ပြောပြမယ်။ နားထောင် သားတို့ရေ၊ ဒီလိုကွယ့် . . ."

(၂)

ကြခတ်ဝါးရုံရွာကြီးသည် တစ်ချိန်က ကွန်မြူနစ်တို့ကြီးစိုးရာ အရပ်ဒေသဖြစ်ခဲ့၏။ တပ်မတော်ထိုးစစ်ကြောင့် ကွန်မြူနစ်စခန်းကြီး နောက်ဆုံး လုံးဝဥဿုံ ပြိုကွဲပျက်စီးသွားခဲ့၏။

အချို့ လက်နက်ချ အလင်းဝင်ခဲ့ကြ၏။

ဦးတောင်လုံးကျော်သည် တစ်ချိန်က ကွန်မြူနစ်အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့မူ၏။ ယခုအခါ လက်နက်ကိုစွန့်၍ လယ်ယာမြေများစွာပိုင်ဆိုင်သော လုပ်ငန်းရှင်တစ်ဦးအဖြစ် ကြခတ်ဝါးရုံရွာကြီးမှာ အခြေချ၏။ တပည့် လက်သားများနှင့် လယ်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်သော ကြောင့် အကျိုးစီးပွားဖြစ်ထွန်းခဲ့၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မူလအစွဲက မပျောက်။

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို လုံးဝမယုံကြည်

ရုပ်ဝါဒကိုပဲ ယုံကြည်သည်။

ကိုယ်လုပ်မှ ကိုယ်စားရသည်ဆိုသည့် သိပ္ပံနည်းကျ ရုပ်ဝါဒ

မဖိတ်မသုန် လက်ခံယုံကြည်၏။

သို့သော် သူကိုယ်တိုင်ကား မြေရှင်ကြီးဖြစ်နေသည်ကို မသိ

ယောင်ဆောင်ပြီး ရုပ်ပိုင်းဆိုင်ရာစီမံခန့်ခွဲပေးနိုင်မှုကြောင့် လူသားအ

အမြစ်၏ ရုပ်ပိုင်းဆိုင်ရာအကျိုးကျေးဇူးကို ဒီကနေ့ လက်တွေ့သုံးစွဲ

ခြင်းဖြစ်သည်ဟု ဆို၏။

သူ့အိမ်မှာ ...

ဘုရားစင်မရှိ၊ နတ်စင်မရှိ။

ရဟန်းသံဃာများ ဆွမ်းခံကြခြင်းကို လုံးဝလက်မခံ။

'အလှူခံခြင်းသည်အခံပါ' ဟု ခြံဝ၌ စာကပ်ထား၏။ သူ့မိန်း

မမြယာကလည်း တောထဲမှာရှိနေစဉ်က ညှာခဲ့သည့် မိန်းမပီပီ ဦးနှော

ထဲ၌ ရုပ်ကြမ်းဝါဒသဘောတရားများက အမြစ်တွယ်နေ၏။

သူလည်း သူမယောကျ်ား ဦးတောင်လုံးကျော်လို ဘာသာ

ကို သိပ်ဦးစားမပေး။ လက်မခံ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ

ဟူသော သည်တရားလေးပါးကို လုံးဝလက်မခံ။

မရှိရင် ရှိအောင်ရှာ။

မကျန်းမာတာ ရုပ်ဖောက်ပြန်မှုကြောင့်။

ရုပ်ကျန်းမာလျှင် စိတ်ကျန်းမာမည်။

အိမ်ထောင်ပြုခဲ့တာ အချစ်ကြောင့်မဟုတ်။

လူသားမျိုးဆက်ပြန့်ပွားရေးနှင့် ယုံကြည်မှုအမွေ လက်ဆင့်

စိတ်ကူးသစ်စာပေ



ကမ်းပေးရေး။

မလှူနှင့်၊ အလကားမပေးနှင့်။

လှူလျှင်၊ အလကားပေးလျှင် အချောင်သမားများ ပေါများ

လာမည်။ တစ်ကျပ်လိုချင်လျှင် တစ်ကျပ်နှင့်တန်သည့်အလုပ်ကို လုပ်

ပေးသွား၊ တစ်ကျပ်ပေးလိုက်မည်။

နာလျှင်၊ လန့်လျှင် ဘုရားမတ,နှင့်။

ကိုယ်ညံ့လို့ ကိုယ်ခံရတာ၊ မညံ့အောင်လုပ်။

သည်လို ရုပ်ကြမ်းဝါဒသဘောတရားနှင့် ကလေးလေးယောက်

ရခဲ့၏။ ကျောင်းထား၏။ ကျောင်း၌ ဘုရားရှိခိုးရသောကြောင့် ကျောင်းမှ

ထုတ်၍ အိမ်မှာ ဆရာတစ်ဦးနှင့် သီးသန့်စာသင်၏။

သားသမီးလေးဦး ဆယ့်လေးနှစ်အရွယ်မှအောက် အသီးသီး

ရောက်ရှိခဲ့၏။ ကလေးများကို အရွယ်မရောက်ခင်ကတည်းက ဘုရားမဲ့

ဝါဒဖြစ်အောင် ပညာပေး၏။

ကလေးဆိုသည်ကား မိဘများကို ကြောက်လွန်းလှ၍ မိဘ၏

စကားကို နားထောင်ရ၏။ ဆိုရလျှင် ကလေးများဦးနှောက်ထဲ၌ ရိုင်းစိုင်း

သော အယူဝါဒအချို့သည် သံမှိုနှင့်ရိုက်သွင်းခံရသကဲ့သို့ရှိ၏။

ငယ်ကလည်း ငယ်သေး။

အရွယ်ကလည်း မရောက်သေး။

ပညာကလည်း မစုံသေး။

စာအုပ်မျိုးစုံလည်း ဖတ်ခွင့်မရသေး၍ မိဘနှစ်ပါးပြောသမျှ

အမှန်အဖြစ် ယုံကြည်ခဲ့ရ၏။

သို့ဖြစ်၍ ...

သူတို့ လမ်းမှာ သံဃာကိုတွေ့လျှင် ရှိခိုးဦးချင်ကျန်းမသိ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းကန်များသို့ အပေါင်းအသင်းများနှင့် အလည်ရောက်သောအခါ ဗုဒ္ဓရုပ်ပွားတော်ကို ရှိသေရမှန်း ဦးခိုက်ရမှန်း မသိ။

ဦးခိုက်ကန်တော့သူများကိုပင် ကြည့်၍ ရယ်ကြ၏။

သို့သော် ...

သည်လေးဦးအနက် တတိယသမီးကား ချွန်သော စုန်းပြူးလေးအဖြစ် သူတို့မိသားစုအကြားမှာ လျှို့ဝှက်စွာ ရှင်သန်နေ၏။

သူမအမည်ကား မညိုမြဟူသတည်း။

မညိုမြလေးသည် ဆယ့်တစ်နှစ်သမီးအရွယ် ရောက်နေ၏။ ဖအေနှင့်မျက်နှာကျတူ၍ အသားဖြူပြီး ချော၏။ သီချင်းဆိုကောင်းသလို အသံလည်းကောင်း၏။ အကအခုန်လည်း ထူးထူးခြားခြား ဝါသနာပါ၏။ သို့သော် အိမ်မှာ သီချင်းဆိုခွင့်မရှိ။ က,ခွင့်မရှိ။ သီချင်းဆိုချင်လျှင် သူမ၏အဖေ ဦးတောင်လုံးကျော်က မဆိုသင့်သည့် တေးတွင်းသံချပ်များကိုရွတ်ရန် သင်ပေး၏။

ထိုအခါ မညိုမြက မဆိုလည်းမဆို၊ မသင်လည်းမသင်။ ပြေးထွက်သွားရကား သည်မိသားစုကြားမှာ ချွန်သောစုန်းပြူးလေး ဖြစ်နေ၏။

သိမ်မွေ့ယဉ်ကျေးသော ဗုဒ္ဓဘာသာဝင် မြန်မာမိန်းကလေးအချို့နှင့် အတွဲအနေများ၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုလောကလေးများ သူမ၏ရင်ဘို့ စီးဝင်လာ၏။

စီးဝင်လာခြင်းကို မညိုမြလေး ပွေ့ပိုက်ကြိုဆိုခဲ့၏။

သည်လိုကြိုဆိုရတာလည်း အစ်ကိုများနှင့်မိဘနှစ်ပါး မသိအောင် တိုးတိုးတိတ်တိတ်ကလေး ...

သံဃာကို လူမြင်ထင်ရှား ဦးကုန်းမချသော်လည်း ကြုံကြိုက်





လျှင် ဦးညွှတ်၏။ အရိပ်ကို ဖယ်၍ ရှောင်၍ သွား၏။ စားဖွယ်လေးများပေးလှူ၏။

ဘုရားကျောင်းကန်ရောက်လျှင် ဖိနပ်ကို ချွတ်၏။

ညီအစ်ကိုမောင်နှမများမပါလျှင် ရှိခိုး၏။

ဆည်းလည်းသံ၊ ခြေးစည်ရိုက်သံများကြားလျှင် ရင်ထဲမှာ ကြည်နူး၏။ အမျှဝေသံကြားလျှင် သာဓုခေါ်၏။ မေတ္တာပို့ အမျှဝေခြင်းအကြောင်းကို သိချင်၍ မေးမြန်း၏။

သူဆင်းရဲ ဒုက္ခိတများကိုမြင်လျှင် ပိုက်ဆံများ ပေးလှူစွန့်ကြဲ၏။

ဗုဒ္ဓဘာသာ လူယဉ်ကျေးများနှင့် အနေများလာတော့ ဗုဒ္ဓဘာသာ မြန်မာစိတ်နှင့် မညိုမြ၏ အတွင်းစိတ်ရော၊ အပြင်စိတ်ပါ အပြောအဆို၊ အနေအထိုင် စရိုက်မကြမ်းတော့။

မဆိုးနားနီး မဆိုး။ တံငါနားနီး တံငါ ...

ရသေ့နားနီး ရသေ့၊ သီလရှင်နားနီး သီလရှင်ဆိုသလို စရိုက်မကြမ်းဘဲ တစ်မူထူး၍ သိမ်မွေ့နူးညံ့နေ၏။

ဒါကို အဖေရော၊ အမေရောက မကြိုက်။

သိမ်မွေ့နူးညံ့နေတာကို မကြိုက်။ ကြမ်းကြမ်းမာမာ ထန်ထန်ထည်ထည် ရှိစေချင်သည်။ သို့သော် ပြော၍မရ။

www.burmeseclassic.com

www.burmeseclassic.com

(၃)

တစ်နေ့ ...

ဦးတောင်လုံးကျော်တို့အိမ်သို့ ယောဂီဝတ်လူကြီးတစ်ဦး ရောက်လာ၏။ လုံးစံအတိုင်း အလှူခံပုဂ္ဂိုလ်မှတ်၍ ခြံစောင့်များက နှင်လွှတ်အော်ထုတ်၏။

"ငါ တောင်လုံးကျော်နဲ့ တွေ့ချင်လို့ပါ"

"ဘာကိစ္စနဲ့ ခင်ဗျားက တွေ့ချင်ရတာလဲ"

"ငါ တောင်လုံးကျော်ရဲ့ သူငယ်ချင်းပါ"

"ခင်ဗျားနာမည် ဘယ်သူလဲ"





"ဦးမင်းဝံလို့ ပြောပြပါ"

"ကျုပ်တို့ဆရာက ဒီလိုအသွင်မျိုးနဲ့ သူ့အိမ်ဝင်းထဲ ဝင်လာတာကို လုံးဝမကြိုက်ဘူးဗျ"

"ဟုတ်ပါပြီ ငါ့တူရား ဦးမင်းဝံလို့သာ ပြောပေးပါ။ ပြောပေးလို့မှ သူကလက်မခံရင် ငါ ဒီခြံဝကနေ ချက်ချင်းပြန်သွားပါ့မယ်"

သည်မှာ ခြံစောင့်လူရွယ်က မယုံသင်္ကာမျက်လုံးနှင့် စိုက်ကြည့်ပြီး အိမ်ကြီးအပေါ်ထပ်သို့တက်သွားပြီး မကြာခင် ဦးတောင်လုံးကျော်လိုက်ပါလာပြီး ခြံဝကလူကို သေသေချာချာကြည့်နေ၏။

"တောင်လုံးကျော် ... ငါလေကွာ"

"ဟင် ... မင်း ... မင်းဝံနော်"

"ဟုတ်ပါတယ်ကွ ... သရဲတစ္ဆေ မဟုတ်ပါဘူး။ ငါ မင်းဝံပေါ့ပါ"

"တံခါးဖွင့်ပေးလိုက်"

အစောင့်လူရွယ်က ချက်ချင်းတံခါးဖွင့်ပေးလိုက်၏။ ဦးတောင်လုံးကျော်နှင့် ဦးမင်းဝံတို့သည် ခြံထဲမှာ တစ်ဦးကိုတစ်ဦး ပွေ့ဖက်၍ ဝမ်းသာအားရ နှုတ်ဆက်ကြ၏။

မကြာမီ နှစ်ထပ်အိမ်ကြီးအတွင်းသို့ ရောက်သွားခဲ့၏။

အခန်းအတွင်းရှိ ရုပ်ဝတ္ထုပစ္စည်းအကောင်းစားများကိုကြည့်၍ ယောဂီဝတ်နှင့် ဦးမင်းဝံ အံ့သြနေ၏။

"ငါက မင်းကို ကျောက်နွားသိုးတောင်တိုက်ပွဲမှာ ကျသွားပြီလို့ ယူဆခဲ့တာ"

ဦးမင်းဝံ၏မျက်နှာကို ကြည့်ပြီး ပြောလိုက်၏။

"အခု မသေလို့ တွေ့ပြီကွာ။ အဟင်း ... ဟင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းပုံစံက တော်တော်ဖောက်ပြန်သွားတယ်နော်"

ဦးတောင်လုံးကျော်က ယောဂီအဝတ်နှင့် ဦးမင်းဝံကို နောက်တစ်ကြိမ်ကြည့်ပြီး ဝေဖန်လိုက်၏။

"ဖောက်ပြန်တာမဟုတ်ဘူး တောင်လုံးကျော်။ ငါ အစစ်အမှန်ကို သွားတွေ့ခဲ့တာ"

"အဓိပ္ပာယ်မရှိတာကွာ"

"အေးလေ ... တစ်နေ့ကျရင် ငြိမ်းချမ်းတဲ့ ငါ့အစစ်အမှန်ကို မင်း ထိသိခံစား နားလည်လာပါလိမ့်မယ်လို့ မျှော်လင့်ပါတယ်ကွာ။ လက်စသတ်တော့ မင်းက လူသာပြောင်းတာ ရင်ထဲမှာ မူမပြောင်းသေးဘူးကိုး။ အင်း ... အတ္တ ... အတ္တ။ အဲဒါ အဓိဋ္ဌာပဲ"

"နေပါဦး ... ဘိုးတော်။ မင်းက ယောဂီဝတ်စုံနဲ့ ဘာနဲ့ ဘာလဲ ... ခွင်ရျက်တာလား။ ဟား ... ဟား ... ဟား ... ဒီလိုမျိုးနဲ့ ငါ့ကိုတော့ ခွင်မရျက်နဲ့။ မရဘူးကိုယ့်လူ။ ဟား ... ဟား ... ဟား"

"သိပါတယ် တောင်လုံးကျော်ရာ။ မြဝက အလှူခံခြင်းသည်းခံပါ ဆိုင်းဘုတ်ကိုမြင်ကတည်းက မင်းဘယ်လိုလူလဲဆိုတာကို ငါသိပါတယ်"

"လုပ်ပါဦး ... မင်းဝံ။ အခု ဘာကိစ္စနဲ့ လာခဲ့တာလဲ"

"မင်းတို့မိသားစု ဒီအရပ်မှာ ကြီးပွားနေတယ် ကြားလို့ပါ"

"အလှူမခံနဲ့နော်။ လုံးဝ သောမိုးပဲ"

"စိတ်ချပါ ... အလှူလည်းမခံဘူး။ မင်းကျွေးမယ့် အစားအစာမုန့်သမျှ ရေကအစ ငါမသောက်ပါဘူး သူငယ်ချင်း။ မင်းအကြောင်းတွေ ငါအကုန်ကြားရပါတယ် တောင်လုံးကျော်"

"ဘာလဲကွ"





"မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတာကို မင်းယုံကြည်သလားဟင်"

"ကိုယ်လုပ်မှ ကိုယ်စားရတာပါကွာ"

"မင်းလက်မခံပေမယ့် နားထောင်ပါ သူငယ်ချင်း။ ဒီတရားလေးပါးက မင်းတို့၊ ငါတို့ ဝေဖန်၊ အပုပ်ချ၊ ကဲ့ရဲ့ခဲ့ဖူးတဲ့ ရှင်တော်ဂေါတမဟောခဲ့တဲ့ ဗြဟ္မစိုရ်တရားလေးပါးပဲ။ ငါလည်း မင်းလိုပါပဲ။ ရုပ်ကြမ်းဝါဒီဘဝနဲ့ ခရိုကြမ်းကို ဖြတ်သန်းစဉ်က ဒီတရားလေးပါးကို လုံးဝလက်မခံခဲ့ပါဘူး။ ကျောက်စွာသိုးတောင်ပေါ်ကနေ ကျည်သင့်ပြီး တောင်အောက်ကိုထိုးကျသွားတော့ သွေးသံရဲရဲနဲ့ ထလို့မရခဲ့ဘူး။ ဒီအချိန်မှာ ရဟန်းပုဂ္ဂိုလ်တစ်ဦးက ငါ့ကိုကယ်တင်ပြီး သူ့ရဲ့ဝါးကျောင်းသခ်န်းလေးမှာ ဆေးဝါးကုသ၊ အစာရေစာပေးခဲ့တယ်။ ငါကျန်းမာလာတော့ ခါးကြားကသေနတ်ကို တောင်ချိုင့်ထဲလွှင့်ပစ်လိုက်ပြီး သူ့အဆုံးအမအောက်မှာ လေ့လာသူဘဝနဲ့ နေခဲ့တယ်။ အဲဒီရဟန်းပုဂ္ဂိုလ်ဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရား ကြီးမားလှတယ် တောင်လုံးကျော်။ ဘယ်လောက်ထိ သူ့မေတ္တာကျင့်စဉ်ရှမ်းသလဲ ... သိလား"

"မင်းရဲ့ လုပ်ကြံပုံပြင်ပဲကွာ။ ငါ့ကလေးတွေ အမျှင်းပြေနားထောင်ရတာပေါ့။ ပြောပါ"

ကလေးများက လူထူးဆန်းကြီး ဦးမင်းဝံအစ်ကားမှာ အာရုံစိုက်နေကြသည်။

"အဲဒီ တောကျောင်းရဟန်းအိုကြီးရဲ့ဝန်းကျင်မှာ ကျားနဲ့ ကျားသစ်တွေ ငုတ်တုတ်ထိုင်နေတာ ငါ့မျက်မြင်ပဲ"

"အဲဒီဘုန်းကြီးကြီးကို မကိုက်ဘူးလား ဘကြီး ... မင်း"

အကြီးကောင်လေးက မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . မကိုက်ဘူး။ ကြောင်ပေါက်စကလေးလို ငြိမ်နေတာဝဲ"

"ဘကြီးကိုရော မကိုက်ဘူးလား"

မညိုမြလေးကလည်း ဝင်၍မေးလိုက်၏။

"ဘကြီးကိုလည်း မကိုက်ဘူး။ စိုက်ကြည့်နေတယ်။ အသည်းယားစရာ ကောင်းလိုက်တာကွာ။ ဒါနဲ့ ငါက မေးရော၊ အရှင်ဘုရား ဇီသားရိုင်းကြီးတွေ အရှင်ဘုရားဝန်းကျင်မှာ ဘာကြောင့် ဒီလိုနေကြပါသလဲခင်ဗျာလို့မေးရော ဘာပြောလဲ . . . သိလား။ မေတ္တာကြောင့်ပါတဲ့။ သတ္တဝါအားလုံးအပေါ် ညှဉ်းပန်းနှိပ်စက် သေစေလို၊ ဒုက္ခရောက်စေလိုသော အမုန်းမရှိဘဲ ကျန်းမာ၊ ချမ်းသာ၊ အေးချမ်းစေလိုသော မေတ္တာပို့လွှတ်မှုကြောင့် ဒီလို သားရဲ သားရိုင်းများက သူ့ကို အန္တရာယ်လုံးဝမပြုတာပါပဲတဲ့။ ဒါနဲ့ ငါကမေးရော။ ကျွန်တော်တို့ရော အဲဒီလို ကျင့်ရင်ရမလားဘုရားလို့မေးတော့ . . . ရတယ်၊ ကိုယ်တိုင်ကျင့်ကြံ ပွား များကြည့်ပါတဲ့"

"မင်းက ရှုကြောင်ကြောင်နဲ့ လုပ်ရောလား။ အဟတ် . ."

"ငါက ရှုကြောင်ကြောင်နဲ့ လုပ်တာမဟုတ်ဘူး။ သေချင်းဆိုးနဲ့သေရမယ့်ဘေးက လွတ်မြောက်ခြင်းအကြောင်းကို မှုအမြင်နဲ့ကြားနာရပြီးနောက်ပိုင်း၊ မျက်စိအောက်မှာ ကိုယ်တိုင်မြင်နေရတဲ့ ဆန်းကြယ်မှုကို ဟုတ်၊ မဟုတ် သိချင်လို့ စမ်းသပ်ခဲ့လိုက်တာ"

"လုပ်ပါဦး . . . ကြွားကြီးရား၊ ဘယ်လိုစမ်းခဲ့တာတုံးကွ။ ပြောပါဦးဟ . . . အဟတ် . . ."

"ပထမ မှုဒ္ဒါ ဓမ္မ သံယံကို အာရုံပြုရတယ်။ ငါတို့ငယ်ငယ်တုန်းကရွတ်ခဲ့ရတဲ့ သရဏဂုံကို ရွတ်ဆိုပွားများရတယ်။ ဒီနောက် ရဟန်း





ကြီးက ငါ့ကို မေတ္တာကမ္မဋ္ဌာန်းပွားနည်း သင်ပေးခဲ့တယ်။ အရမ်းကို သြစရာကောင်းတယ်ကွာ . . . တောင်လုံးကျော်ရာ။ တစ်နှစ်မျှ ညှိမိတွင်း ငါနေ့ဘေးမှာ ကျားရော၊ ကျားသစ်ရော လာအိပ်နေတယ်ကွာ"

"ဟား . . . ဟား . . . ဟား . . ."

"အဟီး . . . ဟီး . . . ဟီး . . ."

စကားဆုံးတော့ ဦးတောင်လုံးကျော်က ဟက်ဟက်ပက်ပက် ဟာဟစ်၍ ရယ်လိုက်သည်။

"မင်း . . . ငါ့ကိုလှောင်တာလား တောင်လုံးကျော်"

"ရယ်ရတယ်ကွာ။ ဘာလဲ . . . မင်းဝဲ။ မင်းက ငါတို့မိသားစုကို လာပြီးအယုံသွင်းနေတာလား။ ဟုတ်သား။ ဟား . . . ဟား . . . ဟား။ လူသားစားကျားက မင်းအနားမှာ လာအိပ်နေရတယ်လို့ကွာ။ ဟား . . . ဟား . . . ဟား . . ."

ဦးတောင်လုံးကျော်က သို့ကလို လှောင်ပြောင်ရယ်မောတော့ ဒေါ်နှင်း မမြယာကလည်း စိုက်ကိုနှိပ်၍ ရယ်တော့၏။

"အင်း . . . မင်းက မေတ္တာရဲ့ကျင့်စဉ် အစွမ်းသတ္တိအာနိသင်ကို မယုံဘူးကိုး"

"လက်တွေ့စမ်းလို့ ရမလားကွ မင်းဝဲ"

"မင်းဘယ်လိုစမ်းချင်လို့လဲ"

"ငါ့အိမ်ခြံထဲမှာ အင်းခွေးနက်ကြီးသုံးကောင်ရှိတယ်။ ခြံစောင့်ထားရတယ်။ ညဘက်မှ လွှတ်ရတယ်လေ။ ဒီကောင်တွေက မင်းလိုသူစိမ်းမျိုးဆိုရင် အရမ်းကိုက်ချင်၊ ဖဲချင်၊ စားချင်ပေါ့ကွာ။ ငါ သူတို့သုံးကောင်နဲ့ မင်းကို မျက်နှာချင်းဆိုင်ပေးလိုက်မယ်။ ဘယ့်နှဲ . . ."

"ခက်ပါလား တောင်လုံးကျော်"



www.burmeseclassic.com

www.burmeseclassic.com



"ငါကလည်း လက်တွေ့သမားလေ။ မင်းဝံ ... ဘယ်နဲ့ .."

"အေးလေ ... မင်းက လက်တွေ့မြင်ရမှ ယုံမယ်ဆိုတော့ စမ်းပေါ့"

"ကောင်းပါ့ကွယ်။ မင်းကို ငါအသေမကိုက်ခိုင်းပါဘူးကွာ။ မင်းမေတ္တာကို မှတ်ကျောက်တင်ကြည့်ချင်လို့ပါ။ မင်းတို့က ပိုလွန်း ကားလွန်း၊ ကြွားလွန်းကြွလွန်းလို့ပါ။ ဒဏ်ရာရရုံလေးပါ။ ငါဆေးကုပေးပါ့မယ်။ လာ ... သွားစို့"

"ကိုကျော် ..."

"ဘာတုံး ... မိန်းမ"

"သူရူးကြောင်ကြောင်ပြောတိုင်း လျှောက်မလုပ်နဲ့။ မည်းလုံးတို့သုံးကောင်နဲ့တွေ့ရင် အရိုးတခြား၊ အသားတခြား ဖြစ်သွားမယ်"

"နည်းနည်းပါးပါး ဟန့်ရုံပါကွာ မိန်းမရာ။ အဟတ် ...။ လာပေါ့ ... မင်းဝံ"

သို့နှင့် သူတို့အားလုံး အိမ်ရှေ့သို့ထွက်လာခဲ့ကြသည်။ မကြာခင် မကြာခင် ခွေးလှောင်အိမ်ရှေ့သို့ ရောက်ခဲ့ကြ၏။ အင်းခွေးနက်ကြီး သုံးကောင်သည် လူစိမ်းဖြစ်သူ ဦးမင်းဝံကိုမြင်သော် ဒေါသတကြီးဟိန်း၍ ဟောင်ကြ၏။ လှောင်အိမ်ထဲ၌ ဝုန်းဒိုင်းကြဲနေ၏။

"ဘယ့်နှယ် ... မြင်ပြီလား မင်းဝံ"

"မြင်ပါတယ် တောင်လုံးကျော်"

"တစ်ကောင်ပဲ ငါလွှတ်ပေးလိုက်မယ်"

"မင်းမလွှတ်ခင် ငါ သူတို့ကို မေတ္တာပို့ပါရစေကွာ"

"မေတ္တာပဲပို့ပို့၊ မေတ္တာမဲအကြေးပေးပေး ... ကြိုက်သလို လုပ်"





"ကောင်းပြီ ... ခဏငေယ်"

ဦးမင်းဝံက အင်းခွေးလှောင်အိမ်သုံးလုံးရှေ့တွင်ရပ်၍ ခွေးများကိုစိုက်ကြည့်ပြီး ငါးမိနစ်ခန့် မေတ္တာပို့လိုက်၏။

ခွေးကြီးများ၏ ဟောင်သံ၊ ဟိန်းသံကြောင့် မြို့ထဲမှ အလုပ်သမားများ၊ ထမင်းချက်၊ အိမ်ဖော်များ ပြေးထွက် ဝိုင်းအုံလာကြည့်ကြ၏။

ဦးမင်းဝံသည် ခွေးလှောင်အိမ်ကိုကြည့်၍ မေတ္တာပို့ပြီးနောက် လက်ဝါးနှင့် သုံးချက်စီပုတ်လိုက်၏။ ပြီး ... ငါးတစ်ပြန်ခန့်အကွာမှာ ရပ်နေလိုက်၏။

လက်ဝါးနှစ်ခုကိုယှက်၍ ရင်ဘတ်မှာကပ်ထား၍င်းမှ ...

"တောင်လုံးကျော် ... လွှတ်လိုက်တော့"

"ဝုန်း ... ဝေါင်း ..."

တောင်လုံးကျော်က ပထမဦးတံခါးကို ဖွင့်လိုက်သည်နှင့် ခါးစောင်းခန့်ရှိသော အင်းခွေးနက်ကြီးသည် ရှန်းကနဲခုန်ယှက်ပြီး ဦးမင်းဝံရှိရာသို့ တစ်ဟုန်ထိုး ပြေးသွား၏။ အားလုံး၏ ကြောက်လန့်တကြားအော်ဟစ်သံများ စီစီညံသွားသည်။

ခန့်အုပ်မလိုလုပ်လိုက်သော ခွေးနက်ကြီးသည် မေတ္တာရှင် ဦးမင်းဝံရှေ့သို့ရောက်သောအခါ ဦးမင်းဝံ၏မျက်နှာကို မော့ကြည့်ပြီး တုံ့ခနဲရပ်သွား၏။

ငင်းနောက် တဖြည်းဖြည်း မျက်နှာအောက်ချပြီး ဦးမင်းဝံရှေ့တွင် လေးဖက်ထပ်၍ တအီအီနှင့် အမြီးလှုပ်လို့ အသံပြုနေသည်ကို မြင်ရသောအခါ အားလုံး အံ့သြ၍သွားကြသည်။

သည်မှာပဲ ဦးတောင်လုံးကျော်က ဒုတိယမြောက်ခွေးနက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို လွှတ်လိုက်၏။ ဒုတိယမြောက်ခွေးနက်ကြီးသည် ခြံထဲမှ ဝေါင်းခနဲ အော်ဟစ်ပြီး ပြေးထွက်သွား၏။ ၎င်းနောက် ဝပ်နေသည့် ပထမခွေးနက်ကြီးနံဘေးတွင် ချက်ချင်းဝပ်ချပြီး ပထမခွေးနည်းတူ ဦးမင်းဝံကိုကြည့်၍ တအိအိနှင့် အမြီးလှုပ်နေပြန်၏။

ခြံထဲရှိလူများ အံ့ဩနေချိန်မှာပဲ ...

ဦးတောင်လုံးကျော်သည် တတိယမြောက်ခွေးနက်ကြီးကို မြို့ပွင့်၍ လွှတ်လိုက်၏။ ၎င်းခွေးနက်ကြီးသည် အရပ်လည်း လူ့ခါးစောင်းမကမြင့်၏။ အစွယ်လည်း ချွန်မြနေ၏။ အကိုက်၊ အသတ်အပုတ်လည်း ကျွမ်းကျင်လှ၏။ ဦးတောင်လုံးကျော်အမဲလိုက်သွားလျှင် နောက်တော်ပါး ရှေ့တော်ပါးမှ တစ်ဖဝါးမကွာ အားကိုးရသည့် အမဲလိုက်ခွေးဆိုးခွေးကြမ်းကြီးဖြစ်သည်။ သားကောင်မှန်လျှင် ဘာကောင်မှ လွတ်ရိုးထုံးစံမရှိ၊ သခင့်အလိုကျ ကြမ်းကြုတ်ရက်စက်၏။

"ဝုန်း ..."

"ဝေါင်း ..."

"ကိုက် ... ကိုက် ... ရန်လုံ ... အုပ်ထည့်လိုက်"

"ဂရိုး ... ဝေါင်း ..."

"ဟာ ... ဟာ ..."

"အမလေး ... သေတော့မှာပဲ"

တတိယမြောက်ခွေးကြမ်းကြီးသည် ဝုန်းခနဲ မာန်ဖီပြေးထွက်လာပြီး ရပ်နေသည့်၊ မေတ္တာပို့လွှတ်နေသည့် လူထူးဆန်းဦးမင်းဝံကို လှည့်ပတ်ခြောင်းကာ ကြောက်စရာအသံကြီးနှင့် ဟိန်းနေ၏။

ကြည့်နေကြသူများ ရင်တမမ၊ အသည်းတယားယား။

ခွေးကြမ်းကြီးသည် ပြေးခွဲမလိုလုပ်၏။ ခုန်အုပ်မလို လုပ်နေ





၏။

မတ်တတ်ရပ်၍ ဟိန်း၏။ အတန်ကြာ သို့ကာလို ကြောက်မက်ဖွယ်အပြုအမူများကို ပြုပြီးနောက် ခွေးကြမ်းကြီး ငိုင်သွားသည်။ ကြောင်မော၍ ငိုင်ကြည့်နေသည်။

မကြာခင် ဒေါသများပြေကျပြီး စောစောက ခွေးနှစ်ကောင်အနီးမှာ လေးဖက်ချဝပ်၍ ဦးမင်းဝံ၏မျက်နှာကိုသာ မော့ကြည့်နေကြ၏။

ပိတိ ... ခွေးပေါက်စနလေးများလို၊

ကြောင်ပေါက်စလေးများလို။

"ဟင် ..."

"ဟာ ..."

"ဆန်းလှချည်လား ဆရာကြီး"

"ဆရာကတော် ... အံ့ဩစရာကောင်းလိုက်တာတော်"

သည်မှာ မေတ္တာရှင်ဦးမင်းဝံက ခွေးသုံးကောင်ရှေ့သို့ တိုးလာပြီး ဦးခေါင်းများကို ညာလက်ဖဝါးနှင့် ပွတ်သပ်လိုက်သောအခါ ခွေးဆိုးခွေးကြမ်းကြီးသုံးကောင်သည် ဦးမင်းဝံ၏ခြေဖမိုးကို လျှာနှင့်လျက်ပြီး အမြီးမျှော်ရှင်နေသည်ကို ထူးဆန်းအံ့ဖွယ် မြင်လိုက်ရလေသည်၊

ဦးတောင်လုံးကျော်တို့လင်မယား အံ့ဩလွန်း၍ စကားမြန်မပြောနိုင်၊

သည်မှာပဲ ဦးမင်းဝံသည် မည်သူ့ကိုမှနှုတ်မဆက်ဘဲ ခြံထဲမှ တရွေ့ရွေ့ ထွက်ခွာ၍သွားသောအခါ ...

ခွေးကြမ်းကြီးသုံးကောင်သည် ဦးမင်းဝံသွားရာကိုကြည့်ပြီး ငိုကြွေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ဦးတောင်လုံးကျော်တို့အိမ်ဘက် ဖြိုင်တူလှည့်ကြည့်ပြီး အူကြတော့၏။

အူကြပုံကား ...မကြာခင် တစ်ခုခုဖြစ်တော့မည့် အတိတ်နိမိတ်ဆိုးကိုပြသကဲ့သို့ အူနေကြရကား အိမ်သူအိမ်သားများ၊ အလုပ်သမားများ ကြက်သီးဖြန်းဖြန်းထ၍ သွားခဲ့ကြလေသည်။

## (၄)

မိုးတွေက ဖြိုင်ဖြိုင်ရွာနေတယ်။

"ဆရာကြီး ..."

"ဘာလဲ ... ထေိန်"

"စပါးကျီအောက်မှာ ဘယ်ကခွေးမလဲ မသိဘူး။ သားလာပေါက်နေတယ်"

"ဟာ ... ရှုပ်ရှုပ်ယှက်ယှက်ကွာ"

"ခွေးကလေးတွေက ချစ်စရာလေးတွေဗျ"

"တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ဦးတောင်လုံးကျော် ထီးဆောင်း၍ စပါးကျီကြီးရှိရာသို့ လာကြည့်လိုက်၏။ ခွေးသားပေါက်များအနီးမှာ သူ့သမီး မညိုမြကို တွေ့ရ၏။ မညိုမြသည် ခွေးပေါက်လေးများကိုကိုင်ကြည့်ပြီး အလွန်ပီတိဖြစ်နေလေ၏။

"ဟဲ့ . . . သမီး"

"ရှင် . . . ဒက်ဒီ"

"ဖယ်စမ်း"

"ဒက်ဒီ ဘာလုပ်မလို့လဲဟင်"

"ဟော့ကောင် . . . ထိန်"

"ခင်ဗျာ . . . ဆရာကြီး"

"ဒီခွေးအားလုံးကို နောက်ဖေးလမ်းကြား လွှင့်ပစ်လိုက်"

"ဗျာ . . ."

"အဖေ . . . အဖေ . . ."

"ငါပြောနေတယ်လေကွာ။ လုပ်စမ်း မြန်မြန်"

"ဟုတ် . . . ဟုတ်ကဲ့ ဆရာကြီး"

ထိန်က ခွေးပေါက်စလေးများကိုယူ၍ နောက်ဖေးလမ်းကြားသို့ သွားလွှင့်ပစ်လိုက်၏။ ခွေးမကြီးက အနားမှာမရှိ။ ခွေးလေးခြောက်ကောင် မိုးရွာနေသည့် နောက်ဖေးလမ်းကြားသို့ ရောက်သွားသည်။

"ဒက်ဒီ . . . သနားပါတယ် ဒက်ဒီရယ်။ မ . . . မလုပ်ပါနဲ့ ဒက်ဒီရယ်။ နော် . . . နော် . . ."

"အိမ်က အင်းခွေးတွေတွေ့ရင် ကိုက်သတ်မှာပဲ သမီး။ ဒါက ခွေးလေခွေးလွင့်တွေ"

"သမီး ခွေးလေးတွေကို ချစ်လို့ သနားလို့ပါ ဒက်ဒီရယ်"



BURMESE CLASSIC .com



"သမီးလိုချင်ရင် တယ်ရီယာခွေး ဒက်ဒီဝယ်ပေးမယ်။ သွားတော့"

မညိုမြ မျက်ရည်ဝဲဝဲနှင့် ကြည့်နေဆဲမှာပင် ခွေးပေါက်စလေးခြောက်ကောင်သည် မိုးရွာနေသည့် နောက်ဖေးလမ်းကြားသို့ ရောက်သွားခဲ့၏။

သူမ အိမ်အပေါ်ထပ် ပြတင်းပေါက်ကနေ လှမ်းမျှော်ငုံ့ကြည့်လိုက်သောအခါ ခွေးလေးများမှာ ရေအိုင်တစ်ခုထဲတွင် သေသလိုဖြစ်နေကြ၏။ သည်မှာ မိခင်ခွေးမကြီး အပြေးရောက်လာပြီး ခွေးသေလေးများကို နမ်း၍၊ လျက်၍ ငိုနေ၏။ ခွေးမကြီးသည် ခွေးသေလေးများကို ပါးစပ်နှင့်ကိုက်ချီပြီး နောက်ဖေးလမ်းကြား သစ်ပင်အောက်သို့ သယ်သွားသည်ကို မညိုမြနောက်ဆုံးတွေ့လိုက်ရပြီး . . .

လက်အုပ်ချီကာ ခွေးလေးများ အသက်ရှင်၊ ကျန်းမာချမ်းသာပါစေဟု မျက်ရည်ဝဲဝဲနှင့် ဆုတောင်းလိုက်ရပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၇)

❑

မညိုမြဆုတောင်းကား အားလုံးမပြည့်သော်လည်း ခွေးလေးခြောက်ကောင်အနက် တစ်ကောင်အသက်ရှင်ခဲ့သည်ကို သိရ၏။ ၎င်းခွေးလေးက သူမကိုင်ကြည့်ခဲ့သည့် ခွေးအဖြူစက်ပြောက်ကလေး ဖြစ်၏။

၎င်းခွေးလေးကို နောက်ဖေးမှာနေသည့် ပဲပြုတ်သည်မကြီးအိမ်မှာ မြင်ရသောအခါ သူမ ဝမ်းသာသွားခဲ့ရလေသည်။

တစ်နေ့ ...

သူမအပါအဝင် ဒက်ဒီတို့မိသားစုအားလုံး လပွတ္တာမြို့မှရန်ကုန်သို့ စက်လှေစီး၍ ခရီးသွားခဲ့ကြ၏။ ရန်ကုန်တွင် ဆွေမျိုးသားချင်းများရှိ၍ အလည်သွားကြခြင်းသာ။





ရန်ကုန်မသွားခင် နှစ်ရက်အလိုမှာ လူတစ်ယောက်က ဦးတောင်လုံးကျော်ကိုမေး၍ စာတစ်စောင်လာပေးသွား၏။

စာကိုဖွင့်ဖတ်လိုက်သောအခါ ...

တောင်လုံးကျော် ...

မင်းတို့မိသားစု ရန်ကုန်သွားမလို့ဆို။ သောကြာနေ့ ခရီးမထွက်ပါနဲ့။ တနင်္လာနေ့မှ ခရီးသွားပါ။ ငါပြောတဲ့အတိုင်း ဆောင်ရွက်ပါ”

မင်းဝံ

“ဖွီး ... အရူးက တစ်မျိုးဗျာ”

ဦးတိုင်းလုံးကျော် စာရွက်ကိုခြေမွ၍ လွှင့်ပစ်လိုက်သည်။ နက်ဖြန်ခါ သောကြာနေ့မှာ သူတို့ခရီးသွားကြမှာ။

အရေးထဲ ဝိဇ္ဇာလိုလို၊ ဘိုးတော်လိုလို၊ မေတ္တာရှင်လူထူးဆန်းသိုလို ဂယောင်က အကြောင်းကြောင်းစာများရေး၍ ပေးသဖြင့် စိတ်တိုရသေး၏။

နောက်တစ်ခါတွေ့လျှင် မိမိတို့မိသားစုနှင့် လုံးဝအဆက်အသွယ်မလုပ်ဖို့ ပြောကိုပြောရမည်။ ကြာလျှင် မိမိမိသားစုဝင်များအားလုံး စိတ်ဓာတ်ပြောင်းလဲသွားနိုင်သည်။

သောကြာနေ့နံနက်မှာ သူတို့ လပွတ္တာ–ရန်ကုန်သွား ကိုယ်ပိုင်စက်လှေကိုစီး၍ ခရီးထွက်ခဲ့ကြသည်။ ရန်ကုန်သို့ဝင်ခါနီးမှာ လေပြင်းများကျရောက်၍ လှိုင်းကြီးခြင်းကို မမျှော်လင့်ဘဲ ကြုံတွေ့ရတော့သည်။

စက်လှေသည် လေပြင်းနှင့်လှိုင်းလုံးဒဏ်ကြောင့် ထိန်းမရဘဲ တော်ပါ ရုတ်ခြည်းတိုးရုပ်သွားရကား လှိုင်းလုံးကြီးများကြား ဥဒဟိုမျောနေ၏။

ကလေးနှင့်မိန်းမများက အလန့်တကြား အော်ဟစ်ငိုကြ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးတောင်လုံးကျော် ကလေးများကိုဖက်၍ ရေငုံ၊ မိုးလုံရောက်နေသည်။ မိုးကြီး မှောင်ကျလာသည်။ မညိုမြကာ ဘုရားကို တ,သည်။ ဦးမင်းဝံကို တ,သည်။

အလန့်တကြား အော်ဟစ်ငိုယိုနေသည့်ကြားမှ လှိုင်းလုံးကြီးတစ်လုံးသည် စက်လှေလေးကို ငုံ၍ မျိုချလိုက်သည်။

စက်လှေ လှိုင်းလုံးအောက်မှာပိဝင်ပြီး ရေအောက်သို့ ရောက်သွားခဲ့သည်။ ရေပြင်ပေါ်မှာ ကုန်ပစ္စည်းများနှင့် သေတ္တာများ စုန်ဆန်မျောနေ၏။ လူအချို့ ရရာပစ္စည်းကိုဖက်၍ ကူးနေကြ၏။

နာရီဝက်ခန့်ကြာမှ မိုးရော၊ လေရော ငြိမ်ကျသွားသည်။

မညိုမြလေး မော်တော်ကားတာယာကိုဖက်ရင်း လှိုင်းလေရေစီးကြားမှာ မျောပါနေသည်။ သူမ ဘုရားကို တတွတ်တွတ်တ,သည်။ ပါးစပ်မှလည်း အားလုံးကျန်းမာပါစေ၊ ချမ်းသာပါစေဟု တတ်သမျှအသိနှင့် မေတ္တာပို့သည်။ သူမ ကမ်းသို့မျောပါနေရင်းက ကားတာယာကိုဖက်ရင်း ကြောက်လန့်၍ သတိလစ်ချင်သလို ဖြစ်နေသည်။ ယားငံရေများဝင်၍ မျက်လုံးနှစ်လုံး ကျိန်းစပ်နေသည်။ အမြင်အားလုံး ဝိုးဝါးဝေဝါးဖြစ်နေစဉ် လှေတစ်စင်း သူမရှိရာ အပြင်းလှော်လာနေသည်ကို မြင်ရသည်။

လှေပေါ်မှာ ဝါးခမောက်ကြီးဆောင်းထားသည့် လူတစ်ဦးကိုတွေ့ရသည်။ သည်မှာ သူမ အားအင်များကုန်ခန်းသလိုဖြစ်ပြီး ဖက်ထားသည့် ကားတာယာပေါ် ခေါင်းငိုက်စိုက်ကျရင်း မေ့မြောသတိလစ်သွားခဲ့ရလေသည်။

(၆)

"အဲဒီနေ့က အဖြစ်ဆိုးကြောင့် ဦးတောင်လုံးကျော်ရဲ့ မိသားစုဝင်ခြောက်ဦးအနက် ငါးဦးနဲ့ စက်လှေအဖွဲ့သားများအားလုံး ရေအောက်မှာ အသက်ဆုံးရှုံးခဲ့ရတယ် သားရဲ့"

ယောဂီအမေကြီး ဒေါ်ချစ်စရာသောင်းက စကားပြောရင်း ခဏရပ်လိုက်၏။

"ဘယ်သူအသက်ရှင်သလဲအမေ ...ဟင်"

"မညိုမြလေးပဲ တံငါလှေသမား ကယ်လိုက်လို့ အသက်ရှင်ခဲ့ရတယ်"

"သြော် ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"နောင်အခါ မညိုမြဟာ ရတနာသုံးပါးကြည်ညိုသူ ဗုဒ္ဓဘာသာဝင်စစ်စစ်တစ်ဦးဖြစ်ခဲ့ပြီး ကျွန်ရစ်ခဲ့တဲ့ အမွေပစ္စည်းများနဲ့ နေခဲ့တယ်။ ရသမျှအကျိုးစီးပွားကို သူ့မိဘများလို မတွန့်တိုဘဲ၊ ရှုပ်ကြွမ်းဝါဒမဆန်ဘဲ လှူဒါန်းပေးကမ်းခဲ့တယ်။ သူက မေတ္တာရဲ့စွမ်းအားကို ယုံကြည်တယ်။ တစ်နေ့ သူ့ထံကို ယောဂီကြီးဦးမင်းဝံဆိုသူ ရောက်လာခဲ့တာကိုး။ သူ့ရဲ့မေတ္တာအစွမ်းကို မြင်ဖူးတော့ ဦးမင်းဝံကို လေးစားယုံကြည်ခဲ့တယ်။ ဦးမင်းဝံရဲ့ အဆုံးအမ၊ နည်းပေးလမ်းညွှန်မှုနဲ့ ဗုဒ္ဓဘာသာဝင်ဖြစ်သွားခဲ့ရတယ်။

ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး မြတ်စွာဘုရားရဲ့ဖိုရ်ကြောနှင့်ပဲ လက်ကိုင်ထားပြီး ကမ္မဋ္ဌာန်းဝိပဿနာနဲ့ မွေ့လျော်ချိန်ရောက်မှ သံသရာဝဋ်ကြွေးနဲ့ ပစ္စုပ္ပန် ဝဋ်ကြွေးရဲ့ ကြောက်စရာကောင်းပုံကို နှလုံးသွင်းလာခဲ့မိတယ်။

သူမ စဉ်းစားတယ်။

သူ့အဖေက ခွေးငါးကောင်ကို မိုးရေထဲမှာ အသေဆိုးနဲ့သေရအောင် ရက်စက်ခဲ့တယ်။ ဒီအကုသိုလ်ကြွေးမှာဝဋ်ကြွေးကို သူတို့မိသားစုဝင်ငါးဦး ရန်ကုန်အဝင် မိုးသက်လေပြင်းလှိုင်းလုံးကြားမှာ အကြေပြန်ဆပ်ခဲ့ရတယ်။

ဒီလိုတရားအသိကို ရပြီး ...

သူ့အသက်ရှင်ခွင့်ရခဲ့တာ ခွေးလေးများမိသားစုအပေါ် ထားခဲ့တဲ့ မေတ္တာရဲ့ ရောင်ပြန်အကျိုးသက်ရောက်မှုလို့ အကြွင်းမဲ့ယုံကြည်ပြီး ယနေ့တိုင် မေတ္တာပွားများလို့ ကုသိုလ်ကောင်းမှုများ လုပ်နေဆဲပါသားရယ်။ သားတို့ မေတ္တာရဲ့စွမ်းအားကို ယုံကြည်ကိုးစားကြပါ သားတို့။ ဝဋ်ကြွေး တစ်ဖန် ပြန်ခံစားရမယ့် အကုသိုလ်အလုပ်ကို ရှောင်ကြပါနော်"

---

စိတ်ကူးသစ်စာပေ



တရားစခန်း ဆယ်ရက်ပြည့်ပြီးနောက် ကျွန်တော်တို့ စခန်းပိတ်ပွဲအပြီး အသီးသီး ကိုယ့်နေအိမ်ရှိရာသို့ ပြန်ခဲ့ကြရ၏။ အမေသောင်းလည်း ပြန်သွားခဲ့ပြီ။

သည်မှာ ကျွန်တော် ဘုန်းကြီးကျောင်းမှ ကပ္ပိယကြီးဦးအောင်ရွှင်နှင့် စကားပြောဖြစ်ကြသောအခါ ယောဂီကြီး အမေဒေါ်ချစ်စရာသောင်းအကြောင်းကို သိခဲ့ရလေ၏။

ကြည့်စမ်း ...

အမေဒေါ်ချစ်စရာသောင်းကား အခြားမဟုတ်ပါလေသား။

လက်စသတ်တော့ ...

အမေဒေါ်ချစ်စရာသောင်းကား ... ငယ်နာမည် မညိုမြ ခေါ် ဒေါ်ညိုမြ ဖြစ်နေသောကြောင့်တည်း။ ။

နတ်လှဦး